# ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊ စနေနေ့၊ (28-11-2015) (၈၃၉၈)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ လွတ်မြောက်ရေးနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် နိုဝင်ဘာ ၂၈**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ကျရောက်သော အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ၏ လွတ်မြောက်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘူဂျာ နီရှနီ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင်ကျရောက်သော အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ၏ လွတ်မြောက်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အက်ဒီရာမာ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ရိုးရာမပျက် မီးမျှောပူဇော်ပွဲ မဒေါက်မြို့၌ ဆင်နွှဲ

စာမျက်နှာ - ၈



မဒေါက်တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲကို စစ်တောင်းမြစ်အတွင်း ကျင်းပမှု မြင်ကွင်း။ (ဓာတ်ပုံ-ရာမည)

## ယနေ့ မာတိကာ


အများအကျိုးအတွက် တာဝန်ကျေ

စာမျက်နှာ - ၂

လူထုဒေါ်အမာ ရာပြည့်စာတမ်းဖတ်ပွဲ ပထမနေ့ ကျင်းပ

စာမျက်နှာ - ၃




ကြီးနိုင်ငယ်ညှဉ်း နှိပ်စက်ခြင်း ကင်းရှင်းကြပါစေ ဆူဒိုင်

စာမျက်နှာ - ၁၅

# ကုန်သည်လမ်းမပေါ်တွင် တန်ဖိုးသင့်ကွန်ဒိုတစ်လုံး ဆောက်လုပ်



တန်ဖိုးသင့်ကွန်ဒိုပုံစံငယ်ကို တွေ့ရစဉ်။

သတင်းနှင့်ဓာတ်ပုံ - (စိုးဝင်း-MLA)

**ရန်ကုန် နိုဝင်ဘာ ၂၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Moon Sun ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်း၍ လမ်း(၅၀)နှင့် (၅၁) လမ်းကြားရှိ ကုန်သည်လမ်းမပေါ်တွင် တန်ဖိုးသင့်ကွန်ဒိုတစ်လုံး တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုချက်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန Soil Test အထပ်မြင့်အဆောက်အအုံ(CQ+HP) ၏လမ်းညွှန်မှုတို့ဖြင့် ဘိုးပိုင်ဖြင့်ဆောက်လုပ်ထားသည့် အဆိုပါ Merchant Luxury ကွန်ဒိုအဆောက်အအုံ၏ အလျားမှာ ၁၁၄ ပေရှိပြီး အနံမှာ ၁၁၂ ပေ ကျယ်ဝန်းကာ ကွန်ဒိုအဆောက်အအုံ၏ မြေဧရိယာအနေအထားအရ အလျားပေ ၄၁၀ ရှိပြီး အနံမှာ ၁၃၂ ပေကျယ်ဝန်းကြောင်း သိရသည်။ Basement နှစ်ထပ်အပါအဝင်အထပ်ပေါင်း ၁၇ ထပ် ခွဲရှိမည်ဖြစ်ပြီး ပန့်ဟောက်စ် လေးလုံးပါဝင်မည်ဖြစ်သည်။

Merchant Luxury ကွန်ဒိုအဆောက်အအုံ၏ မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်နှင့် တတိယထပ်တို့တွင် ရုံးခန်းများအား စီမံထားရှိမည်ဖြစ်ပြီး စတုတ္ထထပ်တွင် ရေကူးကန်၊ ကော်ဖီဆိုင်၊ အားကစားလေ့ကျင့်ခန်း၊ Sauna၊ Bar & Restaurant နှင့် ယာဉ် ၈၂ စီးရပ်နားရန် ကားပါကင်တို့အား ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်သည်။

ငါးလွှာမှ ၁၄ လွှာထိ လူနေအိမ်ခန်းများဖြစ်ကြသော Apartment Floor တွင် လူနေအိမ်ခန်းများအဖြစ် ၁၇၈၆ စတုရန်းပေ မှ ၂၆၇၆ စတုရန်းပေ ရှိမည်ဖြစ်ပြီး အခန်းကျဉ်း၊ အခန်းကျယ်မျိုးစုံပါဝင်မည်ဖြစ်သည်။ အဆိုပါကွန်ဒိုအတွင်း လူဦးရေ ၁၃ ဦး စီးနင်းလိုက်ပါနိုင်သော အဆင့်မြင့် ခေတ်မီလုံခြုံရေးစနစ်များတပ်ဆင်ထားသည့် ခေတ်မီဓာတ်လှေကားသုံးစင်း ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်ပြီး **စာမျက်နှာ ၈ ကော်လံ ၄ သို့ ✳**




**ကြေးမုံ စာတည်းရှုထောင့်** **၂၈-၁၁-၂၀၁၅၊ စနေနေ့**

# အများအကျိုးအတွက်တာဝန်ကျေ

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏မဏ္ဍိုင်သုံးရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်လာစေရန် အသုံးစရိတ်များလိုအပ်သည်။ ထိုအသုံးစရိတ်များကို နိုင်ငံ့ဘဏ္ဍာမှ ကျခံသုံးစွဲသည်။ ထိုဘဏ္ဍာငွေကို အခွန်ပေးဆောင်ခြင်းမှ ရယူကြရသည်။ ထို့ကြောင့် အခွန်တာဝန်ကျေပွန်သော၊ အားကောင်းသောနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှု အားကောင်းသည်။ နိုင်ငံသားများကလည်း မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အခွန်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြသည်။

တိုင်းပြည်အတွက် မလုပ်မဖြစ်လုပ်ငန်းများကို လုပ်ဆောင်နိုင်ရန်၊ တစ်နိုင်ငံလုံးအတွက် အုပ်ချုပ်ရေး၊ လူမှုရေးနှင့် စီးပွားရေးစသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန် ရငွေများလိုအပ်သည်။ ထိုအသုံးစရိတ်အတွက် လိုအပ်သော ငွေကြေးများရရှိနိုင်ရန် ဥပဒေပြဋ္ဌာန်း၍ လူပုဂ္ဂိုလ်များနှင့် လုပ်ငန်းများထံမှ အစိုးရက အခွန်ကောက်ခံသည်။ ထို့ကြောင့် ပြည်သူ့ဘဏ္ဍာ၊ နိုင်ငံ့ဘဏ္ဍာဟု ခေါ်ဆိုကြသည်။

မြန်မာနိုင်ငံတွင် အခွန်ဟုဆိုလျှင် မိမိရငွေထဲမှပေးဆောင်ရခြင်းဖြစ်၍ ရှောင်ဖယ်ဖယ်ပြုလုပ်တတ်သည်။ အကြမ်းဖျင်းအားဖြင့် အစိုးရကို သက်သက်ပေးနေရသည်ဟု ထင်မြင်ကြသည်။ အမှန်တွင် ဝင်ငွေရလမ်းမရှိသော ကာကွယ်ရေး၊ လုံခြုံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေးစသည့်အကျိုးပြုလုပ်ငန်းများတွင် အသုံးပြုရန်ဖြစ်သည်။ အခွန်နည်းလျှင် ထိုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် မလွယ်ကူချေ။

အခွန်ကောက်ခံခြင်းသည် ဘဏ္ဍာငွေရရှိရုံသာမဟုတ်။ ငွေကြေးစီးဆင်းမှု၊ ငွေကြေးလည်ပတ်မှုမှန်ကန်ရေး၊ ငွေကြေးဖောင်းပွမှုလျော့နည်းရေး၊ ဝင်ငွေကွာဟမှုလျော့နည်းရေး၊ နိုင်ငံတော်က အကောင်အထည်ဖော်နေသော စီးပွားရေးစနစ်အောင်မြင်ရေးတို့ကို များစွာအထောက်အကူပြုသည်။ ဥပဒေနှင့်အညီ အစိုးရသို့ မဖြစ်မနေပေးဆောင်ရသော ငွေကြေးဖြစ်သည်။ အစိုးရအတွက် သာမန်ရငွေဖြစ်ထွန်းရာ အရေးအကြီးဆုံးဇာစ်မြစ်ဖြစ်သည်။

အခွန်ပေးဆောင်ရာတွင် သတ်မှတ်ထားသည့် ရငွေထက်ကျော်လွန်မှသာကောက်ခံထား၍ အခွန်တိမ်းရှောင်ရန်အကြောင်းမရှိချေ။ သတ်မှတ်ထားသော ရငွေထက်ကျော်လွန်သော်လည်း အခွန်ပေးဆောင်ရန်ပျက်ကွက်ပါက နိုင်ငံသားတာဝန်ပျက်ကွက်ပြီး ဥပဒေနှင့်ငြိစွန်းသည်။ အစိုးရက ပြည်သူပြည်သားများအကျိုးငှာ ကင်းလွတ်ခွင့်ပြုထားသော အခွန်အမြောက်အမြားရှိ၍ နိုင်ငံတော်၏ဘဏ္ဍာမထိခိုက်ရန်နှင့် ပြည်သူပြည်သားများ အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် သတ်မှတ်ထားသောအခွန်ငွေကို မဖြစ်မနေပေးဆောင်သင့်သည်။

ပြည်သူပြည်သားများအတွက် အခြေခံလိုအပ်သော မဖြစ်မနေသုံးစွဲရန်လိုအပ်သည့် ကောက်ပဲသီးနှံ၊ အစားအစာ၊ လူ့အသုံးအဆောင်၊ ကျန်းမာရေးပစ္စည်းများအတွက် အခွန်ကင်းလွတ်ခွင့်ပြုထားသည်။ ထို့အပြင် အိမ်ငှားရမ်းခြင်း၊ အများနှင့်သက်ဆိုင်သောလုပ်ငန်းများနှင့် တိရစ္ဆာန်ဆိုင်ရာလုပ်ငန်းများအတွက် အခွန်ကင်းလွတ်ခွင့်ပြုထားရာ အများပြည်သူအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ထားသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် အခွန်ကောက်ခံရရှိမှု လျော့နည်းခဲ့သော်လည်း ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ ခြောက်လပတ်အတွက် အခွန်ကောက်ခံရရှိမှု သတ်မှတ်လျာထားချက်ကျော်လွန်ပြီး ရာခိုင်နှုန်း ၁၁၆ ဒသမ ၂၈ ရာခိုင်နှုန်းရရှိနေပြီဖြစ်၍ နိုင်ငံအတွက်အလားအလာကောင်းသည်။ အခွန်ငွေကောက်ခံရာတွင်လည်း အဂတိတရားကင်းစွာ ကောက်ယူခြင်းဖြင့် နိုင်ငံတော်အပေါ် သစ္စာရှိသင့်သည်။ အခွန်ထမ်းရာမှာလည်း သက်သာမှုကိုရယူလိုသဖြင့် နှစ်ဦးနှစ်ဖက်အမှားမဖြစ်ဘဲ သစ္စာရှိရမည်။ နိုင်ငံ့တာဝန်ထမ်းဆောင်ကြသူများ အနေဖြင့်လည်း မိမိသုံးစွဲခွင့်ရသောငွေများသည် ပြည်သူလူထု ထည့်ဝင်ငွေများဖြစ်၍ စနစ်တကျဖြင့် ခြိုးခြံချွေတာသုံးစွဲသင့်သည်။

ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် ပြည်သူများအား ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ခြင်းမှာ အခွန်ငွေလုံလောက်အောင် ရရှိထားသောကြောင့်ဖြစ်သည်။ မိမိတို့အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ကြရာတွင် ကောင်းမွန်သောပုံဖော်မှုကိုဆောင်ရွက်နိုင်ရန်အတွက် အခွန်တာဝန်ကျေသော နိုင်ငံသားများ၊ ဘဏ္ဍာငွေကို ခြိုးခြံချွေတာသုံးစွဲနိုင်သူများဖြစ်အောင် ကြိုးပမ်းအားထုတ်သင့်သည်။ ။

## မရမ်းကုန်းမြို့နယ်၌ ဂျပန်စတိုင်ဟိုတယ်ဖွင့်

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီးတွင် လက်ရှိဟိုတယ်ပေါင်း ၃၂၁ လုံး၊ အခန်းပေါင်း ၁၅၃၂၁ခန်းရှိပြီး ရန်ကုန်လေဆိပ်မှ နိုင်ငံခြားသားဧည့်သည် ၃၀၀၀ကျော် နေ့စဉ်ဝင်ရောက်လျက်ရှိကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်ဖွင့်လှစ်နိုင်မှုနှင့်အတူ ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကလည်း ပိုမိုဝင်ရောက်လျက်ရှိရာ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ခေါ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဟိုတယ်ခရီးသွားလာရေးဝန်ကြီး ဦးစိုးမင်းက ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အမှတ် ၅၁-D ရှိ ရှင်ရဲထွန်း SUPER HOTEL ဖွင့်ပွဲ၌ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရှင်ရဲထွန်း SUPER HOTEL သည် BUSINESS HOTEL ဖြစ်ပြီး အထပ်ပေါင်း ၁၂ ထပ်ခွဲနှင့် အခန်းပေါင်း ၇၆ ခန်းဖြင့် ဖွဲ့စည်းထားသည်။ ထူးခြားမှုမှာ ဂျပန်ခလေ့ရိုးရာ ရေပူရေအေးကန်များ၊ ဂျပန်စတိုင် သီးသန့်ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ထားကြောင်းသိရသည်။

ဂျပန်သံရုံးမှ ဒုတိယသံအမတ်ကြီး Mr.MARUYAMA ICHIRO က ယခုလိုအရေးကြီးသည့် အချိန်ကာလတွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အစွမ်းကုန်မြှင့်တင်ပေးဖို့ ကြိုးစားဆောင်ရွက်နေသလို ဂျပန်-မြန်မာ ချစ်ကြည်ရေးကို ပိုမိုခိုင်မြဲလိုခြင်းကြောင့် ပါဝင်ခွင့်ရသည်ကို ဝမ်းသာပါကြောင်း၊ မကြာသေးမီက ကျင်းပခဲ့သည့် ရွေးကောက်ပွဲမှာ တရားမျှတစွာ ကျင်းပပေးခဲ့သည်ကို တွေ့မြင်ရ၍ ဂျပန်နိုင်ငံအနေဖြင့် ဂုဏ်ယူပါကြောင်း ပြောကြားခဲ့သည်။

ရှင်ရဲထွန်း ဥက္ကဋ္ဌ ဦးရဲထွန်းက "ဂျပန်ကုမ္ပဏီကြီးတွေက သီလဝါ အထူးစီးပွားရေးဇုန်ကို စိတ်ဝင်စားသလို ဂျပန်လုပ်ငန်းရှင်တွေကလည်း ဟိုတယ် အသေးစားလေးတွေ၊ စားသောက်ဆိုင်၊ ခရီးသွား၊ ဆောက်လုပ်ရေးလုပ်ငန်းတွေကို လာရောက်ရင်းနှီးမြှုပ်နှံချင်ကြတယ်။ ဒါကို ကျွန်တော်တို့က ပေါင်းကူးပေးမယ်"ဟု ဆိုသည်။

SUPER HOTEL Co.,Ltd. ဥက္ကဋ္ဌ Mr.Takao Yamamura က "ဂျပန်နိုင်ငံတွင် အဆိုပါ SUPER HOTEL ပေါင်း ၁၁၁ ခုရှိပြီး ပြည်ပတွင် လေးခုဖွင့်လှစ်ထားကြောင်း၊ အနာဂတ်တွင် မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးနိုင်သော်လည်း မြန်မာနိုင်ငံအကြောင်းကို ပိုမိုသိရှိစေရန် မီဒီယာများက လုပ်ဆောင်ပေးရန်လိုကြောင်းနှင့် ဖွံ့ဖြိုးမှုနှင့်အတူ စိမ်းလန်းစိုပြည်မှုကို ဆက်လက်ထိန်းသိမ်းရန်လိုကြောင်း" အကြံပြုပြောကြားသည်။



ပြီးခဲ့သည့် နှစ်များအတွင်း မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုနှုန်းမှာ ၂၀၁၁ ခုနှစ်တွင် ၈ ဒသမ ၁၈ သိန်း၊ ၂၀၁၂ ခုနှစ်တွင် ၁ ဒသမ ၀၅ သန်း၊ ၂၀၁၃ ခုနှစ်တွင် စံချိန်တင်သမိုင်းဝင်အဖြစ် နိုင်ငံတကာခရီးသွား ၂ ဒသမ ၀၄ သန်းအထိ ဝင်ရောက်မှုရှိခဲ့ပြီး တိုးတက်မှု ၉၃ ဒသမ ၀၄ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၈ သန်း ဝင်ရောက်ခဲ့ပြီး ယခုနှစ်အတွင်း ငါးသန်းကျော် ဝင်ရောက်နိုင်ရန် မျှော်မှန်းထားရာ စက်တင်ဘာလအထိ ၃ ဒသမ ၇သန်းကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း - ဒွေးအောင်**
**ဓာတ်ပုံ - ခင်မောင်ဝင်း**

## စွယ်တော်မြတ်စေတီ(ရန်ကုန်)၌ ဆည်းဆာတရားပွဲများ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဝရဒါဋ္ဌာဓာတု စေတိယစွယ်တော်မြတ်စေတီ (ရန်ကုန်)၏ အကြိမ် (၂၀) မြောက် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ်အဖြစ် တန်ဆောင်မုန်းလဆန်း ၂ ရက်မှ လဆုတ် ၆ ရက် (နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၂ ရက်) ထိ ငါးရက်တိုင်တိုင် စေတီတော်ရင်ပြင်အရှေ့ဘက်မုခ်၌ ညစဉ် ည ၇ နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။

ဆည်းဆာတရားပွဲများအနက် နိုဝင်ဘာ ၂၈ ရက်တွင် မရမ်းကုန်းမြို့နယ် ကလေးဝတောရစာသင်တိုက်ဆရာတော် ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသ၊ နိုဝင်ဘာ ၂၉ ရက်တွင် မရမ်းကုန်းမြို့နယ် ကန်ဦးဇေတဝန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာမိဘိဝံသ၊ နိုဝင်ဘာ ၃၀ ရက်တွင် ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ဆရာတော် တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ဒီဇင်ဘာ ၁ ရက်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်) နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ [ဘီအေ၊အမ်အေ (အိန္ဒိယ)၊ ပီအိပ်ချ်ဒီ(အိန္ဒိယ)] ဒေါက်တာ ဘဒ္ဒန္တအာဒိစ္စဝံသနှင့် ဒီဇင်ဘာ ၂ ရက်တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပရိယတ္တိမဟာဌာနပါမောက္ခ ဒေါက်တာဘဒ္ဒန္တအာစိဏ္ဏတို့က တရားဒေသနာတော်များကို ဟောကြားချီးမြှင့်တော်မူကြမည်ဖြစ်ရာ တရားတော်နာ ကြွရောက်ကြပါရန် စေတီတော်ဂေါပကအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **ကိုချစ်**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၂၇**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၇၄၇၅၀၀ - ၇၄၇၅၀၀၊ | မန္တလေး(ရွှေဈေး) | ၇၄၇၅၀၀ - ၇၄၇၅၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၈၀/၆၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၅၀/၇၇၀ ကျပ်၊ | ၈၅၀/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၅၇၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၀၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၇၈. ၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၃. ၄၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆. ၃၅၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇. ၉၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၅၃၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၆၀. ၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃. ၀၅ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၈. ၄၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၂၃. ၁၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဒွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ




# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း 25th ASEAN Armies Rifle Meet (25th AARM) ပိတ်ပွဲအခမ်းအနားနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက ခရာချွတ်ခရိုင်ခန်ပြည်နယ် ပရမ်ဘူရီခရိုင်ဟွာဟင်းမြို့ ရှိ Infantry Center ၌ ကျင်းပသော (၂၅) ကြိမ်မြောက်အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ 25th ASEAN Armies Rifle Meet(25th AARM) ပိတ်ပွဲအခမ်းအနားသို့ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့် အတူ တက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းနားတွင် အင်ဒိုနီးရှားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ သေနတ်ပစ်အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ပစ်ခတ်မှုအား ကြည့်ရှုအားပေးကြပြီး ဆုရအသင်းများအား ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်က တစ်ဦးချင်းဆုချီးမြှင့်သည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များသည် Novelty Shoot အဖြစ် (မီတာ ၂၀) ပစ္စတိုနှင့် (မီတာ ၅၀) ကာဘိုင်သေနတ်ပစ်ယှဉ်ပြိုင်ကြကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးသည်။

ယင်းနောက် အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးကြပြီး 25th ASEAN Armies Rifle Meet (25th AARM) ပိတ်ပွဲအခမ်းအနားဆက်လက်ကျင်းပရာ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်က ပိတ်ပွဲမိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲပွဲစဉ်တစ်လျှောက် ဆုရအသင်းများအား ဆုချီးမြှင့်သည်။

ထို့နောက် ထိုင်းဘုရင့်တပ်တော် ကြည်းတပ်ဦးစီးချုပ်က ၂၀၁၆ ခုနှစ် 26th ASEAN Armies RiFle Meet (26th AARM) ပြိုင်ပွဲအား အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဖိလစ်ပိုင် ကြည်းတပ်ဦးစီးချုပ်ထံသို့ AARM အထိမ်းအမှတ်အလံအား လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ညနေပိုင်းတွင် Suan Son Pardipat 2 ၌ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသော 25th ASEAN Armies Rifle Meet(25th AARM) ပိတ်ပွဲဂုဏ်ပြုနှုတ်ဆက် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရန် နိုဝင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် ဘန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိလေဆိပ်သို့ ရောက်ရှိစဉ် ထိုင်းဘုရင့်တပ်မတော် ထိုင်းဘုရင့်ကြည်းတပ်ဌာနချုပ်ရုံးမှ ဒုတိယစစ်ဦးစီးအရာရှိချုပ်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

**(မြဝတီ)**






# လူထုဒေါ်အမာ ရာပြည့်စာတမ်းဖတ်ပွဲ ပထမနေ့ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၄ လမ်း၊ ၃၁ လမ်းထောင့်ရှိ ဓမ္မသာလာခန်းမဆောင်၌ နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက လူထု ဒေါ်အမာ ရာပြည့်စာတမ်းဖတ်ပွဲ(ပထမနေ့) ပြုလုပ်သည်။

အခမ်းအနားတွင် ဦးသန်းဌေး(ဆရာသင့်နော်-ဥတ္တရာလွင်ပြင်)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

စာတမ်းဖတ်ပွဲတွင် ဒေါ်ခင်နှင်းဦးက "စာပေပြတင်းပေါက်က လှစ်ဟပြတဲ့ အိမ်နီးချင်းတို့ဘဝ" စာတမ်းကို ကိုယ်စားဖတ်ကြားသူ ဒေါ်ခင်သီတာလတ်ကလည်းကောင်း၊ ဦးအောင်မြင့်ဦး၏ "အယ်ဒီတာ လူထုဒေါ်အမာ" စာတမ်းကို ကိုယ်စားဖတ်ကြားသူ ညီပုလေးက လည်းကောင်း၊ နေယုက "ကဗျာထဲက အမေမာ" စာတမ်းကိုလည်းကောင်း၊ ညီစေမင်းက "ဒေါ်ဒေါ်ရဲ့ ဗီဇနဲ့ ပတ်ဝန်းကျင်"စာတမ်းကို လည်းကောင်း ဖတ်ကြားကြကြောင်း သိရသည်။

**ရွှေလင်းပြည့်စုံ**

# ရန်ကုန်အသင်း ဖနွမ်းပင်မြို့သို့ ထွက်ခွာ

မဲခေါင်တိုယိုတာဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲယှဉ်ပြိုင်ရန် ရန်ကုန်ဘောလုံးအသင်းသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားသည်။ ရန်ကုန်အသင်းနှင့် ကမ္ဘောဒီးယားကလပ် အန်ကောအသင်းတို့သည် နိုဝင်ဘာ ၂၉ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ဖနွမ်းပင်မြို့ရှိ National Olympic ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရန်ကုန်အသင်းနှင့် အန်ကောအသင်းတို့ပွဲမှာ ဆီမီးဖိုင်နယ် တက်ရောက်ရေးအတွက် အဆုံးအဖြတ်ပွဲဖြစ်နေပြီး နှစ်သင်းစလုံးမှာ ပွဲဦးထွက်ပွဲစဉ်များ၌ နိုင်ပွဲများရရှိထားသည်။ ဂိုးကွာခြားချက်တွင် ရန်ကုန်အသင်းက (+၃)ဂိုး၊ အန်ကောအသင်းက (+၂)ဂိုးသာရှိရာ ရန်ကုန်အသင်းမှာ သရေကျရုံဖြင့် ဆီမီးဖိုင်နယ်တက်ရောက်နိုင်မည်ဖြစ်သည်။ ပထမအဆင့်အုပ်စုမှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးတစ်သင်းသာ ဆီမီးတက်မည်ဖြစ်ပြီး ဗီယက်နမ်ကလပ် ဘင်ဒေါင်းအသင်းနှင့် ဆီမီးကစားရမည်ဖြစ်သည်။ ထိုင်းကလပ်ဘူရီရမ်အသင်းမှာ ဗိုလ်လုပွဲအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ပထမပွဲတွင် လာအိုတိုယိုတာအသင်းကို အိမ်ကွင်း၌ ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိထားပြီး အနိုင်ဂိုးများကို အက်ဒီဆင်က နှစ်ဂိုး၊ ဒေးဗစ်ဒန်း၊ ကျော်ကိုကိုနှင့် ရန်အောင်ကျော်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့သည်။ ယခုပွဲတွင် ရန်ကုန်အသင်း၌ နိုင်ငံခြားသားကစားသမားနှစ်ဦး ပါဝင်လာမည်ဖြစ်ပြီး ဂိုးသမား ဖာနန်ဒိုမှာလည်း အန်ကောနှင့်ပွဲတွင် လိုက်ပါသွားမည်ဖြစ်သည်။

အန်ကောအသင်းနှင့်ကစားမည့် ရန်ကုန်အသင်းတွင် ဂိုး-ဖာနန်ဒို၊ အောင်ဝေဖြိုး၊ နောက်တန်း-ခင်မောင်လွင်၊ ဇာနည်ထက်၊ ဇော်ဝင်း၊ ဇော်မင်းထွန်း၊ လတ်ကိုကိုအေး၊ သီဟထက်အောင်၊ ပြည့်ဖြိုးအောင်၊ အလယ်တန်း-ရန်အောင်ကျော်၊ ဒေးဗစ်ဒန်း၊ ကြည်လင်း၊ ကောင်းဆက်နိုင်၊ သီဟဇော်၊ ကျော်ထူး၊ ဇွန်မိုးအောင်၊ ရှေ့တန်း-အက်ဒီဆင်နှင့် ကျော်ကိုကိုတို့ ပါဝင်ကြသည်။

**ရှိုင်းထက်ဇော်**

# အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၀။)
**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်**
**( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမြန်လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ အမြန်လမ်းမကြီးများဥပဒေတွင်ပါရှိသော "ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း"ဆိုသည့် စကားရပ်ကို "လမ်းဦးစီးဌာန"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကို
ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၁။)
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်
( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း" ဆိုသည့် စကားရပ်ကို "လမ်းဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# လမ်းမကြီးများဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

လမ်းမကြီးများဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၂။)
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်
**( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို လမ်းမကြီးများဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ လမ်းမကြီးများဥပဒေတွင် ပါရှိသော "ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း" ဆိုသည့် စကားရပ်ကို "လမ်းဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရာသီဥတုဆိုင်ရာရန်ပုံငွေ ဒေါ်လာ ၁၀ ဘီလီယံကျော် ဂျပန်ထောက်ပံ့ပေးမည်




**တိုကျို နိုဝင်ဘာ ၂၇**

ပြင်သစ်နိုင်ငံ မြို့တော်ပါရီ၌ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂညီလာခံကို နိုဝင်ဘာ ၃၀ ရက်တွင် စတင်ကျင်းပရန်ရှိနေစဉ် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရာသီဥတုဆိုင်ရာရန်ပုံငွေ ယန်းငွေ ၁ ဒသမ ၃ ထရီလီယံ (ဒေါ်လာ ၁၀ ဒသမ ၆ ဘီလီယံ)ထောက်ပံ့ပေးမည်ဟု ဂျပန်နိုင်ငံက ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံသည် ကနဦးအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရာသီဥတုဆိုင်ရာ ရန်ပုံငွေ ယန်း တစ်ထရီလီယံ (ဒေါ်လာ ၈ ဒသမ ၂ ဘီလီယံ) ထောက်ပံ့ပေးမည်ဟု ကတိကဝတ်ပြုခဲ့သည်။ သို့ရာတွင် ဂျပန်နိုင်ငံသည် အစီအစဉ်သစ်အရ ရန်ပုံငွေတိုးမြှင့်ပေးရန် ကြေညာခြင်းဖြစ်သည်။

ကမ္ဘာ့ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ရာသီဥတုထိန်းသိမ်းရေးစီမံကိန်းလုပ်ငန်းများအတွက် ဘဏ္ဍာငွေကြေးထောက်ပံ့ပေးမှု တိုးတက်ဖြစ်ပေါ်လာစေရန် ဂျပန်နိုင်ငံ၏ လုပ်ဆောင်ချက်က တွန်းအားပေးနိုင်မည်ဟု မျှော်လင့်ရသည်။

ယခုအချိန်ထိ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရာသီဥတုဆိုင်ရာ ငွေကြေးအကူအညီမှာ လျာထားချက်ကိုပြည့်မီခြင်းမရှိသေးကြောင်း သတင်းတွင် ဖော်ပြသည်။

ရာသီဥတုဆိုင်ရာ ရန်ပုံငွေ ထောက်ပံ့ရေးအတွက် အသေးစိတ်အချက်အလက်များကို နောက်ပိုင်းတွင် ထုတ်ပြန်ကြေညာမည်ဟု ဂျပန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ကျိုဒို။**

## ခိုလှုံခွင့်တောင်းခံသူများအပေါ် ကိုင်တွယ်ဆောင်ရွက်ပုံ ဩစတြေးလျကို အင်ဒိုနီးရှားအစိုးရဝေဖန်

**ဂျကာတာ နိုဝင်ဘာ ၂၇**

ဩစတြေးလျနိုင်ငံသည် ခိုလှုံခွင့်တောင်းခံသူ ၁၆ ဦးကို ထိန်းသိမ်းခဲ့ပြီးနောက် ၎င်းတို့ကို ဌာနေပြန်ပို့ခဲ့ခြင်းနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မိကြောင်း အင်ဒိုနီးရှားအစိုးရက နိုဝင်ဘာ ၂၇ ရက်တွင် ပြောကြားလိုက်သည်။

ဩစတြေးလျရေတပ်သည် လွန်ခဲ့သည့် ရက်သတ္တတစ်ပတ်က ဒုက္ခသည်များ လိုက်ပါလာသော မော်တော်ဘုတ်တစ်စင်းကို အင်ဒိုနီးရှားအာဏာပိုင်များအား အသိပေးခြင်းမရှိဘဲ ကြားဖြတ်ဟန့်တားကာ ဖမ်းဆီးခဲ့သည်။ ခရစ္စမတ်ကျွန်းမှ မီတာ ၂၀၀ အကွာအဝေးအတွင်း၌ အဆိုပါမော်တော်ဘုတ်ကို ဖမ်းဆီးခဲ့သည်။

ဒုက္ခသည်များကို ဌာနေပြန်ပို့ရေးနှင့် ပတ်သက်၍ ဩစတြေးလျအစိုးရအဖွဲ့က ဆောင်ရွက်ရာတွင် မိမိတို့ကို အသိပေးခြင်းမရှိသည့်အပြင် ပူးပေါင်းလုပ်ဆောင်ခြင်းလည်းမရှိခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တစ်ဦးဖြစ်သူ ဟာဆန်ကာလစ်က သတင်းထောက်များအား ပြောကြားသည်။

မော်တော်ဘုတ်ဖြင့် ဝင်ရောက်လာသော ခိုလှုံခွင့်တောင်းခံသူများအား ကြားဖြတ်ဖမ်းဆီးသည့် မူဝါဒကို ဩစတြေးလျနိုင်ငံ ကျင့်သုံးခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂနှင့် လူ့အခွင့်အရေးအဖွဲ့များက ဝေဖန်ပြောကြားခဲ့ကြသည်။ **ရိုက်တာ။**

# တရုတ်နှင့် ထိုင်းနိုင်ငံ လေကြောင်းတပ်ဖွဲ့များ ပထမဆုံးအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်

**ပေကျင်း နိုဝင်ဘာ ၂၇**

တရုတ်နှင့် ထိုင်းနိုင်ငံ လေကြောင်းတပ်ဖွဲ့များက နိုဝင်ဘာ ၁၆ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် ပူးတွဲစစ်ရေးလေ့ကျင့်မှုစတင်ခဲ့ကြကြောင်း သတင်းများအရ သိရသည်။

'ဖယ်ကွန်စထရိုက်' စစ်ရေးလေ့ကျင့်မှုတွင် လေတပ်ဖွဲ့အင်အား ၁၀၀ ခန့်နှင့် တရုတ်ဂျက်လေယာဉ်ခြောက်စင်း ပါဝင်သရုပ်ပြခဲ့သည်။

ထိုင်းနှင့် တရုတ်လေတပ်ဖွဲ့များက ထိုင်းနိုင်ငံ၏ 'ကိုရတ်'တော်ဝင်ထိုင်းလေတပ်အခြေစိုက်စခန်းတွင် လေကြောင်းကျွမ်းကျင်မှုဆိုင်ရာပြကွက်များကို ပူးတွဲပြသခဲ့သည်။ ဗီယက်နမ်စစ်ပွဲကာလအတွင်း အမေရိကန်စစ်တပ်ဖွဲ့က အဆိုပါအခြေစိုက်စခန်းကို အသုံးပြုခဲ့သည်။



ထိုင်းလေသရဲများက ဂျက်လေယာဉ်များဖြင့် ကျွမ်းအလှပြကွက်များပြသခဲ့ပြီး တရုတ်ဂျက်လေယာဉ်ခြောက်စင်းက အုပ်စုလိုက်ပျံသန်းသည့်ပြကွက်များ ပြသခဲ့သည်။

ယခုပူးတွဲလေကြောင်း စစ်ရေးလေ့ကျင့်မှုသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ လေကြောင်းတပ်ဖွဲ့များအကြား ကျွမ်းကျင်မှုစွမ်းပကားတို့ကို အနီးကပ်လေ့လာနိုင်သည့်အပြင် အနာဂတ်အချိန်တွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် ပိုမိုအထောက်အကူပြုမည်ဖြစ်ကြောင်း ထိုင်းလေတပ်ဖွဲ့မှ လေယာဉ်မှူးတစ်ဦးက ဆိုသည်။

လွန်ခဲ့သောနှစ် ဇွန်လက ထိုင်းနိုင်ငံအတွင်း စစ်တပ်အာဏာသိမ်းပိုက်မှုကို အမေရိကန်နှင့် ဥရောပနိုင်ငံများက ရှုတ်ချခဲ့သည်။ စစ်တပ်အာဏာသိမ်းပိုက်ပြီးသည့်နောက် အမေရိကန်နိုင်ငံက ထိုင်းနိုင်ငံအား စစ်ရေးထောက်ပံ့မှုများကို လျှော့ချပစ်ခဲ့သည်။

ထိုအချိန်မှစပြီး ထိုင်းနိုင်ငံအနေဖြင့်တရုတ်နိုင်ငံ၏ စစ်ရေးထောက်ပံ့မှုများကို ရယူခဲ့သည်။ တရုတ်ရေငုပ်သင်္ဘောတစ်စင်းကို ထိုင်းရေတပ်က ဝယ်ယူရန် စဉ်းစားလျက်ရှိကြောင်း သိရသည်။ ယခုပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပိုမိုရင်းနှီးသည့်ဆက်ဆံရေးတစ်ရပ် ပေါ်ထွန်းစေသည်။ **အင်န်အိတ်ချ်ကေ။**

## အေဒင်ပင်လယ်ကွေ့၌ တရုတ်ရေတပ်နှင့် နေတိုးတပ်ဖွဲ့များ ပထမဆုံးအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်

**ပေကျင်း နိုဝင်ဘာ ၂၇**

ကမ္ဘာ့လုံခြုံရေးတွင် ပိုမိုကြီးမားသောအခန်းကဏ္ဍမှ ပါဝင်ရန် တရုတ်နိုင်ငံက ကြိုးပမ်းနေစဉ် အေဒင်ပင်လယ်ကွေ့၌ ပင်လယ်ဓားပြတိုက်ဖျက်ရေး ကင်းလှည့်မှုများတွင်ပါဝင်သော တရုတ်ရေတပ်သည် အလားတူမစ်ရှင်ဆောင်ရွက်နေသော နေတိုးတပ်ဖွဲ့မှစစ်သင်္ဘောများနှင့် ပထမဆုံးအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုကို နိုဝင်ဘာ ၂၅ ရက်က ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ယင်းစစ်ရေးလေ့ကျင့်မှုက တရုတ်နှင့် နေတိုးတပ်ဖွဲ့များ အေဒင်ပင်လယ်ကွေ့၌ ပင်လယ်ရေကြောင်းလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းနိုင်စေရန် ပင်လယ်ဓားပြတိုက်ဖျက်ရေးလုပ်ဆောင်နေသည့် သင်္ဘောများကြား ဆက်သွယ်မှုကို တိုးတက်စေမည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံ၏ ကုန်တင်သင်္ဘောများနှင့် ရေနံတင်သင်္ဘောများက ယီမင်နှင့် ဆိုမာလီကမ်းလွန်ရေပိုင်နက်များကို အများအားဖြင့် အသုံးပြုရသည့်အတွက် ပင်လယ်ဓားပြတိုက်ဖျက်ရေး ကင်းလှည့်မှုများတွင် တရုတ်နိုင်ငံက စိတ်အားထက်သန်စွာ ပါဝင်လေ့ကျင့်ခြင်းဖြစ်သည်။

ယခုနှစ်အစောပိုင်းကလည်း ထိုဒေသရှိ တရုတ်စစ်သင်္ဘောများက ယီမင်ပြည်တွင်းစစ်မှ ထွက်ပြေးလာသော ပြည်သူများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ကမ္ဘာ့ဒုတိယအကြီးမားဆုံး စီးပွားရေးနိုင်ငံဟူသော ဂုဏ်ပုဒ်နှင့်အညီ ကမ္ဘာ့ရေးရာတွင် ပိုမိုကြီးမားသော အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်လိုသောကြောင့် တရုတ်နိုင်ငံမှာ ပိုမိုတက်ကြွသော နိုင်ငံခြားလုံခြုံရေးမူဝါဒတစ်ရပ်ကိုတာဝန်ယူရန် ကြိုးပမ်းလျက်ရှိသည်။ ယခုရက်သတ္တပတ်အတွင်း ၎င်းတို့သည် တရုတ်ငြိမ်းချမ်းရေးထိန်းသိမ်းမှုနှင့် ပင်လယ်ဓားပြတိုက်ဖျက်ရေးမစ်ရှင်များကို ပံ့ပိုးကူညီရန် အာဖရိကဦးချိုဒေသရှိ ဂျဘူတီနိုင်ငံ၌ ထောက်ပံ့ပို့ဆောင်ရေးဌာနများတည်ဆောက်ရန် ဆွေးနွေးလျက်ရှိကြောင်း တရုတ်နိုင်ငံက ပြောကြားသည်။ စစ် ဘက်အင်အားတိုးချဲ့မှုနှင့် ဆက်နွယ်သည့် တရုတ်နိုင်ငံ၏ အစီအစဉ်များနှင့် ပတ်သက်၍ စိုးရိမ်မှုများ ဖြေလျှော့သည့်အနေဖြင့် နိုင်ငံရပ်ခြား၌ စစ်ဘက်အခြေစိုက်စခန်းများ အလိုမရှိကြောင်း တရုတ်နိုင်ငံက ထပ်တလဲလဲ ပြောကြားထားသည်။ **ရိုက်တာ။**

# နျူကလီးယားထိပ်ဖူး သယ်ဆောင်နိုင်သည့် ပရစ်သဗီ-၂ ဒုံးကျည် စမ်းသပ်မှုအောင်မြင်

**နယူးဒေလီ နိုဝင်ဘာ ၂၇**

အိန္ဒိယနိုင်ငံသည် ပြည်တွင်း၌ ထုတ်လုပ်သည့် ပရစ်သဗီ-၂ အမျိုးအစားဒုံးကျည်ကို နိုဝင်ဘာ ၂၆ ရက်တွင် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း၊ ယင်းဒုံးကျည်ကို နိုင်ငံအရှေ့ပိုင်း ဩရိဿပြည်နယ်ရှိ စစ်ဘက်အခြေစိုက်စခန်းတစ်ခုမှ ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းများ၌ ဖော်ပြသည်။

အကွာအဝေးကီလိုမီတာ ၃၅၀ အထိ ပစ်ခတ်နိုင်သော မြေပြင်မှမြေပြင်ပစ်ဒုံးကျည်သည် ကီလိုဂရမ် ၁၀၀၀ အလေးချိန်ရှိ နျူကလီးယားထိပ်ဖူးကို သယ်ဆောင်နိုင်သည်။




အိန္ဒိယကြည်းတပ်က စမ်းသပ်ပစ်ခတ်ခဲ့သည့် ပရစ်သဗီ-၂ ဒုံးကျည်တွင် အင်ဂျင်နှစ်လုံးပါရှိပြီး ၎င်းအင်ဂျင်များ မောင်းနှင်ရန် လောင်စာအရည်ကို အသုံးပြုသည်။ ၎င်းဒုံးကျည်တွင် ခေတ်မီသော တိကျပဲ့ထိန်းလမ်းညွှန်စနစ်ကို အသုံးပြုထားပြီး ပစ်မှတ်များကို နည်းဗျူဟာမြောက်စွာ ထိမှန်စေနိုင်သည်ဟု သတင်းတွင် ဖော်ပြသည်။

ပရစ်သဗီ-၂ အမျိုးအစားဒုံးကျည်အား အိန္ဒိယအစိုးရပိုင် ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ ပဲ့ထိန်းဒုံးကျည်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ အဆင့်မြှင့်တင်မှုများ ပြုလုပ်ခဲ့ပြီးနောက် အိန္ဒိယလက်နက်ကိုင်တပ်ဖွဲ့များတွင် ဖြန့်ကြက်ခဲ့ခြင်းဖြစ်သည်။

ယင်းဒုံးကျည်အား ယခုနှစ် ဖေဖော်ဝါရီလအတွင်းက နောက်ဆုံးအကြိမ်အဖြစ် အောင်မြင်စွာ စမ်းသပ်ပစ်ခတ်နိုင်ခဲ့သည်။ ယင်းစမ်းသပ်ပစ်ခတ်မှုအား ဩရိဿပြည်နယ်ရှိ စစ်ဘက်အခြေစိုက်စခန်း၌ပင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုမှာပါတဲ့ ကြွေးမြီစီမံခန့်ခွဲမှု Debt Management ကနေ ADB အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ နည်းပညာအကူအညီနဲ့ နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နေပါတယ်။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု Public Debt Management Law ရေးဆွဲပြီး လွှတ်တော်ပို့ထားပြီးဖြစ်ပါတယ်။

ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံ၏ ဘဏ္ဍာငွေရရှိမှုနှင့် သုံးစွဲမှုများ မည်သို့ဆောင်ရွက်သည်ကို နှစ်စဉ်ကိန်းဂဏန်း အတိအကျဖြင့် နှစ်စဉ်ဖော်ပြပေးလျက်ရှိရာ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ (၅)နှစ်တာကာလအတွင်း နိုင်ငံတော်၏ ရသုံးမှန်းခြေ ငွေစာရင်းရေးဆွဲမှု၊ ပြည်ထောင်စု ရသုံးမှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ရသုံးမှန်းခြေငွေစာရင်းဆက်စပ်မှု၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊ အခွန်ဆိုင်ရာများ ပြုပြင်ပြောင်းလဲမှု၊ ဥပဒေများ ပြင်ဆင်ဖြည့်စွက်ရေးဆွဲခဲ့မှု၊ ပြည်တွင်း/ပြည်ပ ကြွေးမြီဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမောင်မောင်ဝင်းနှင့် မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့မှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-

**မေး။ ။ပြည်တွင်း၊ ပြည်ပ ကြွေးမြီတွေနဲ့ ပတ်သက်ပြီး ဝေဖန်မှုတွေရှိပါတယ်။ ကြွေးမြီကိစ္စ ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာလည်း သိပါရစေ။**

ဖြေ။ ။ပြည်တွင်း၊ ပြည်ပ ကြွေးမြီများနှင့်ပတ်သက်ပြီး နိုင်ငံတော်ရဲ့ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူပြီးတော့မှ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်မှာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေတဲ့အတွက်ကြောင့် ပြည်တွင်းကြွေးမြီလည်း ရှိပါတယ်။ ပြည်ပကြွေးမြီတွေလည်း ရှိပါတယ်။ ပြည်တွင်းကြွေးမြီက အဓိကက နိုင်ငံတော်ရဲ့ သုံးငွေနဲ့ရငွေပါပဲ။ သုံးငွေပိုများရင် လိုငွေဖြစ်တယ်။ ဒီလိုငွေက နှစ်စဉ်ပေါ်ပေါက်နိုင်တယ်။ ဒီနှစ်လိုငွေကို ရှေးနှစ်ပိုငွေပြန်ပေါ်လို့ ပြန်ချေနိုင်တယ်ဆိုရင် ကျေသွားမှာပါ။ ကြွေးမြီမရှိနိုင်ဘူး။ သို့သော် နိုင်ငံတော်အစိုးရ အဆက်ဆက်က ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရတဲ့ အခြေအနေ၊ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေ ရရှိမှုအနေအထား၊ သုံးစွဲမှုအနေအထား၊ အဲဒီအနေအထားတွေအရ နှစ်စဉ်လိုလိုပဲ လိုငွေတွေ ပေါ်ပေါက်ပါတယ်။ ဒီလိုငွေကို ပြည်တွင်းကနေ ချေးငွေရယူဖြည့်ဆည်းပြီး စာရင်းကိုပိတ်ရပါတယ်။ အဲဒီတော့ ပြည်တွင်းကြွေးမြီတွေက အတိုင်းအတာတစ်ခုအထိ ရှိနေပါတယ်။

ပြည်တွင်းကြွေးမြီတွေကို နိုင်ငံတော်အစိုးရက ဘယ်လိုပုံစံနဲ့ယူလဲဆိုတော့ အဓိကနည်းလမ်း နှစ်သွယ်နဲ့ ချေးယူရပါတယ်။ ပထမနည်းလမ်းကတော့ အစိုးရငွေချေးစာချုပ်၊ ငွေတိုက်စာချုပ် Government Treasury Bond လို့ခေါ်တယ်။ ဒီစာချုပ်တွေက နှစ်နှစ်၊ သုံးနှစ်၊ ငါးနှစ်သက်တမ်းတွေ ရှိပါတယ်။ သက်တမ်းအလိုက် မတူညီတဲ့ အတိုးနှုန်းတွေ ပေးပြီးတော့ ရယူတာဖြစ်ပါတယ်။ ဒီအစိုးရရဲ့ ငွေတိုက်စာချုပ်တွေကို အဓိကအားဖြင့် ငွေရေးကြေးရေးအဖွဲ့အစည်းတွေရော အခြားသော ကုမ္ပဏီ၊ လူပုဂ္ဂိုလ်တွေကိုရော၊ တစ်ဦးချင်းစီကိုရော အားလုံးကို ရောင်းချပေးပါတယ်။ ကျသင့်တဲ့ အတိုးကို ခြောက်လ တစ်ကြိမ်ပေးပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အတိုးပေးပြီး ချေးငွေရယူခြင်းဖြစ်ပါတယ်။

နောက်တစ်ခုက (Treasure Bill) အစိုးရရဲ့ ငွေတိုက်လက်မှတ်က ကာလတိုလောလောဆယ် သက်တမ်းသုံးလ ဖြစ်ပါတယ်။ ကာလတိုတွင်းမှာ ငွေပြန်ဖော်နိုင်တဲ့အတွက်ကြောင့် အတိုးနှုန်းကို Treasure bond လောက် မပေးရပါဘူး။ လေးရာခိုင်နှုန်းနဲ့ပေးပါတယ်။ အဓိကအားဖြင့် အတိုးနှုန်းနည်းတဲ့အတွက်ကြောင့် လူပုဂ္ဂိုလ်တစ်ဦးချင်းတို့၊ ကုမ္ပဏီတို့က ရင်းနှီးမြှုပ်နှံတာမရှိပါဘူး။အဓိကငွေရေးကြေးရေး အဖွဲ့အစည်းတွေဖြစ်တဲ့ ဘဏ်တွေနဲ့ ဗဟိုဘဏ်က ဖြည့်ဆည်းပေးခြင်းဖြစ်ပါတယ်။ ဒီလိုနည်းက သက်သာတယ်။ တစ်နှစ်ကို လေးရာခိုင်နှုန်းပဲပေးရတယ်။ တစ်ဖက်က ဘာရှိလဲဆိုတော့ နိုင်ငံတော်ဗဟိုဘဏ်က ခပ်များများယူလိုက်ရင်တော့ ဗဟိုဘဏ်ဟာ နိုင်ငံတော်ရဲ့ တစ်ခုတည်းသော ငွေစက္ကူရိုက်နှိပ်ခွင့်ရှိတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ ဗဟိုဘဏ်က ယူတာများရင်၊ ငွေစက္ကူတွေ များများရိုက်နှိပ်ရရင် ငွေကြေးသီအိုရီအရ ငွေတွေ ဈေးကွက်ထဲဖောင်းပွလာမယ်ဆိုတဲ့ ယူဆချက်တွေ ရှိပါတယ်။ အတိအကျကြီး မဟုတ်ပေမယ့် မှန်သင့်သလောက်မှန်ပါတယ်။ ဒါကို လျှော့ချဖို့ကြိုးပမ်းတဲ့အတွက်ကြောင့် ဗဟိုဘဏ်က ငွေတိုက်လက်မှတ်နဲ့ ချေးယူဖြည့်ဆည်းတဲ့နည်းလမ်းယူတဲ့ အတိုင်းအတာကို လျှော့ချပြီးတော့မှ သူလည်းပဲ ပြည်သူလူထုတွေအားလုံး ရင်းနှီးမြှုပ်နှံနိုင်အောင် စတင်ပြီးတော့ ကြိုးပမ်းနေပြီဖြစ်ပါတယ်။

Treasury Bill Auction ငွေတိုက်လက်မှတ် လေလံနဲ့ ၂၀၁၅ ခုနှစ် ဇန်နဝါရီကစပြီး နှစ်ပတ်ကို တစ်ခါလုပ်နေပါတယ်။ ဆက်ပြီး လုပ်နေဦးမှာပါ၊ ရန်ကုန်မြို့မှာရှိတဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှာ လုပ်နေပါတယ်။ ပထမဦးဆုံးအနေနဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေကိုပဲ လေလံကို ဝင်ခွင့်ပြုထားပါသေးတယ်။ ငွေရေးကြေးရေး အဖွဲ့အစည်းတွေဖြစ်တဲ့ ဘဏ်တွေက ကမ်းလှမ်းတဲ့ဈေးနဲ့ ကျွန်တော်တို့က ရောင်းရမယ့်ဈေးနဲ့၊ အရင်တုန်းက အတိုးနှုန်းက လေးရာခိုင်နှုန်းနဲ့ရပေမယ့် ပထမဦးဆုံးခုနှစ်လောက် စပေးရတယ်။ အခု ခုနှစ်ကနေ (၈ ဒသမ ၁)၊ (၈ ဒသမ ၁၅) အထိ တက်လာပါတယ်။ ပြည်သူလူထုဆီကယူရတဲ့ အတိုးဝန်ထုပ်ဝန်ပိုးမြင့်တက်လာပါတယ်။ ဆိုလိုတာကတော့ ဗဟိုဘဏ်ကလျှော့ချပြီးတော့ တစ်ဖက်က ပြည်သူလူထုဆီက ချေးယူဖို့ကြိုးစားတဲ့အချိန်မှာ အစိုးရအတွက် ပေးရတဲ့အတိုး၊ ငွေတိုက်စာချုပ်တို့ ငွေတိုက်လက်မှတ်တို့ပေါ်မှာ ပေးရတဲ့အတိုး ဝန်ထုပ်ဝန်ပိုးမြင့်တက်လာတယ်။ ဒါကိုလည်းအစိုးရအနေနဲ့ အမြဲတမ်းမျက်ခြည်မပြတ်စောင့်ကြည့်ပြီး စီမံခန့်ခွဲရတဲ့အနေအထား ဖြစ်ပါတယ်။

နောက်တစ်ခုက ပြည်ပကြွေးမြီ၊ လွှတ်တော်ကိုယ်စားလှယ်တွေ ဆွေးနွေးကြတာ၊ ဂျာနယ်တွေမှာရေးကြတာတွေလည်း ပါပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ပြည်ပကြွေးမြီနဲ့ မကင်းနိုင်ပါဘူး။ ပြည်ပကြွေးမြီနဲ့ ပတ်သက်လို့ရှိရင် ၁၉၈၈ ခုနှစ် မတိုင်ခင်က ယူခဲ့တဲ့ အကြွေးနဲ့ ၁၉၈၈ ခုနှစ်နောက်ပိုင်း ယူခဲ့တဲ့အကြွေးတွေရှိပါတယ်။ နောက် ၂၀၁၁ ခုနှစ် အခုကျွန်တော်တို့ အစိုးရလက်ထက်က ယူခဲ့တဲ့ကြွေးတွေလည်း ရှိပါတယ်။ ပြည်ပကြွေးမြီနဲ့ ပတ်သက်တဲ့ ကိန်းဂဏန်းများ အနေအထားဟာ အချိန်နဲ့အမျှ ပြောင်းလဲမှု ရှိပါတယ်။ ဒီနေ့ လွှတ်တော်ကအတည်ပြုတဲ့ ကြွေးမြီကိန်းဂဏန်း၊ တကယ်ထုတ်ယူရရှိတဲ့ ကြွေးမြီကိန်းဂဏန်း၊ တကယ်ပြန်လည်ပေးဆပ်ဖို့ကျန်တဲ့ ကြွေးမြီကိန်းဂဏန်းတွေဟာ တစ်ခုနဲ့တစ်ခုမတူကြပါဘူး။ ကြွေးမြီအဟောင်းတွေလည်း ရှိပါတယ်။ ကြွေးမြီအသစ်တွေလည်း ရှိပါတယ်။ ပြည်ပကြွေးမြီကို ယူပြီဆိုကတည်းက သူ့သက်တမ်းနဲ့သူ၊ သူ့အတိုးနှုန်းနဲ့သူ ခွဲခြားပြီးယူရတာဖြစ်ပါတယ်။ စနစ်တကျနဲ့ စာချုပ်ချုပ်ဆိုပြီးတော့မှ နှစ်နိုင်ငံအကြား၊ နှစ်ဖက်အဖွဲ့အစည်းကြား စာချုပ်ချုပ်ဆိုပြီးတော့မှ ယူရတာဖြစ်ပါတယ်။

၂၀၁၁ ခုနှစ်နောက်ပိုင်းမှာ ယူခဲ့တဲ့ ကြွေးမြီတွေဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆက်စပ်တဲ့ဥပဒေတွေအရ ပြည်ထောင်စုလွှတ်တော် အတည်ပြုချက်ယူနိုင်မှ ဖြစ်ပါတယ်။ ပြည်ပကြွေးမြီတစ်ခု ယူတော့မယ်ဆိုရင် ပထမဦးဆုံး ကြွေးမြီယူမယ့် အဖွဲ့အစည်းတွေကနေပြီး ပထမဦးဆုံးယူချင်တဲ့လုပ်ငန်း၊ ယူချင်တဲ့ပမာဏတွေကို စဉ်းစားရမယ်။ စဉ်းစားပြီးရင်ပေးမယ့်သူနဲ့ ယူမယ့်သူ ဆွေးနွေးဖို့လိုပါတယ်။ ဆွေးနွေးပြီးမှ ကြွေးမြီရယူလိုပါတယ်ဆိုရင် ပြည်တွင်းလုပ်ငန်းစဉ်တွေအရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကို ကြွေးမြီရယူမယ့်ဝန်ကြီးဌာနက ပထမဦးဆုံးတင်ပြရတာ ဖြစ်ပါတယ်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက စိစစ်ပြီးရင် သမ္မတရုံးဝန်ကြီးဦးစီးတဲ့ နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီကို တင်ပြပါတယ်။ ဒီကော်မတီကစိစစ်ပြီး အတည်ပြုတယ်ဆိုရင် သမ္မတဦးဆောင်တဲ့ နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲရေး ဗဟိုကော်မတီကို တင်ပြပါတယ်။ ဒီလိုကော်မတီနှစ်ရပ်လုံးက အတည်ပြုတဲ့အခါမှာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ဘဏ္ဍာရေးဝန်ကြီးဌာနဆီကို ချေးငွေယူဖို့ကိစ္စအတွက်ကို ပြည်ထောင်စုလွှတ်တော်နဲ့ ဆက်လက်ပြီး ဆောင်ရွက်ပေးဖို့ အကြောင်းကြားပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနက နိုင်ငံတော်သမ္မတရုံးနဲ့ အစိုးရအဖွဲ့ရုံးတွေမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်ကို နိုင်ငံတော်သမ္မတထံက သဝဏ်လွှာပေးပို့ဖို့ လုပ်ရပါတယ်။

ဒီသဝဏ်လွှာ လွှတ်တော်သို့ရောက်ရှိတဲ့အချိန်မှာ လွှတ်တော်အနေနဲ့လည်း ချေးငွေတစ်ခုကိုရယူဖို့အတွက် ချေးငွေရယူမယ့် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဘဏ္ဍာရေး ဝန်ကြီးဌာနနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတွေက လွှတ်တော်မှာ ရှင်းလင်းတင်ပြရပါတယ်။ ဒီရှင်းလင်းတင်ပြချက်တွေအပေါ်မှာ လွှတ်တော်ကိုယ်စားလှယ် အသီးသီးက ပြန်လည်မေးမြန်းတာ၊ ဆွေးနွေးတာ၊ ဝေဖန်တာတွေလုပ်ပါတယ်။ အဲ့ဒါတွေလုပ်ပြီး နောက်ဆုံးမှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုဆုံးဖြတ်တဲ့ အတည်ပြုချက် ရရှိပြီဆိုရင် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ယူမယ့်သူနဲ့ ဒီဘက်က လက်ခံမယ့်သူကြားထဲက ချေးငွေညှိနှိုင်းရေးလုပ်ငန်းတွေ ဆက်လုပ်ရပါတယ်။ ဒီအဆင့်က စာချုပ်အဆင့်ရောက်ပြီ၊ ဘယ်လိုစာချုပ်ချုပ်မယ်။ စာချုပ်မူကြမ်းကို သက်ဆိုင်ရာဌာနတွေနဲ့ ဝိုင်းပြီးတော့ ဆွေးနွေးရမယ်။ နစ်နာမယ့်အချက်တွေဆိုရင် တစ်ဖက်နိုင်ငံနဲ့ တစ်ဖက်အဖွဲ့အစည်းတွေကို ပြန်ပြီးပြောရပါတယ်။ သူ့ဘက်ကလည်း ပြန်လျှော့ပေးတာ၊ တောင်းဆိုတာတွေရှိပါတယ်။ ကိုယ့်ဘက်က လိုက်လျောနိုင်တဲ့ achance ရှိရင် လိုက်လျောပေးတာရှိပါတယ်။ အထူးသဖြင့် မိမိနိုင်ငံ နစ်နာမှုမရှိရလေအောင် ပြည့်စုံအောင်စဉ်းစားပြီးတော့မှ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီလိုအပြန်အလှန်ညှိနှိုင်းဖို့ အချိန်အတိုင်းအတာတစ်ခု ယူရပါတယ်။ နောက်ဆုံးမှာ နှစ်ဖက်စလုံး သဘောတူညီပြီဆိုရင် စာချုပ်ချုပ်ဆို လက်မှတ်ထိုးပြီး ချေးရမယ်။ ဒီလိုချေးတဲ့အခါမှာ အတိုးနှုန်းဘယ်လောက်နဲ့ ချေးမလဲ။ ချေးငွေရဲ့ သက်တမ်းကာလ ဘယ်လောက်ရှိလဲ။ ဒီသက်တမ်းကာလအတွင်းမှာ အရင်းပြန်မဆပ်ရသေးတဲ့ ဆိုင်းငံ့ကာလလို့ခေါ်တဲ့ base period ဘယ်လောက်ရှိမလဲ။ ချေးငွေတစ်ခုလုံးကို အတိုးရော အရင်းရော ပြန်ဆပ်ဖို့ကာလ ဘယ်လောက်ရှိမလဲ။ တချို့ချေးငွေတွေက အနှစ်(၂၀)၊ (၃၀)၊ (၄၀) စသဖြင့်ရှိတယ်။ အတိုးနှုန်းသက်သက်သာသာနဲ့ ကာလရှည်ရရှိနိုင်တဲ့ချေးငွေကို ရွေးချယ်ပြီးတော့ ယူရတာဖြစ်ပါတယ်။ ဒါကတော့ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်တဲ့ချေးငွေဖြစ်ပါတယ်။

အကယ်၍ နိုင်ငံတော်က လိုအပ်ချက်အရ Commerical loan ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမဟုတ်တဲ့ ချေးငွေမျိုးဆိုရင်လည်းပဲ ပြန်ရရှိတဲ့အနေအထား၊ ပြန်ဆပ်နိုင်တဲ့အနေအထားရှိရင် အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ ပြည်သူလူထုအတွက် ရရှိမှုအကျိုးကျေးဇူး စသဖြင့်ကြည့်ပြီးတော့မှ ချင့်ချိန်ပြီး လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဖြတ်သန်းပြီးတော့မှ ရယူတာမျိုးလည်း ရှိပါတယ်။ ဒီလိုအခါမျိုးကျတော့ ဖွံ့ဖြိုးရေးချေးငွေတွေမှာ အတိုးနှုန်းသက်သာချင်မှ သက်သာမယ်။ သို့ရာတွင် ပြည်သူလူထုအတွက် အကျိုးရှိမယ်။ ပြည်တွင်းနဲ့ အခြားသောဇာစ်မြစ်တွေ၊ နေရာဒေသတွေက ယူမယ်ဆိုရင်တော့ အတိုးနှုန်းတွေ ကြီးနိုင်မယ်။ ပြီးတော့ ဒီလိုချေးငွေမျိုးကလည်း ကျန်တဲ့အချိန်တွေဆို မရနိုင်ဘူး စသဖြင့် ဒီလိုအခြေအနေမျိုးတွေ ရှိတယ်ဆိုရင် ဒါကိုယူသင့်တယ်ဆိုရင် လွှတ်တော်အထိတင်ပြပြီး အတည်ပြုဆွေးနွေးဖို့ ရှိပါတယ်။

ကြွေးမြီချေးယူမှုခံနိုင်ရည် ဆန်းစစ်ရရင် ဒီနိုင်ငံရဲ့အနေအထားနဲ့ မိမိနိုင်ငံရဲ့ GDP ရရှိမှု အနေအထား၊ နှစ်အလိုက်ပြန်ဆပ်ရမယ့် အနေအထား၊ ဒီအပေါ်မှာ အန္တရာယ်ရှိနေပြီလား၊ သိပ်များလည်းပဲ ရှိသင့်ရှိထိုက်တဲ့ အတိုင်းအတာထက် နည်းလည်းနည်းနေလားဆိုတာ technically တွက်ချက်ပြီး မိမိနိုင်ငံက ဝင်ငွေနည်းတဲ့ နိုင်ငံလား၊ ဝင်ငွေများတဲ့ နိုင်ငံလား Debt to GDP ratio ဝင်ငွေနည်းတဲ့နိုင်ငံဆိုရင် ကြွေးမြီတွေကို GDP နဲ့ နှိုင်းစာလျှင် ဘယ်လောက်ပဲ ယူသင့်တယ်ဆိုတာ ရာခိုင်နှုန်းအားဖြင့်ရှိပြီးသားပါ။ DAG မှာလည်း ကြွေးမြီနဲ့ GDP အချိုးအစား၊ ကျွန်တော်တို့ နိုင်ငံက ဘယ်လောက်အထိ

ဦးမောင်မောင်ဝင်း (အမြဲတမ်းအတွင်းဝန်၊ ဘဏ္ဍာရေးဝန်ကြီးဌာန)



ယူသင့်တယ်ဆိုတာ ရှိပါတယ်။

လက်ရှိကြွေးမြီ အခြေအနေသည် ခံနိုင်ရည်ရှိနေသေးတာ တွေ့ရှိရပါတယ်။ ဘယ်အချိန်ကျရင် ကြွေးမြီခံနိုင်ရည်ရှိမှုကို ထိခိုက်လာပြီ ခံနိုင်ရည်မရှိတော့ပါဘူးဆိုတာ သတိပေးရတာတွေလုပ်ရမှာပါ။ ဥပမာ-ဒီနေ့ ပြည်ပကြွေးမြီသည် မြန်မာငွေနဲ့ ၁၀ ဒသမ ၂ ထရီလီယံရှိတယ်ဆိုပေမယ့် နောက်တစ်လ နှစ်လအတွင်းမှာ ကိုးထရီလီယံ လည်းဖြစ်ရင်ဖြစ်သွားနိုင်တယ်။ ဒီကနေ့ လွှတ်တော်က အတည်ပြုတဲ့ဂဏန်း၊ တကယ်ထုတ်တဲ့ဂဏန်း၊ အဲဒီအချိန်တွင်းမှာ တကယ်ဆပ်နေတာတွေက ဆပ်နေပြီ အဲဒါတွေ အကုန်လုံးကို ချေလိုက်တော့မှ လက်ရှိတကယ်ရှိတဲ့ ဂဏန်းထွက်လာမှာပါ။ ဒီနေ့ဂဏန်းနဲ့ မနက်ဖြန်ဂဏန်းမတူပါဘူး။ နိုင်ငံတကာ ကြွေးမြီတွေကလည်း ရက်နဲ့အမျှ ပြောင်းလဲနေမှာပါ။ ဘယ်လိုပြောင်းလဲတယ်ဆိုတာ ငွေတိုက်ဦးစီးဌာနက အသိဆုံးပါပဲ။ ဘဏ္ဍာရေး ဝန်ကြီးဌာနကလည်း အခါအားလျော်စွာ လွှတ်တော်မှာ ပြည်တွင်း/ပြည်ပ ကြွေးမြီအခြေအနေတွေကို ဘယ်လောက်ရှိတယ်ဆိုတာ တင်သွင်းရှင်းလင်းတာရှိပါတယ်။ အရင်တုန်းက ကြွေးမြီကို မှတ်တမ်းတင်ထားတဲ့ အဆင့်ပဲရှိပါတယ်။ ယူသင့်လား၊ မယူသင့်လား၊ ဒါတွေကို ဘယ်လိုပြန်ဆပ်မလဲဆိုတဲ့ ခန့်မှန်းတွက်ချက်တဲ့ အပိုင်းပါပါတယ်။ ရှေ့အလားအလာဘယ်လိုရှိမလဲဆိုတာ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုမှာပါတဲ့ ကြွေးမြီစီမံခန့်ခွဲမှု Debt Management ကနေ နိုင်ငံတကာအဆင့်မီဆောင်ရွက်နေပါတယ်။

ဒါကို ADB အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ နည်းပညာအကူအညီနဲ့ ဆောင်ရွက်နေပါတယ်။ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှု Public Debt Management Law အသစ်ရေးဆွဲပြီး လွှတ်တော်ပို့ထားပြီးဖြစ်ပါတယ်။ ဒီဥပဒေထွက်လာရင်နိုင်ငံတော်အစိုးရအနေနဲ့ ပြည်တွင်း/ပြည်ပ ကြွေးမြီများနဲ့ပတ်သက်ပြီး စီမံခန့်ခွဲရမယ့်အချက်တွေကို အတိအကျ ပြဋ္ဌာန်းပြီး လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နောက်ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဌာန Debt Management နဲ့Cash Managementဌာန ကြွေးမြီမှတ်တမ်းတင်တာ၊ ကြွေးမြီ အစီရင်ခံတာ၊ ဆန်းစစ်တာ၊ ကြွေးမြီကို ခံနိုင်ရည်ရှိ/မရှိ ဆန်းစစ်ပြီး စီမံဆောင်ရွက်သွားမှာပါ။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**❖

# လေးစားချစ်ခင်အပ်သော စာရေးဆရာ

ဦးဟန်ညွန့် (ဥပဒေ)

**လေးစားချစ်ခင်ဖို့**

လူတစ်ယောက်ကို "လေးစားဖို့" အတော်ခက်သည်။ လူတစ်ယောက်ကို "ချစ်ခင်ဖို့"ဆိုလျှင် ပို၍ခက်သည်။ လေးစားဖို့ရော ချစ်ခင်ဖို့ပါဆိုလျှင်ဖြင့် ပို၍ပို၍ခက်လိမ့်မည်။ အဘယ်ကြောင့်နည်း။ ဟန်မဆောင်သော၊ ရင်ထဲကထွက်ပေါ်လာသော အရင်းခံမေတ္တာစေတနာကြောင့် ဖြစ်ပေသည်။ လုပ်ယူ၍မရသော "သဘာဝ" ကြောင့်လည်း ဖြစ်ပေသည်။

**စာရေးဆရာတွေမှာတော့**

စာရေးဆရာတွေမှာတော့ ခက်ခဲသောလေးစားမှု၊ ချစ်ခင်မှုကို လွယ်လွယ်ကူကူရကြသည်။ "စာရေးဆရာ"ဟူသော အမည်ဂုဏ်ပုဒ်ကိုကြားရုံဖြင့် လေးစားပြီးသား၊ ချစ်ခင်ပြီးသား။ သူများနှင့်မတူ၊ တစ်မူ ထူးခြားလှသည်။ "စာရေးဆရာ" ဟူသည် ရိုးသားသည်၊ နိုးကြားသည်။ "စာရေးသူတစ်ဦးမျှသာပါပဲ။ လောကကို အလှဆင်သူ၊ ဘဝကို အနီးကပ်မြင်သူ၊ ပြည်သူကို ကြည်ဖြူသူ၊ မာနကင်းသူ၊ ရိုးသားဖြောင့်မတ်သူ၊ လေးစားချစ်ခင် စရာပေါင်းစုံနှင့်ပြည့်စုံသူ။ ဤသူသည်ကား စာရေးဆရာပါတည်း။ သည့်ထက်ပို၍ ချဲ့ကားရေးနိုင်သော်ငြား "သဘာဝကျသော စာရေးဆရာ"ဟုဆိုလျှင် ပြည့်စုံပြီထင်ပါသည်။ ဖြည့်စွက်ဖို့လိုဦးမည်လား။

**စာဆိုတော်နေ့နီးပြန်ပြီ**

စာဆိုတော်နေ့နီးပြန်ပြီ။ မြန်မာစာဆိုတော်နေ့သည် သမိုင်းရှိသည်။ ဂျပန်ခေတ်ကစသည်။ ကွမ်းခြံကုန်းမြို့ ပညာတံခွန်အသင်းသည် အဘိဓာန်နှင့်ပညာစွယ်စုံကျမ်းများ ပြုစုခဲ့သည်။ ထိုစဉ်က "ဦးပုညနေ့" ကျင်းပရေး အစီအစဉ်တစ်ရပ် ချမှတ်ခဲ့သည်။ ပညာတံခွန်အသင်းကြီးက စာဆိုတော်အများနှင့် သက်ဆိုင်သောနေ့တစ်နေ့အဖြစ် ကျယ်ကျယ်ပြန့်ပြန့်သတ်မှတ်ကျင်းပရန် စီမံခဲ့ကြသည်။ ၁၉၄၄ ခုနှစ် မေလ ၈ ရက်တွင် "ဦးပုညနေ့" အစား "ဗမာ့စာဆိုတော်နေ့"အဖြစ်ကျင်းပရန် နှစ်စဉ် မြန်မာနှစ် နတ်တော်လဆန်း ၁ ရက်နေ့တွင် ကျင်းပရန်ဆုံးဖြတ်ခဲ့သည်။

**ပထမအကြိမ်စာဆိုတော်နေ့ အခမ်းအနား**

ပထမအကြိမ်စာဆိုတော်နေ့အခမ်းအနားကို ၁၉၄၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက် (၁၃၀၆ ခုနှစ်)တွင် စတင်ကျင်းပသည်။ ရန်ကုန်မြို့တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းက ဝိဇယပြဇာတ်ကပြခဲ့သည်။ အနယ်နယ်အရပ်ရပ်တွင် စာပေဟောပြောပွဲများ၊ စကားရည်လုပွဲများ၊ စာပေသရုပ်ဖော်ပွဲများ၊ စာပေပြိုင်ပွဲများ၊ စာပေဆွေးနွေးပွဲများကျင်းပခဲ့သည်။ စာဆိုတော်နေ့အထိမ်းအမှတ်ဖြစ်ပါသည်။ ထိုအချိန်မှစ၍ နတ်တော်လဆန်း ၁ ရက်နေ့ရောက်တိုင်း စာဆိုတော်နေ့အခမ်းအနား ကျင်းပခဲ့ကြသည်။

**စာဆိုတော်နေ့ဂုဏ်ရည်**

စာဆိုတော်နေ့တွင်သက်ကြီးဝါကြီး စာရေးဆရာကြီးများအား ပူဇော်ကန်တော့ခြင်း၊ စာပေဟောပြောပွဲများ ကျင်းပခြင်း၊ ပြဇာတ်ကခြင်း၊ စာပေဝါသနာရှင်များ စုစည်းခြင်း၊ စာရေးဆရာ၊ သတင်းစာဆရာ၊ ကဗျာဆရာ စသည်ဖြင့် ဘာသာရပ်အလိုက်လှုပ်ရှားခြင်း၊ ကျောင်းသားလူငယ်များအား စာပေအမွေပေးခြင်း၊ စာပေဆုများ အသီးသီးချီးမြှင့်ခြင်း၊ စာပေပြိုင်ပွဲ၊ စကားရည်လုပွဲ၊ ပဒေသာကပွဲစသည်များ ကျင်းပခြင်း၊ စာအုပ်ပြပွဲများ တင်ဆက်ခြင်းတို့သည် စာဆိုတော်နေ့၏ ဂုဏ်ရည် ဂုဏ်ဒြပ်များ ဖြစ်ပါပေသည်။

**စာရေးဆရာ၏ ဂုဏ်ဒြပ်**

"စာရေးဆရာ"သည် ရိုးသားသည်။ ငွေကြေးဥစ္စာနေကြွယ်ဝသူမဟုတ်။ စာပေဗဟုသုတကားကြွယ်ဝသည်။ ပြည်သူ့ဘဝ၊ အခြေခံလူတန်းစားဘဝကိုလည်း စာနာသူ၊ သစ္စာရှိသူဖြစ်သည်။ ကျော်စောမှု ဂုဏ်ပကာသနကို လိုလားသူလည်းမဟုတ်။ ရိုးစင်းသူ၊ တည်ငြိမ်သူ၊ ရင့်ကျက်သူဖြစ်ပေသည်။ စာရေးဆရာ၏ ဂုဏ်ဒြပ်ကိုအခြားအခြားသော ဂုဏ်ထူးဝိသေသများနှင့် နှိုင်းယှဉ်၍ရမည် မဟုတ်ချေ။

**တက္ကသိုလ်ဘုန်းနိုင်၏ သဘောထား**

စာရေးဆရာကြီးတက္ကသိုလ်ဘုန်းနိုင် (၁၉၉၇)၏ သဘောထားတစ်ရပ်တွင်-

ကျွန်တော်တို့ စာရေးဆရာများသည် ကျော်စောခြင်းကို လိုလားလှသည်မဟုတ်ပါ။ "ကျော်စောခြင်း"အစား "အသိအမှတ်ပြုခြင်း" ကိုသာ အထူးလေးစားကာရယူလိုပါသည်။ သုခုမအနုပညာရှင်များကဲ့သို့ လူအများ အနှံ့အပြားသိရှိသော ကျော်စောခြင်းထက်အနည်းစုဖြစ်သောစာဖတ်သူ၊ မြတ်နိုးသူတို့က "စာရေးဆရာ"ဟု အမည်ခံယူထိုက်သည်ဟူသော "အသိအမှတ်ပြုခြင်း"ကိုသာ လိုလားကြပါသည်ဟု မိန့်ဆိုဖူးပါသည်။

**တိုးတက်သောစာရေးဆရာ**

စာရေးဆရာတစ်ဦးနှင့်တစ်ဦး အတွေးအမြင်မတူညီကြပါ။ အမြင်အမျိုးမျိုးဖြင့် စာရေးနေကြသည်သာ။ မည်သို့ပင်ကွဲပြားခြားနားသော်ငြား လူထုအကျိုးရှိမည့်စာပေကိုသာ ရေးသားကြစမြဲဖြစ်သည်။

စာရေးဆရာ၊ သတင်းစာဆရာကြီး လူထုဦးလှက တိုးတက်သောစာရေးဆရာများ အနေဖြင့်-

(၁) ငါဘာမြင်သလဲ။

(၂) အမှန်အတိုင်း ငါမြင်သလား။

(၃) ဤအကြောင်းတရားကို ရေးလျှင် ပြည်သူလူထုအတွက် အကျိုးရှိသလားဆိုသည့် အမေးသုံးရပ်ကို အထူးသတိချပ်ကြရမည်ဟု ကျွန်တော်ယူဆသည်။ ဤအချက် သုံးချက်ကို လက်ကိုင်ထားပြီး သတိရှိရှိနှင့် မိမိရေးသားမည့်အကြောင်းအရာကို သုံးသပ်ဝေဖန်မည်ဆိုလျှင် စာရေးဆရာတစ်ဦး၊ စာပေပညာရှင်တစ်ယောက်သည် ဖောက်ဖောက်ပြန်ပြန်၊ မှားမှားယွင်းယွင်း စာပေများကို ရေးသားမိတော့မည်မဟုတ်ဟု ပြောကြားခဲ့သည်။

**စာရေးဆရာ၊ သတင်းစာဆရာ**

"စာရေးဆရာ"ဟူသောဝေါဟာရသည် စာရေးဆရာတစ်ဦးတည်းနှင့် သက်ဆိုင်သလော။ သတင်းစာဆရာ၊ ကဗျာဆရာတို့လည်း အကျုံးမဝင်ဘူးလားဟု မေးစရာရှိမည်။ နိုင်ငံရေးသမားသည်လည်း စာရေးဆရာ မဖြစ်နိုင်ဘူးလားဟု လူငယ်တချို့ကမေးကြသည်။ ဤမေးခွန်းကို ဆရာကြီးဦးဝင်းတင်က "သတင်းစာဆရာကြီး သိန်းဖေမြင့်" ခေါင်းစဉ်ဖြင့် "စနေစာပေဝိုင်းစာတမ်း၊ ၁၉၇၈"တွင် အောက်ပါအတိုင်း ဖတ်ကြားရှင်းလင်းခဲ့သည်-

"သိန်းဖေမြင့်သည် ထူးချွန်သောစာရေးဆရာလည်းဖြစ်၊ ထက်မြက်သော သတင်းစာဆရာလည်းဖြစ်၊ ထင်ရှားသောနိုင်ငံရေးသမားလည်းဖြစ်သည်။ သူ့ဘဝသည် သုံးဘဝတစ်ဘဝဖြစ်သည်။ သိန်းဖေမြင့်သုံးယောက်ပေါင်းပြီး သိန်းဖေမြင့်တစ်ယောက်ဖြစ်လာသည်။ စာရေးဆရာသိန်းဖေမြင့်၊ သတင်းစာဆရာသိန်းဖေမြင့်၊ နိုင်ငံရေးသမား သိန်းဖေမြင့်။ သိန်းဖေမြင့်သည် စာရေးဆရာသက်သက် မဟုတ်။ သတင်းစာဆရာသက်သက် မဟုတ်။ နိုင်ငံရေးသမားသက်သက်မဟုတ်။ သတင်းစာဆရာသိန်းဖေမြင့်၊ နိုင်ငံရေးသမားသိန်းဖေမြင့် တို့မရှိဘဲ စာရေးဆရာသိန်းဖေမြင့်ဟူ၍မဖြစ်တည်နိုင်။ အခြားနှစ်ဘဝသည်လည်း အလားတူပင်။ အခြားသိန်းဖေမြင့် နှစ်မြင့်မရှိဘဲ သိန်းဖေမြင့်တစ်မြင့်အဖြစ် မရပ်တည်နိုင်။ မျဉ်းသုံးမျဉ်းမရှိဘဲ တြိဂံတစ်ခုပေါ်မလာနိုင်သကဲ့သို့ ဖြစ်သည်"...တဲ့။

**စာပေသြဇာ**

စာရေးဆရာဖြစ်စေသော ပတ်ဝန်းကျင်သည် အဘယ်နည်း။ စာပေသြဇာသည် နက်ရှိုင်းလွှမ်းလှသည်။ ကူးစက်ခြင်းမြန်သည်။ ရင်ဝယ် ငြိတွယ်စေသည်။ စာများများဖတ်သူသည် စာရေးချင်လာတတ်သည်။ စာအုပ်များကြောင့်၊ စာပေသြဇာကြောင့် စာရေးဆရာဖြစ်လာသူတွေ တပုံတပင်ပါပဲ။

**ဆရာကြီး ဦးအောင်သင်းရေးသော "စာဖတ်သူခံစားရသောစာပေသြဇာ"**

စာရေးဆရာကြီး ဦးအောင်သင်းရေးသော"စာဖတ်သူခံစားရသော စာပေသြဇာ စာတမ်း"တွင်-

"မိမိပထမဆုံးစာဖတ်ဝါသနာပါလာခဲ့သည်မှာ ဒဂုန်မဂ္ဂဇင်း၏ကျေးဇူးကြောင့်ဖြစ်သည်။ ဒဂုန်မဂ္ဂဇင်းတွင်ပါသော ရုပ်ရှင်ကြော်ငြာလေးများသည် ဒွေးချိုးသံပေါက်များဖြင့် ရေးသားလေ့ရှိသဖြင့် ယနေ့တိုင်စွဲနေမိသည်။"

ဒဂုန်ခင်ခင်လေး၏ "မော်ဆရာမှတ်တမ်း"၊ ရွှေပြည်စိုး၏ "မိုးနက်" အစရှိသော လျှို့ဝှက်သည်းဖိုဝတ္ထုများကိုလည်း စာဖတ်နုစဉ်က လက်မလွှတ်နိုင်။ အချစ်ဝတ္ထုများသည်လည်း ချစ်ရခြင်း၊ လွမ်းရခြင်းတို့ကို အရသာခံစားရကြောင်း၊ ပီမိုးနင်း၏ တက်ကျမ်းများကိုဖတ်ရသည့်အခါ ကိုယ့်ထူးကိုယ်ချွန်လိုစိတ်များ တိုးပွားလာကြောင်း၊ သိန်းဖေမြင့်၏ "တက်ခေတ်နတ်ဆိုး"ကဲ့သို့ လူမှုရေးနှင့်ဆေးပညာပေး ဝတ္ထုမျိုးသည်လည်း ဆွဲဆောင်အား ကောင်းသလောက် အကျိုးပြုကြောင်း၊ မင်းဆွေရေးသော "လင်" ဝတ္ထုပါဇာတ်ဆောင်၏ ဘုကျသော စရိုက်ကို ငယ်စဉ်က တုပခဲ့မိကြောင်း။ ဗန်းမော်တင်အောင်၏ ဝတ္ထုများဖတ်ပြီးသောအခါ အရင်းရှင်စနစ်ကို မုန်းတီးဆန့်ကျင်လာခဲ့ကြောင်း၊ ဗန်းမော်တင်အောင်၏ ဝတ္ထုထဲမှ ဇာတ်လိုက်မှာ လက်ဖက်ရည်ခါးခါးကြိုက်ကြောင်း၊ မိမိကလည်း(သူ့လို) လက်ဖက်ရည်ခါးခါးကို ဇွတ်မှိတ်သောက်ပြီး ဗိုက်နာရောဂါ ရဖူးကြောင်း၊ ဇော်ဂျီ၊ မင်းသုဝဏ်တို့ကဲ့သို့ ဆရာကြီးများ၏ ဆောင်းပါးများကို ဖတ်ပြီးရသစာပေ၏ သဘော၊ ယဉ်ကျေးမှု၏ သဘောတို့ကို နားလည်လာကြောင်း၊ ထို့ကြောင့်ဆရာကြီး အောင်သင်းက စာပေ၏သြဇာထက်မြက်ပုံကို"စာရေးဆရာများ ဤလောကတွင် မရှိခဲ့လျှင်ဘဝ၏တစ်ခြမ်းကို ဆုံးရှုံးရခြင်းနှင့်တူပါလိမ့်မည်။ ထိုဆုံးရှုံးမည်ဖြစ်သော ဘဝတစ်ခြမ်းသည် ကျန်ရစ်သော ဘဝတစ်ခြမ်းထက်ပိုလှနေသည်ဟုလည်း ယူဆမိပါသည်" ဟု ဖတ်ကြားမှတ်ချက်ပြုခဲ့ပေသည်။

**စာအုပ်ကျေးဇူး**

လေးစားချစ်ခင်အပ်သော စာရေးဆရာများသည်စာအုပ်အမျိုးမျိုးကို ပြုစုရေးသားကြပါ၏။ စာအုပ်များ၏ ကျေးဇူးကားကြီးမားလှပါ၏။ ထိုသဘောကို စာရေးဆရာကြီးမန်းတင်က-

**ငြီးငွေ့နေလျှင် ပျော်ရွှင်စေ၏။**<br>
**ဗဟုသုတ ပေးဝေ၍။**<br>
**စိတ်အားငယ်က တက်ကြွစေ၏။**<br>
**မာန်လွန်ကဲလျှင် သတိယှဉ်၏။**<br>
**တရားဓမ္မ လမ်းမှန်ပြ၏။**<br>
**လောကုတ်၊ လောကီ**<br>
**အဆီအနှစ်၊ အသစ်၊ အဟောင်း**<br>
**စုပေါင်းပညာ၊ ဝေဖြာရောင်လင်း**<br>
**အမှောင်ခွင်း၏"ဟူ၍စပ်ဆိုခဲ့ပါ၏။**

လေးစားချစ်ခင်အပ်သော စာရေးဆရာကြီးများ၏ ဂုဏ်ကျေးဇူးကားကြီးမားလှပါပေ၏။

**တင်ပြချက်**

(၁) စာရေးဆရာကြီးများအား လေးစားပါ၏၊ ချစ်ခင်ပါ၏။

(၂) စာရေးဆရာကြီးများကလည်း လေးစားချစ်ခင်သူ အပေါင်းအား မေတ္တာရေတိုက်ကျွေးပါ၏။ ပက်ဖျန်းပါ၏။

(၃) ထိုမေတ္တာရေသည် အေးစေမြစေမေတ္တာရေ ဖြစ်ပါစေကြောင်း။

> "စာရေးဆရာ"သည် ရိုးသားသည်။ ငွေကြေးဥစ္စာဓနကြွယ်ဝသူမဟုတ်။ စာပေဗဟုသုတကားကြွယ်ဝသည်။ ပြည်သူ့ဘဝ၊ အခြေခံလူတန်းစားဘဝကိုလည်း စာနာသူ၊ သစ္စာရှိသူဖြစ်သည်။ ကျော်စောမှုဂုဏ်ပကာသနကို လိုလားသူလည်းမဟုတ်။ ရိုးစင်းသူ၊ တည်ငြိမ်သူ၊ ရင့်ကျက်သူဖြစ်ပေသည်။ စာရေးဆရာ၏ ဂုဏ်ဒြပ်ကို အခြားအခြားသော ဂုဏ်ထူးဝိသေသများနှင့် နှိုင်းယှဉ်၍ရမည်မဟုတ်ချေ။

## အခြေခံလူတန်းစားများအတွက် အငှားအိမ်ရာများတည်ဆောက်၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ဈေးနှုန်းချိုသာစွာဖြင့် စတင်ငှားရမ်းမည်

**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မြို့ပတ်ကမ်းနားလမ်း မင်းတဲအီကင်းရပ်ကွက် အကွက်(၁၀၅)၊ အကွက်(၄၄၄/၂)နှင့် ညောင်ကွဲရပ်ကွက် အကွက်(၄၄၄/၁)တို့တွင် မြန်မာနိုင်ငံတွင် ပထမဆုံးအခြေခံလူတန်းစားများအတွက် အငှားအိမ်ရာများကို ဧပြီ ၂၀ ရက်မှ စတင်တည်ဆောက်ခဲ့ရာ ဒီဇင်ဘာလအတွင်း ပထမအဆင့် အိမ်ရာများ ပြီးစီးရေး နေ့ဆိုင်းညဆိုင်းများဖြင့် တည်ဆောက်လျက်ရှိသည်။

အငှားအိမ်ရာများတွင် ၁၂ ခန်းတွဲ ခြောက်ထပ်အဆောက်အအုံ ၂၂ လုံး၊ အခန်းပေါင်း ၁၅၈၄ ခန်းရှိပြီး အလျား ပေ ၂၀၊ အနံ ၁၂ ပေ ကျယ်ကာ အခန်းတိုင်း ရေချိုးခန်း၊ အိမ်သာ၊ အမှိုက်စွန့်ပစ်စနစ်များ ထည့်သွင်းတည်ဆောက်ထားပြီး အဆိုပါအိမ်ရာများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ပုဂ္ဂလိကဆောက်လုပ်ရေးကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အငှားအိမ်ရာများအား ဧရာဝတီမြစ်ကမ်းဘေးတွင် သဲလုပ်ငန်း၊ ထင်းလုပ်ငန်း၊ သင်္ဘော၊ ကုန်တင်ကုန်ချလုပ်သားများ အများစုနေထိုင်ကြပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ယာယီဧည့်စာရင်းဖြင့် နေထိုင်သူများ၊ ရပ်ကွက် အမည်စာရင်းဝင်သူများအား ဦးစားပေးနေရာချထားပေးမည် ဖြစ်သည်။

အငှားအိမ်ရာ ငှားရန်းခများမှာ မြေညီထပ်တွင် ငွေကျပ် ၃၅၀၀၀၊ ပထမထပ်နှင့် ဒုတိယထပ်အတွက် ငွေကျပ် ၃၀၀၀၀၊ တတိယထပ်နှင့် စတုတ္ထထပ်တွင် ငွေကျပ် ၂၅၀၀၀၊ ပဉ္စမထပ်တွင် ငွေကျပ် ၁၅၀၀၀ သတ်မှတ်ထားပြီး အာမခံငွေ ကြိုတင်ပေးသွင်းရမည်ဖြစ်သည်။ အငြိမ်းစား ဝန်ထမ်းများ၊ တိုင်းပြည်အတွက် အသက်စွန့်ပေးလှူခဲ့သော စစ်မှုထမ်းများ၏ကျန်ရစ်သူမိသားစုများကိုလည်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက တန်ဖိုးနည်းအိမ်ရာများအား ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်တွင် တည်ဆောက်ပြီးမဲစနစ်ဖြင့် နေရာချထားပေးခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှလည်း တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများ စိတ်အေးချမ်းမြေ့စွာနေထိုင်နိုင်ရေးအတွက် မြရည်နန္ဒာရပ်ကွက်တွင် တန်ဖိုးမျှတအိမ်ရာများ တည်ဆောက်လျက်ရှိပြီး ၂၀၁၆ ခုနှစ် ဧပြီလတွင် မြို့ပြအိမ်ရာနှင့် ဖွံ့ဖြိုးရေးဘဏ်နှင့်ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့်ရောင်းချရန်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်အားလက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏အထူးအကြံပေး ပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားအား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးကိုကိုနိုင်နှင့် ဒေါ်အေးအေးမူ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ကုလအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ လက်ခံတွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**(အောက်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား တည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများအား ရဲစခန်းတွင် အမှုဖွင့်ထားပြီး တရားရုံး၏ အဆုံးအဖြတ်ကို ရယူရမည်ဖြစ်ကြောင်း၊ တရားမဲ့ပြုကျင့်မှုများအပေါ် ကန့်ကွက်လွှာတင်လိုပါက ရွေးကောက်ပွဲရလဒ်ကြေညာပြီး ၄၅ ရက်အတွင်း တင်ရမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ကန့်ကွက်လွှာများအား Open Court ဖြင့် လွတ်လပ်မျှတစွာ စစ်ဆေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်းနှင့် မီဒီယာများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လာရောက်လေ့လာနိုင်ကြောင်း ပြောကြားသည်။



ယင်းနောက် မစ္စတာ ဗီဂျေနမ်ဘီးယားက ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအား ဘက်လိုက်မှုမရှိဘဲ ဥပဒေနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့မှုကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကိုယ်တိုင် အသိအမှတ်ပြုပါကြောင်းနှင့် သိရှိလိုသည်များ မေးမြန်းမှုအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မစ္စတာ ဗီဂျေနမ်ဘီးယားအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၇**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့် အထူးအကြံပေးပုဂ္ဂိုလ်တို့သည် မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲအား ငြိမ်းချမ်းအောင်မြင်စွာကျင်းပနိုင်ခဲ့မှု၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတိုရေရှည် ဆောင်ရွက်နေသည့်အခြေအနေ၊ လှေစီးသွားလာသူများကိစ္စနှင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်သွားရန် ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

၀၀၀

# ချောင်းဦးမြို့ ညောင်ပင်ပဇ္ဇောတာရုံကျောင်းတိုက် မီးပုံးပျံပွဲစည်ကား

**ချောင်းဦး နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ ညောင်ပင်ပဇ္ဇောတာရုံကျောင်းတိုက်၌ ဆဋ္ဌမအကြိမ် မီးပုံးပျံပွဲတော်ကို နိုဝင်ဘာ ၂၆ ရက် ညနေ ၆ နာရီက ကျင်းပကြောင်း သိရသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းမြင့်၊ ကျောင်းအကျိုးတော်ဆောင် ဦးသိန်းတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အထိမ်းအမှတ် သီချင်းဖြစ်သည့် "ချောင်းဦးတန်ဆောင်တိုင်" သီချင်းဖြင့် ဖျော်ဖြေကာ မီးပုံးပျံပွဲကျင်းပသည့် ရည်ရွယ်ချက်နှင့် မီးပုံးပျံအမှတ်ပေး စည်းမျဉ်းများကို အကဲဖြတ်ဒိုင်ချုပ် ဦးသိန်းတင်က ရှင်းလင်းတင်ပြ၍ လွှတ်တင်ရမည့် အလှည့်ကျ အစီအစဉ်များကို မဲနှိုက်ပြီး မီးပုံးပျံစတင်လွှတ်တင်ခြင်းနှင့်အတူ ဖျော်ဖြေရေးအဖွဲ့ငါးဖွဲ့မှ အလှည့်ကျဖျော်ဖြေကြသည်။

ညောင်ပင် ပဇ္ဇောတာရုံကျောင်းတိုက် ဆဋ္ဌမအကြိမ် မီးပုံးပျံပွဲတော်တွင် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ မီးပုံးပျံအဖွဲ့ ၁၃ ဖွဲ့မှ ပါဝင်ယှဉ်ပြိုင်ပြီး ပထမဆုရ ခင်မွန်ရွာ မဟာဇေတိကရာမကျောင်း မီးပုံးပျံအဖွဲ့အား ငွေကျပ် ငါးသိန်း၊ ဒုတိယဆုရ ခင်မွန်ရွာ ညတိမ်ယံ မီးပုံးပျံအဖွဲ့အား ငွေကျပ် သုံးသိန်း၊ တတိယဆုရ အောင်တမန်သစ်ဆက် လုပ်သားအဖွဲ့အား ငွေကျပ်နှစ်သိန်းနှင့် ကျန်နှစ်သိမ့်ဆုရအဖွဲ့ ၁၀ ဖွဲ့အား ငွေကျပ် ငါးသောင်းစီ အသီးသီးဆုများ ချီးမြှင့်ကြောင်း သိရသည်။

ချောင်းဦးမြို့ မီးပုံးပျံပွဲကြည့်ရှုခဲ့သူ မသင်းသင်းနိုင်က "ကျွန်မတို့ ချောင်းဦးမီးပုံးပျံပွဲကျင်းပခဲ့တာ ဒီနှစ်နဲ့ဆို ခြောက်နှစ်ရှိခဲ့ပါပြီ။ တစ်နှစ်ပြီးတစ်နှစ် ပိုစည်ကားလာတာတွေ့ရပါတယ်။ ချောင်းဦးမြို့ရဲ့ ဘာသာရေးပွဲတော်တွေကို ရှေးစဉ်လာမပြတ် ထိန်းသိမ်းတန်ဖိုးထားပြီး စည်ကားသိုက်မြိုက်စွာနဲ့ ပြည်သူတွေ အပန်းဖြေ ပျော်ရွှင်နေကြတာ မြင်တွေ့ရလို့ မြို့လူထုကိုယ်စား တာဝန်ရှိသူတွေကို ကျေးဇူးတင်မိပါတယ်"ဟု ပြောပြသည်။

**အိအိစိုး(ချောင်းဦး)**



# ထိုင်းနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ရန်ကုန် နိုဝင်ဘာ ၂၇**

ထိုင်းနိုင်ငံ စာရေးဆရာများအသင်းနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့၏ နှစ်နိုင်ငံစာရေးဆရာအသင်းများကြား စာပေရေးရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာရေးထိုးခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ စာချွန်လွှာလက်မှတ်ရေးထိုးပွဲသို့ ထိုင်းနိုင်ငံစာရေးဆရာများ အသင်းဥက္ကဋ္ဌ Mr.Burapha Arampeel၊ ဒုတိယဥက္ကဋ္ဌ Mr. Kajohnrit Raksa နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ စည်သူဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများအဖွဲ့နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

စာချွန်လွှာတွင် နှစ်နိုင်ငံစာရေးဆရာအသင်းများ ပိုမိုကောင်းမွန်သော ဆက်ဆံရေးနှင့် မျက်မှောက်ခေတ်စာပေလက်ရာများ ရွေးချယ်ဘာသာပြန်၍ ထုတ်ဝေဖြန့်ချိရေးကိစ္စများ၊ နှစ်နိုင်ငံစာရေးဆရာအသင်းများ၊ အခြားပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ လုပ်ဆောင်ကြရန် သဘောတူခဲ့ကြောင်းနှင့် စာချွန်လွှာသက်တမ်းမှာ သုံးနှစ်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ပြည်တွင်းရေးရာ

◆စာမျက်နှာ၅ မှ

ဒါနဲ့ပတ်သက်ပြီးတော့ ပြည်တွင်းဖြစ်စေ၊ ပြည်ပဖြစ်စေ ကြွေးမြီနဲ့ပတ်သက်ပြီး သိလိုတာရှိရင် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာနကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

**မေး။ ။နိုင်ငံရဲ့ ငွေကြေးဖောင်းပွမှု ဘယ်လိုရှိတယ်။ ဘယ်လိုကိုင်တွယ်နေတယ်ဆိုတာကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ငွေကြေးဖောင်းပွမှုနှုန်းကို အမျိုးသားစီမံကိန်းဖွံ့ဖြိုးမှုတိုးတက်ရေးဝန်ကြီးဌာနက တွက်ချက်ပါတယ်။ တွက်ချက်ပြီးတော့ ခြောက်လပတ်အစီရင်ခံစာတို့၊ နှစ်ပတ်လည် အစီရင်ခံစာတို့ ထုတ်ပြန်ပါတယ်။ ငွေကြေးဖောင်းပွမှုနှုန်းက အရင်နှစ်ထက်စာရင် မြင့်တက်လာတယ်ဆိုပေမယ့် နိုင်ငံတကာငွေရေးကြေးရေး အဖွဲ့အစည်းတွေက ခန့်မှန်းတာကတော့ အရင်က Single Digit တွေပဲရှိပါတယ်။ အခု Double digit ရှိနေပါပြီ။ တိတိကျကျတော့ ပြောလို့မရဘူး။ တစ်ပြည်လုံးအတိုင်းအတာနဲ့ ငွေကြေးဖောင်းပွမှုအထိုက်အလျောက်တက်နေပြီလို့ လက်ခံရပါမယ်။ အခြေခံစားကုန်၊ အခြားသော အခြေခံစားကုန်မဟုတ်တဲ့ အိမ်ခြံမြေတွေကို အခြေခံပြီးတွက်တာလည်း ရှိပါတယ်။ တစ်ပြည်လုံးအတိုင်းအတာနဲ့ဆိုရင်တော့ ငွေကြေးဖောင်းပွနေတယ်လို့ ဆိုနိုင်ပါတယ်။

ဒါတွေကို ဘယ်လိုကာကွယ်မလဲဆိုတော့ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒနဲ့ အခြားစပ်ဆက်မူဝါဒတွေ စသဖြင့် အဓိက မူဝါဒတွေ ပေါင်းစပ်ပြီး နိုင်ငံတော်အစိုးရကနေ ငွေကြေးဖောင်းပွမှုကို တည်ငြိမ်သွားအောင်၊ ပြန်လည်ကျဆင်းသွားအောင် ဆောင်ရွက်ရမှာပါ။ ပြည်တွင်းငွေကြေးဖောင်းပွမှုရှိနေပြီဆိုရင် ပြည်တွင်းမှာ လှည့်လည်သုံးစွဲနေတဲ့ငွေတွေ များနေပြီဆိုတာပြနေတာပါ။

ဒီပြည်တွင်းမှာ လှည့်လည်သုံးစွဲငွေတွေကို လျော့ကျသွားအောင် ဗဟိုဘဏ်ကနေ အတိုးနှုန်းမြှင့်ပြီးတော့မှ ဘဏ်တွေကို ငွေတွေပြန်ဝင်လာအောင် ဆောင်ရွက်တဲ့နည်း၊ ဒါက ငွေကြေးမူဝါဒနဲ့လုပ်တဲ့နည်း၊ ခုနပြောတဲ့ loan တွေ၊ bill တွေ ရောင်းချပြီး ငွေတွေအစိုးရဆီရောက်အောင်လုပ်တဲ့နည်း၊ loan အတိုးနှုန်းတွေ ယခင်နဲ့စာရင် တိုးမြှင့်ပေးတယ်။ bill အတိုးနှုန်းတွေ တိုးမြှင့်ပေးမယ်။ အပြင်မှာ ပွနေတဲ့ငွေတွေ ဘဏ်တွေထဲကို ပြန်ရောက်သွားမယ်။ အစိုးရလက်ထဲကို ပြန်ရောက်သွားမယ်ဆိုရင် ငွေကြေးမူဝါဒနဲ့ ပြန်ကုစားပေးတဲ့နည်း၊ တခြားသောဘဏ်တွေရဲ့ ငွေကြေးမူဝါဒအရ သီးသန့်ငွေ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတာက တစ်နည်း၊ တစ်ဖက်ကလည်း fiscal policy အနေနဲ့၊ နိုင်ငံရေးမူဝါဒအနေနဲ့ အစိုးရကသုံးငွေတွေ ဘယ်လို လျှော့သုံးမလဲ၊ လိုချင်တဲ့စီမံကိန်းတွေကို ကျစ်ကျစ်လျစ်လျစ်နဲ့ ပြီးမြောက်အောင်မြင်အောင် ဘယ်လိုသုံးမလဲ၊ ရငွေတွေကို ဘယ်လို တိုးရှာမလဲ (Tax Policy)၊ တစ်ဖက်က Expenditure Policy၊ ကုန်သွယ်ရေးမူဝါဒမှာ Export တွေ ဘယ်လို တိုးမြှင့်မလဲ၊ သွင်းကုန်တွေ တတ်နိုင်သမျှနည်းအောင် ဘယ်လို အစားထိုးလုပ်ဆောင်မလဲဆိုတာ ကုန်သွယ်ရေးမူဝါဒဘက်က စဉ်းစားရမှာဖြစ်ပါတယ်။ တခြားသော မေခရိုစီးပွားရေးနယ်ပယ်တစ်ခုလုံး ဆက်စပ်မူဝါဒတွေအားလုံးဝိုင်းပြီး ဆောင်ရွက်ပါမှ ငွေကြေးဖောင်းပွမှုနှုန်းတွေ တတ်နိုင်သမျှတည်ငြိမ်မယ်။ တည်ငြိမ်နေရင် ကောင်းပါတယ်။

ဒါပေမယ့် သီအိုရီတွေအရ ဖွံ့ဖြိုးတိုးတက်မှုလိုချင်ရင် ငွေကြေးဖောင်းပွမှုနှုန်းကလည်း အထိုက်အလျောက်မြင့်တက်လာမှာပဲဆိုတဲ့ သီအိုရီလည်းရှိတယ်။ တစ်ဖက်က စီးပွားရေးဖွံ့ဖြိုးမှုတက်လာရင် GDPတက်လာရင် ငွေကြေးဖောင်းပွမှုက မနှစ်ကထက်စာရင် ဒီနှစ် တစ်ရာခိုင်နှုန်းတက်တယ်။ ၁ ဒသမ ၅ ရာခိုင်နှုန်း လောက်တက်လာတဲ့ အနေအထားမျိုးကို ငွေကြေးဖောင်းပွမှု မြင့်တက်လာပြီဆိုပြီးလည်း ကြောက်စရာမလိုပါဘူး။ ဒါပေမယ့် ရုတ်တရက်အများကြီးကွာခြားသွားရင်တော့ တက်လိုက်ကျလိုက်မတည်မငြိမ် ဖြစ်နေပြီဆိုရင်တော့ မဖြစ်တော့ဘူးပေါ့။

**မေး။ ။နိုင်ငံတော်ရဲ့ဘတ်ဂျက်ပုံစံ ယခင်နှင့်ယခုပြောင်းလဲဆောင်ရွက်မှုကိုလည်း သိပါရစေ။**

ဖြေ။ ။၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကနေစပြီးတော့ နိုင်ငံတော်ပုံစံက ပြောင်းသွားတော့ ဘတ်ဂျက်ရေးဆွဲရေးစနစ်ကိုလည်း ပြောင်းလဲဆောင်ရွက်ရပါတယ်။ ပြည်ထောင်စုဘတ်ဂျက်လို့ခေါ်တဲ့ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြည်ထောင်စုမှာလုပ်ပါတယ်။ နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၄)ခုကို တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်ဂျက်တစ်ခုစီ လုပ်ပါတယ်။

ပြည်ထောင်စုရသုံးခန့်မှန်းခြေငွေစာရင်းနဲ့ တိုင်းဒေသကြီး/ပြည်နယ် ရသုံးခန့်မှန်းခြေငွေစာရင်း ဆက်စပ်မှု အဓိကအချက်သုံးချက်ရှိပါတယ်။ ပြည်ထောင်စုမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် တစ်ခုချင်းစီမှာ အထိ ဘတ်ဂျက်တွေမှာ လိုငွေပြနေရင်၊ သုံးငွေက ဝင်ငွေထက်များနေရင်၊ လိုငွေပြနေရင် ပြည်ထောင်စုဘဏ္ဍာကနေ ဖြည့်ဆည်းပေးပါတယ်။ နောက်နည်းလမ်းတစ်ခုက ဖွဲ့စည်းပုံပါ အခြေခံဥပဒေအရပဲ အထူးကိစ္စရပ်များ (ဥပမာ-ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ပြည်ထောင်စုဘဏ္ဍာငွေမှ ပြည်ထောင်စုအစိုးရ အစီအစဉ်နဲ့ သုံးစွဲပါတယ်။ နောက် ကျေးလက်မီးလင်းရေး၊ ရေရရှိရေး၊ နောက် စုပေါင်းရုံးတွေဆောက်ဖို့၊ အိမ်မဲ့ယာမဲ့တွေအတွက် လယ်ယာမြေဖော်ထုတ်ဖို့ စသဖြင့်သက်ဆိုင်ရာအထူးကိစ္စတွေကို ဖြည့်ဆည်းပေးပါတယ်။ လိုငွေတစ်ခုချင်းစီမှာ ဖြည့်ဆည်းပေးပါတယ်။)

တတိယတစ်ခုကတော့ အကယ်၍ သူတို့ရဲ့သုံးငွေက သူတို့ရဲ့ရငွေထက်ပိုနေခဲ့ရင် စည်ပင်သာယာရေးအတွက်ဖြစ်တယ်ဆိုရင်တော့ သူတို့ဟာ သင့်တော်တဲ့ အတိုးနှုန်းနဲ့ ပြည်ထောင်စုအစိုးရဆီမှ ငွေကိုချေးဖို့၊ ချေးငွေအနေနဲ့ ခွင့်ပြုပေးလို့ ရပါတယ်။ ဒီလို နည်းလမ်းသုံးမျိုးနဲ့ ချိတ်ဆက်ထားပါတယ်။

ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲရေးစနစ်ကို ၂၀၁၁-၂၀၁၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ၂၀၁၄ မှ ၂၀၁၉ ခုနှစ်အထိ ငါးနှစ်ကြာမြင့်တဲ့ စီမံကိန်းဖြစ်ပါတယ်။

ဒီလို စီမံကိန်းတစ်ခုကိုလုပ်ဖို့အတွက် ၂၀၁၁-၂၀၁၂ မှာ ဘတ်ဂျက်ရေးဆွဲတာ၊ စိစစ်တာတွေပြောင်းလဲဖို့ ကမ္ဘာ့ဘဏ်ကို အပြည်ပြည်ဆိုင်ရာ ရန်ပုံငွေအဖွဲ့တွေထံက နည်းပညာအကူအညီရယူပြီး လက်ရှိအနေအထားတွေကို လေ့လာတယ်။ အားနည်းချက်၊ အားသာချက်တွေကို လေ့လာတယ်၊ သုံးသပ်တယ်။ ၂၀၁၁ ခုနှစ်ကစပြီး တစ်နှစ်ကျော်လောက်မှ Public Financial Report အင်္ဂလိပ်လို၊ မြန်မာလိုထုတ်ပါတယ်။ IMFကလည်း Public Financial Management နဲ့ပတ်သက်တဲ့ Mission တွေ လွှတ်ပြီးတော့ အစီရင်ခံစာတစ်စောင် ထွက်ပါတယ်။ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ Strategy ချတယ်။ အဲဒီကနေအခြေခံပြီးတော့မှ Action Plan တွေချကာ စနစ်တကျလေ့လာပြီး စီမံဆောင်ရွက်နေပါတယ်။

**မေး။ ။နိုင်ငံရဲ့အခွန်စနစ်နဲ့ ပတ်သက်ပြီးတော့ အခွန်ရရှိမှု နည်းပါးတယ်ဆိုပြီး ဝေဖန်တာတွေရှိနေပါတယ်။ လက်ရှိဘယ်လိုဆောင်ရွက်နေတယ်ဆိုတာကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။အခွန်စနစ်၊ အခွန်အကောက်ရငွေသည် အခြားသောနိုင်ငံတွေနဲ့ (အထူးသဖြင့်) ဒေသတွင်းနိုင်ငံတွေနဲ့ နှိုင်းယှဉ်လျှင် တစ်မျိုးသားလုံးရဲ့ အခွန်အခနဲ့ ဝင်ငွေ အချိုးချရင် ၁၀ ရဲ့အောက်မှာရှိနေတယ်။ ၂၀၁၄-၂၀၁၅ မှာ ရှစ်ရာခိုင်နှုန်း လောက်ရှိပြီး ဒေသတွင်းနိုင်ငံများထက်နည်းနေပါတယ်။ ကျွန်တော်တို့က ၁၀ ရာခိုင်နှုန်းအထက်ကျော်ရပါမယ်။ အခွန်နဲ့ပတ်သက်တဲ့ ပြုပြင်ပြောင်းလဲရေးတွေ လုပ်ကိုလုပ်ရပါမယ်။

ပြည်တွင်းအခွန်များဦးစီးဌာနက နိုင်ငံတော်ရဲ့ အဓိကကျတဲ့အခွန်ကြီးတွေကို ကုန်သွယ်လုပ်ငန်းခွန်တို့လို အခွန်တွေကို တာဝန်ယူပြီး ကောက်ရပါတယ်။ ဒီလို အဓိကကျတဲ့ အခွန်တွေကို ကောက်ပေးသလို အခြားဝန်ကြီးဌာနတွေကလည်း သက်ဆိုင်ရာအခွန်ကောက်ပေးတာရှိပါတယ်။

အခွန်အကောက်ရငွေသည် GDP နဲ့နှိုင်းယှဉ်ရင် နည်းနေပါသေးတယ်။ အခွန်ကောက် အခြေခံဧရိယာကို ချဲ့ထွင်ဖို့လိုပါတယ်။ အခွန်အကောက်ရယူတဲ့ စနစ်ကိုလည်း ပြုပြင်ဖို့လိုတယ်။ ကမ္ဘာ့ဘဏ်တို့၊ IMF တို့လို အဖွဲ့အစည်းတွေက နည်းပညာ အကူအညီတွေရယူပြီးတော့ ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ်မှာ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးကို Large Tax Payer Office ကို မကြာမီက ဖွဲ့စည်းလိုက်ပါတယ်။ ဒါက နိုင်ငံတော်မှာ အခွန်အများဆုံးထမ်းဆောင်တဲ့ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေဆီကနေ ရသင့်ရထိုက်တဲ့ အခွန်တွေကို အပြည့်အဝရရှိဖို့ ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီနှစ်ထဲမှာ MTO လို့ခေါ်တဲ့ Medium Tax Payer Office၊ အဲဒီကနေတစ်ဆင့်တက်ပြီး Small Tax Payer Office တွေ ဖွင့်သွားဖို့ရှိပါတယ်။ အမြတ်ခွန် ဥပဒေကို ရုပ်သိမ်းခဲ့ပါတယ်။ ပြီးရင် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ၊ ရုံးခွန်၊ နောက် မြန်မာနိုင်ငံ တံဆိပ်ခေါင်းခွန်၊ ကုန်းလမ်းအကောက်အခွန်၊ ပင်လယ်ရေကြောင်း အကောက်အခွန်အက်ဥပဒေ၊ အသေးစား ငွေရေးကြေးရေးဥပဒေ အသစ်ပြဋ္ဌာန်းပြင်ဆင်ခဲ့ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကို ပြဋ္ဌာန်းပြီး သီးခြားရပ်တည်တဲ့အဖွဲ့အစည်းအဖြစ်ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေအသစ်ပြဋ္ဌာန်းခဲ့ပါတယ်။ ငွေချေးသက်သေခံလက်မှတ်လဲလှယ် ရောင်းဝယ်ရေးလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ပြည်ထောင်စုရဲ့ အခွန်အကောက်ဥပဒေကို ၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်မှစပြီး ပြည်ထောင်စုလွှတ်တော်က နှစ်စဉ် ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါတယ်။

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်

INTERNATIONAL DAY OF PERSONS WITH DISABILITIES

3rd December, 2015

လူတိုင်းအကျုံးဝင်ဖွံ့ဖြိုးဖို့ မသန်စွမ်းအားလုံး စွမ်းအားမြင့်တင်စို့

"Inclusion Matters: Access and Empowerment of People of All Abilities"

နေပြည်တော် ၃.၁၂.၂၀၁၅

# ရိုးရာမပျက် မီးမျှောပူဇော်ပွဲတော် မဒေါက်မြို့၌ ဆင်နွှဲ

**ညောင်လေးပင် နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ တန်ဆောင်တိုင်မီးမျှောပွဲတော်ကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ပြီး မဒေါက်မြို့ စစ်တောင်းမြစ်ကမ်းနံဘေး ဗဟိုမဏ္ဍပ်၌ ညောင်လေးပင်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ ရွှေကျင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်း၊ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် ရွှေကျင်တပ်နယ်မှ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြသည်။

ယခုနှစ် မီးမျှောပွဲတော်၌ ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ၊ မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲ၊ ချောတိုင်တက် ပြိုင်ပွဲ၊ မြန်မာ့ရိုးရာ ခြင်းအလှခတ်အားကစားပွဲများ ထည့်သွင်းကျင်းပခဲ့သည့်အပြင် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် ရှင်ဥပဂုတ္တမထေရ်မြတ်အား စစ်တောင်းမြစ်အတွင်း လှည့်လည်အပူဇော်ခံမည့် အစီအစဉ်များ မကျင်းပမီ မွန်းလွဲ ၁ နာရီခွဲကျော်ခန့်က စတင်ကာ စစ်တောင်းမြစ်အတွင်း၌ ယိမ်းအဖွဲ့ ၁၂ ဖွဲ့က ယိမ်းအကများပါဝင်ဖျော်ဖြေယှဉ်ပြိုင်မှုများဖြင့်လည်း ကျင်းပနိုင်ခဲ့သည်။

ဝင်ရောက်ယှဉ်ပြိုင်သည့် အားကစားပွဲများတွင် ဆုများ ချီးမြှင့်ပေးအပ်ခဲ့ပြီး ယိမ်းအကအဖွဲ့ ယှဉ်ပြိုင်မှုများထဲမှ ဆုရရှိသည့် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရ ယိမ်းအဖွဲ့များကိုလည်း တာဝန်ရှိသူများနှင့် ပွဲတော်ကျင်းပရေးကော်မတီများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့အပြင် ပွဲတော်၏နောက်ဆုံးနေ့ ကျင်းပသည့် နိုဝင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းမှ ညနေပိုင်းထိ ထမင်းစတုဒိသာကျွေးမွေးခဲ့ရာ မြို့ပေါ်နေပြည်သူများ၊ အနီးဝန်းကျင်ဒေသနေပြည်သူများ လာရောက်ကြ၍ တပျော်တပါးစားသုံးကြသည်။ ထို့နောက် ညနေ ၆ နာရီတွင် ရှင်ဥပဂုတ္တမထေရ်မြတ်အား ရောင်စုံမီးကြာခွက်များဖြင့် မီးမျှောပူဇော်ရာ ဒေသခံပြည်သူများ၊ ပွဲတော်လာ ပရိသတ်များ တပျော်တပါး မီးမျှောပူဇော်ကြပြီး ည ၈ နာရီတွင် မီးမျှောပူဇော်ပွဲ ကျင်းပပြီးစီးခဲ့သည်။

အဆိုပါ မဒေါက်မြို့၏ ကျက်သရေဆောင် တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲကြီးကို ကောဇာသက္ကရာဇ် ၁၃၃၄ ခုနှစ်မှစပြီး ကျင်းပလာခဲ့ရာ ယခုဆိုလျှင် နှစ်ပေါင်း (၄၃) နှစ်တိုင်တိုင် ကြာမြင့်ခဲ့ပြီဖြစ်သည်။

**(ပိန်းဇလုပ်သိန်းညွန့်)**

**✱ ရွှေဖုံးမှ**

တိုက်ခန်းနေပြည်သူများအဆင်ပြေစေရေးအတွက် အဆောက်အအုံ၌ ကိုယ်ပိုင်ထရန်စဖော်မာ၊ ကိုယ်ပိုင်မီးစက်၊ ၂၄ နာရီလုံခြုံရေးစနစ်၊ ဖျော်ဖြေရေးရုပ်သံလိုင်း၊ အင်တာနက် WIFI Free ၊ PABX System၊ Fire Alarm နှင့် Fire Fighting System တို့ကို ကွန်ဒိုအတွင်းရှိပြည်သူများအတွက် ဆောင်ရွက်ပေးထားသေးသည်။ ရှုမျှော်ခင်းများအနေဖြင့်လည်း လမ်း (၅၀) ဘက်ခြမ်း၌ ဆူးလေဘုရား၊ ဝန်ကြီးများရုံးနှင့် ရန်ကုန်မြစ်တို့၏ အလှတို့ကို ရှုမျှော်မြင်တွေ့နိုင်မည်ဖြစ်ပြီး ကုန်သည်လမ်းဘက်ခြမ်း၌မူ ရန်ကုန်မြစ်အလှ၊ ဗိုလ်တထောင်ဆိပ်ကမ်းနှင့် ဗိုလ်တထောင်ဘုရားတို့အားစိတ်ကြည်နူးဖွယ်ရာခံစားကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသော Moon Sun ကုမ္ပဏီလီမိတက်မှတာဝန်ရှိသူက "အဆောက်အအုံဆောက်လုပ်ခြင်းရည်ရွယ်ချက်ကတော့ မြို့ပြအိမ်ရာဖွံ့ဖြိုးမှုအတွက် တစ်ထောင့်တစ်နေရာကနေ အထောက်အကူဖြစ်အောင်ဆောင်ရွက်လိုက်တာပါ။ ခေတ်မီအဆင့်မြင့်အဆောက်အအုံတွေမရှိတဲ့ နေရာတွေမှာ ဒီလိုခေတ်မီတဲ့ အဆောက်အအုံများ အစားထိုးနေရာယူလာအောင် ဆောင်ရွက်လိုက်ခြင်းလည်းဖြစ်ပါတယ်။ အကယ်၍ ဒီအဆောက်အအုံပြီးစီးသွားပြီဆိုရင် နိုင်ငံတကာက ကွန်ဒိုအဆောက်အအုံများရဲ့ အရည်အသွေးအတိုင်း စံချိန်စံညွှန်းများနဲ့ နှိုင်းယှဉ်ပြီးဆောက်နေတာဆိုတော့ အထပ်မြင့်ကွန်ဒိုတစ်လုံးတိုးလာမယ့် သဘောပါပဲ။ ဒီအဆောက်အအုံ ဆောက်နေတာကလည်း အဓိက အာဆီယံစံချိန်စံညွှန်းနှင့်အညီအချိန်ယူပြီးစနစ်တကျခိုင်ခံ့အောင်ဆောက်လုပ်ဆောင်ရွက်နေတာဆိုတော့ အခန်းနေထိုင်သူတွေအတွက်လည်းအကျိုးရှိပါလိမ့်မယ်" ဟု ရှင်းပြသည်။

အဆိုပါ တန်ဖိုးသင့် Merchant Luxury ကွန်ဒို အဆောက်အအုံမှ အခန်းများအား သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Moon Sun ကုမ္ပဏီလီမိတက်တို့မှ အကျိုးတူပူးပေါင်းဆောက်လုပ်လျက်ရှိသော Merchant Luxury Condominium အား ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်ဒီဇင်ဘာလမှစတင်၍မြေပြင်၊ မြေညှိလုပ်ငန်းများ စတင်လုပ်ဆောင်ခြင်းဖြင့်လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စီမံကိန်းကာလ ဆောင်ရွက်ပြီးစီးရေးအတွက် သုံးနှစ်တာ ကာလအတွင်း ရေမီး ပြည့်စုံသော အဆင့်မြင့်ခေတ်မီ အထပ်မြင့် ကွန်ဒိုမီနီယံစီမံကိန်းကြီးဖြစ်ပေါ်ပြီးစီးရန် မျှော်မှန်းထားကြောင်း သိရသည်။

# တောဆင်ရိုင်းရန်မှု၍ သားအဖနှစ်ဦး သေဆုံး

**ငွေဆောင် နိုဝင်ဘာ ၂၇**

ငွေဆောင်မြို့ အမှတ် (၄) ရပ်ကွက်ဘူးကွဲတွင်နေထိုင်သူ ဦးမိုးဝေသည် နိုဝင်ဘာ ၂၆ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ၎င်း၏ ခြောက်လသားအရွယ်သားငယ်နှင့်အတူ ဘူးကွဲတောင်တွင် တောင်ယာလုပ်ကိုင်၍ အိမ်သို့ပြန်လာရာ ဟိုင်းဆင်ဟုယူဆရသော တောဆင်ရိုင်းတစ်ကောင်က ဝင်ရောက်ရန်မူခဲ့သဖြင့် အခင်းဖြစ်နေရာတွင် သားအဖနှစ်ဦးစလုံး သေဆုံးခဲ့သည်။

၎င်းတို့အားရန်မူခဲ့သော တောဆင်ရိုင်းမှာအုပ်စုဖြင့် လှည့်လည်သွားလာနေသော ဆင်ရိုင်းအုပ်စုမှ တစ်ကောင်ဖြစ်ကြောင်းနှင့် ယင်းဆင်ရိုင်းအုပ်တွင် အကောင် ၂၀ ခန့်ရှိမည်ဟု ခန့်မှန်းရကြောင်း၊ ယခုအခါ တောတောင်များတွင် အစာရေစာရှားပါးမှုများကြောင့် ရွာပတ်ဝန်းကျင်အနီးအနားတောင်ယာများသို့ လာရောက်စားသောက်ခြင်းဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**မူမူ(ပြန်/ဆက်)**

## ပြည်တွင်းရေးရာ

### အယ်လ်ဘေးနီးယားနိုင်ငံ လွတ်မြောက်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော်  နိုဝင်ဘာ  ၂၈**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ကျရောက်သော အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ၏ လွတ်မြောက်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒီမီယာဘူရှာတီ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ၅ ဒသမ ၄ အင်အားရှိ မြေငလျင်တစ်ခုလှုပ်ခတ်

**မုံရွာ  နိုဝင်ဘာ  ၂၇**

မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၉၀ ခန့်၊ မုံရွာမြို့မှ အနောက်မြောက်ဘက် ၃၅ မိုင်ခန့်ကိုဗဟိုပြုပြီး နိုဝင်ဘာ ၂၇ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၄ ရှိ အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ခတ်သွားကြောင်း မုံရွာမြို့ရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တိုင်းထွာရေး(၃) ဦးအောင်ချိုစန်းက ပြောကြားသည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုကြောင့် ကနီမြို့ အမှတ်(၁)ရပ်ကွက်ရှိ သီတာဦးစေတီထီးတော်မြေခ၍ သပိတ်မှောက်အောက်မှ ပြိုကျခြင်း၊ သမိုင်းဝင်ရွှေမြင်းဖြူ မြတ်စွာဘုရားလုံးတော်အက်ကွဲခြင်း၊ အရန်စေတီတစ်ဆူ စိန်ဖူးတော်မြေခပြီး တစ်ဆူမှာ ထီးတော်အောက်ဘက် ငှက်ပျောဖူးမှပြတ်ကျပြီး ထီးတော်မြေခခြင်း**(ယာပုံ)**၊ အမှတ်(၁)ရပ်ကွက် မြို့လယ်ဘုရားကြီး ထီးတော်ယိုင်ပြီး ငှက်ပျောဖူး အက်သွားခြင်း၊ ခတ်ပေါင်းစုစေတီတော် ထီးတော်ယိုင်ခြင်း၊ အမှတ်(၂)ရပ်ကွက်ရှိ ရှင်ပင်စစ်သားဘုရား စိန်ဖူးတော်မြေခ၍ ထီးတော်မဏ္ဍိုင်အနည်းငယ်ယိုင်ခြင်း၊ ရွှေစည်းခုံစေတီ ငှက်ပျောဖူးမှအက်သွားခြင်း၊ အမှတ်(၃)ရပ်ကွက် အောင်သိဒ္ဓိစေတီကိုယ်လုံးတော် အက်ကွဲကျခြင်း၊ ကျောင်းလည်ကျေးရွာမှ ဦးကြူးစိန်၏နေအိမ် ရှေ့ဘက်အုတ်နံရံပြိုကျကာ ကြမ်းခင်းအချို့ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မုံရွာခရိုင် ဘုတလင်မြို့နယ် မောင်းထောင်စံပြကျေးရွာရှိ မာန်အောင်မြင်ဘုရားဝင်းအတွင်းရှိ မြောက်ဘက်စေတီမှာ ထီးတော်မြေခပြီး တောင်ဘက်စေတီမှာ စိန်ဖူးတော်မြေခခဲ့ကာ ကံဆုံဘုရားစေတီမှာ ထီးတော်တစ်ဝက်မှ ပြုတ်ကျခဲ့သည်။ **(ဖိုးချမ်း-မုံရွာ၊ သန်းဌေးအောင်-ကနီ)**



○ **ကျောဖုံးမှ**

အစည်းအဝေးတွင် နိုင်ငံတော်အစိုးရအစုအဖွဲ့မှ ဦးခင်ရီ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့မှ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့မှ စိုင်းကျော်ညွန့်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်(မူကြမ်း) ရေးဆွဲရေးကော်မတီတွင် နိုင်ငံရေးပါတီအစုအဖွဲ့မှ အတည်ပြုရွေးချယ်ရန် ကျန်ရှိနေသည့် ကိုယ်စားလှယ်ရှစ်ဦးအဖြစ် ဦးစိုင်းကျော်ညွန့်(ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)၊ ဦးနိုင်ငံလင်း(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)၊ သူရဦးသက်ဆွေ(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ ဦးသုဝေ(ဒီမိုကရက်တစ်ပါတီ-မြန်မာ)၊ ဒေါက်တာအေးမောင်(ရခိုင်အမျိုးသားပါတီ)၊ ညီနောင်တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်း(NBF) ကိုယ်စား ဦးဇိုဇမ်၊ ဦးစောထွန်းအောင်မြင့်နှင့် ဦးငိုင်ဆာ့ခ်(ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)တို့အား ရွေးချယ်နိုင်ခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက "ဒီနေ့ဆွေးနွေးရာမှာလည်း နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်မှာပါရှိရမယ့်အချက်အလက်တွေ ဘယ်လိုမူဘောင်မျိုးနဲ့ လုပ်ဆောင်ရမလဲဆိုတဲ့ Concept မျိုးကိုလည်း သဘောတူညီနိုင်ပါတယ်။ ဒီနေ့သုံးဖက်စလုံးဆွေးနွေးတာ အင်မတန်မှ အားကောင်းတယ်။ မျှော်မှန်းထားတဲ့အတိုင်း သတ်မှတ်ရက်အတွင်း ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (မူကြမ်း) ပထမနေ့ ဆွေးနွေးမှုအပေါ် သုံးသပ်သည်။

ယနေ့ ဆွေးနွေးပွဲတွင် မူဘောင်ရေးဆွဲရေးနှင့် စပ်လျဉ်း၍ အပိုင်းနှစ်ပိုင်းခွဲ၍ ဆွေးနွေးခဲ့ကြပြီး ပထမအပိုင်းတွင် မူဘောင်ရေးဆွဲရေးအခြေခံအချက် (Concept) များအား ဆွေးနွေးခဲ့ကြသည်။ ညနေပိုင်းတွင် မူဘောင်နှင့်ပတ်သက်သည့် အခြေခံရမည့် အချက်(၁၀)ချက်အဖြစ် နိဒါန်း၊ အခြေခံရမည့်မူများ၊ နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်မည့်သူဦးရေ၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း အစရှိသည့် အချက်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနမှ ဦးအောင်နိုင်ဦးက "ဒီနေ့ဆွေးနွေးခဲ့တဲ့ (၁၀) ချက်က အားလုံးကို အလွတ်သဘောဆွေးနွေးတာပါ။ UPDJC မှာ နောက်ပိုင်းမှ ဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီအစုအဖွဲ့အတွက် ဆွေးနွေးဖို့ အချိန်ပေးရတယ်။ အဓိက ဆွေးနွေးကြတဲ့အကြောင်းအရာကတော့ နိုင်ငံရေးဆွေးနွေးပွဲမှာ ဘယ်နှယောက်ပါသင့်လဲ။ NCA စာချုပ်ရဲ့ ပုဒ်မ ၂၂ မှာ ပါဝင်တဲ့ အချက်အလက်တွေက အဓိပ္ပာယ်ဖော်ရမယ့်ကိစ္စရပ်တွေကို အလွတ်သဘော ဆွေးနွေးနိုင်ခဲ့တယ်။ ဒီနေ့ဆွေးနွေးချက်အားလုံးကို ကိုယ့်သက်ဆိုင်ရာအဖွဲ့အစည်းတွေဆီကို ဒီနေ့ည ပြန်ယူသွားကြပြီး မနက်ဖြန် သုံးဖွဲ့လုံး ပြန်လည်ဆွေးနွေးကြမယ်။ မနက်ဖြန်မှာတော့ မူကြမ်းကို ဘယ်တော့နောက်ဆုံးထားရေးဆွဲမယ်။ ဘယ်အချိန်မှာ အပြီးသတ်ပြီး အတည်ပြုနိုင်မယ်ဆိုတာကိုဆွေးနွေးပါမယ်" ဟု ဆွေးနွေးပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်(မူကြမ်း) ရေးဆွဲရာတွင် ပထမအချက်အနေဖြင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို NCA အပေါ်အခြေခံ၍ ရေးဆွဲမည်။ ဒုတိယအချက်အနေဖြင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို ပြုလွယ်ပြင်လွယ်ဖြစ်နိုင်မည့် Flexible မှုဖြင့် ရေးဆွဲမည်။ တတိယအချက်အနေဖြင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကိုရေးဆွဲရာတွင် NCA စာချုပ်လက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၆၀ အတွင်းရေးဆွဲနိုင်ရန် ကြိုးပမ်းမည်ဟူသည့် အချက်များအပေါ်အခြေခံ၍ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက "နိုင်ငံရေးမူဘောင်က တော်တော်များနေတယ်။ နိုင်ငံရေးပါတီတွေကလည်း ရေးတယ်။ UNA ကလည်း ရေးတယ်။ NLD ကလည်းရေးတယ်။ ၅၇ ပါတီ အစုအဖွဲ့ကလည်း ရေးတယ်။ အစိုးရဘက်ကလည်း ပြင်ဆင်တာရှိသလို တိုင်းရင်းသားလက်နက်ကိုင်တွေကလည်း ပြင်ဆင်တာရှိတယ်။ ဒါတွေကို တစ်ခုတည်း ပေါင်းစပ်ရင် ဘယ်လိုနည်းနဲ့မှ အချိန်မီပြီးနိုင်မှာမဟုတ်ဘူး။ ဒါကြောင့် ရေးပြီးသားအားလုံးကို ကိုးကားရမယ့် စာတမ်းတွေအဖြစ်နဲ့ပဲ သဘောထားပါမယ်။ သင့်တော်တာကို ယူမယ်ဆိုတဲ့ ချဉ်းကပ်မှုနဲ့ သွားမယ့်မူဖြစ်ပါတယ်။ အားလုံးရေးထားသမျှကိုယူဖို့ မဖြစ်နိုင်လို့ ယနေ့အခြေအနေ အချိန်အခါနဲ့ ကိုက်ညီတာကို ကျွန်တော်တို့ယူမယ်ဆိုတဲ့ သဘောဖြစ်ပါတယ်"ဟု သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးသည် မူဘောင်ရေးဆွဲရေးအခြေခံအချက် (Concept) များအား စတင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသော အစုအဖွဲ့ သုံးဖွဲ့မှ ကိုယ်စားလှယ်များက နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်(မူကြမ်း)တွင် ပါရှိရမည့်အခန်းများနှင့် မူကြမ်းရေးဆွဲရေးလုပ်ငန်းစဉ်များအတွက် အလွတ်သဘောဆွေးနွေးခဲ့ကြသည်။

ဒီမိုကရက်တစ်ပါတီ (မြန်မာ)မှ ဦးသုဝေက "ဒီမူဘောင်ကို ဘာလို့ရေးဆွဲရလဲဆိုရင် ဒီမူဘောင်နဲ့ သွားရင် ကျွန်တော်တို့တိုင်းပြည် တစ်ခါတည်း ငြိမ်းချမ်းသွားမှာပေါ့။ ဒီနေ့ ဆွေးနွေးမှုကတော့ အောင်မြင်မှုရနေပါတယ်။ ဆက်လက်ပြီးတော့လည်း အောင်မြင်မှုရမှာပါ"ဟု ဆွေးနွေးပွဲအပြီးတွင် သတင်းမီဒီယာများကို ပြောကြားသည်။

လက်ရှိတွင် နိုင်ငံရေးမူဘောင်(မူကြမ်း) ရေးဆွဲရန်အတွက် အစိုးရ၊ တပ်မတော်၊ လွှတ်တော်အစုအဖွဲ့မှ ကိုယ်စားလှယ်များအဖြစ် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဦးခင်ရီ၊ MPC မှ အထူးအကြံပေး ဦးတင်မောင်သန်းနှင့် ဦးလှမောင်ရွှေတို့အား ရွေးချယ်ထားသည်။

တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့တွင် ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNU/KNLA-PC) မှ စောကျော်ညွန့်၊ ချင်းအမျိုးသားတပ်ဦး(CNF) မှ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (DKBA) မှ အထူးအကြံပေး စောထူးထူးလေး၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) မှ ရဲဘော်မျိုးဝင်း၊ ရခိုင်ပြည်နယ်လွတ်မြောက်ရေးပါတီ(ALP)မှ ဒေါ်စောမြရာဇာလင်း၊ ကရင်အမျိုးသားအစည်းအရုံး (KNU)မှ ပဒိုမန်းမန်း၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) မှ ခွန်ထွန်းတင်နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)မှ စိုင်းခွမ်မိန်းတို့ ပါဝင်သည်။

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (မူကြမ်း) ရေးဆွဲရေးကော်မတီ ဒုတိယနေ့ အစည်းအဝေးအဖြစ် နိုဝင်ဘာ ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

သတင်း
ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ – ဖိုးထောင်

## ကချင်ပြည်နယ်ဝန်ကြီးချုပ် မြေစာပုံပြိုကျမှုတွင်ပါဝင်သည့် မိသားစုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**မြစ်ကြီးနား  နိုဝင်ဘာ  ၂၇**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ကန်ခမ်းစုပေါင်းမြေစာပုံ၌ နိုဝင်ဘာ ၂၁ ရက်က အမြင့်ပေ ၂၀၀ ခန့်မှ မြေစာများပြိုကျမှုဖြစ်ပွားခဲ့ရာ လုံးခင်းကျေးရွာအုပ်စု လမောင်းကျေးရွာလျှိုထဲရှိ ယာယီလူနေတဲများပေါ်သို့ပြိုကျခဲ့သဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရှေ့တန်းအမှတ်(၇) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ တပ်ရင်း၊တပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီများမှ ဘက်ဟိုးယာဉ်များဖြင့် နိုဝင်ဘာ ၂၄ ရက်အထိ ရှာဖွေလျက်ရှိသည်။

နိုဝင်ဘာ ၂၄ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းသည် ဘက်ဟိုးယာဉ် ၂၁ စီးဖြင့် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကယ်ဆယ်ရေးအဖွဲ့များမှ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မြေစာပုံပြိုကျမှုအခြေအနေများနှင့် သေဆုံးသူမိသားစုများရှာဖွေတွေ့ရှိမှုအခြေအနေတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်းကော့ကျေးရွာ မဏိသုခဘုန်းတော်ကြီးကျောင်း၌ မြေစာပုံပြိုကျမှုတွင်ပါဝင်ခဲ့သည့် မိသားစုများနှင့်တွေ့ဆုံပြီး အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်**(အောက်ပုံ)**နှင့်တာဝန်ရှိသူများက မိသားစုများအား ထောက်ပံ့ငွေများပေးအပ်ရာ ရှာဖွေတွေ့ရှိသည့် သေဆုံးသူ ၁၁၄ ဦးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၁၄ သိန်း၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ တစ်ဦးလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ငွေကျပ် ၃၄၂ သိန်း၊ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာ နိုင်ငံ ကြက်ခြေနီအသင်းတို့က သေဆုံးသူများမှအမည်သိ မိသားစုဝင် ၈၃ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၈၃ သိန်းစီ၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ငွေကျပ်နှစ်သိန်းတို့ဖြင့် စုစုပေါင်းငွေကျပ် ၆၂၄ သိန်းနှင့် မြို့နယ်မှ ဆန် ၁၁၄ အိတ်နှင့် ဆီ ၂၂၈ ပိဿာတို့ကို ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆိပ်မူကျေးရွာ၌ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရန်ပုံငွေကျပ်သိန်း ၂၅၀၀ ဖြင့် တည်ဆောက်လျက်ရှိသည့် ဝေ့ခါချောင်းကူးတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ပြည်နယ်ပြန်/ဆက်)**




✻ **ကျောက်မဲမှ**

ရှင်းလင်းခဲ့ရာ အိတ်အတွင်းမှ အလျား ရှစ်လက်မ၊ အမြင့် ခြောက်လက်မခန့်ရှိ ကတ်ထူစက္ကူပုံးအတွင်း၌ (၄×၂×၁)လက်မခန့်ရှိ TNT ၂၀၀ ဂရမ်ခန့်စီရှိ ယမ်းတုံးလေးတုံး၊ အရှည်ခြောက်လက်မခန့်ရှိ အနီရောင်ယမ်းကြိုးနှစ်ချောင်း၊ အရှည်သုံးလက်မခန့်ရှိ အနီရောင်ယမ်းကြိုး ၂၆ ချောင်း၊ ဖယောင်းဖြင့်မံထားသည့် သံဘောစေ့များပါလေးကတ်၊ ဆပ်ပြာခွက်အောက်ခံသုံးခု၊ မီးခလုတ်တစ်ခု၊ Digital ချိန်ကိုက်နာရီတစ်လုံးနှင့် ကိုးဗို့ ဓာတ်ခဲနှစ်လုံးတို့ တွေ့ရှိသိမ်းဆည်းနိုင်ခဲ့သည်။ သို့ပါ၍ နယ်မြေရှင်းလင်းရေးနှင့် လုံခြုံရေးတာဝန်များ အထူးဂရုပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



**လားရှိုးမြို့ ရပ်ကွက်(၉) ဘူတာရှေ့ ပန်းခြံအဝိုင်းဘေး ချုံပုတ်အစပ်၌ တွေ့ရှိရသော ချိန်ကိုက်မိုင်း။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကြက်သွန်နီဈေးနှုန်းတည်ငြိမ်ရေးနှင့်ပတ်သက်သည့် သတင်းထုတ်ပြန်ချက်

(၂၇-၁၁-၂၀၁၅) နေပြည်တော်

၁။ ပြည်တွင်းကြက်သွန်နီဈေးနှုန်းမှာ ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်း ပျမ်းမျှ တစ်ပိဿာ ငွေကျပ် ၉၀၀၊ အောက်တိုဘာလတွင် ပျမ်းမျှတစ်ပိဿာ ငွေကျပ် ၁၂၀၀ ရှိနေရာမှ နိုဝင်ဘာလ တတိယပတ်တွင် ပျမ်းမျှတစ်ပိဿာ ငွေကျပ် ၄၀၀၀ နီးပါးအထိ ဖြစ်ပေါ်နေသည့်အပြင် ပြည်တွင်းမှစိုက်ပျိုးထားသည့် မိုးကြက်သွန်များမှာ ဒီဇင်ဘာလကုန် အတွင်းမှ လှိုင်လှိုင်ပေါ်မည်ဖြစ်သည့်အတွက် ကြက်သွန်နီဈေးနှုန်းကြီးမြင့်မှုနှင့် တွေ့ကြုံနေရကြောင်း လေ့လာတွေ့ရှိရပါသည်။

၂။ ပြည်တွင်းကြက်သွန်နီဈေးနှုန်းတည်ငြိမ်ရေးနှင့် စားသုံးသူများ ဝန်ထုပ်ဝန်ပိုးမဖြစ်ပေါ်စေရေးအတွက်ရည်ရွယ်၍ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ကြက်သွန်နီများအား အကန့်အသတ်ဖြင့် ပြည်တွင်းသို့တင်သွင်း၍ ပြည်တွင်းကုမ္ပဏီများအား မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သုံးသီးနှံစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏ ကြီးကြပ်မှုဖြင့် ခွင့်ပြုတင်သွင်းစေမည် ဖြစ်ပါသည်။

၃။ မည်သည့်ပြည်တွင်းလုပ်ငန်းရှင်၊ ကုမ္ပဏီများကိုမဆို ကြက်သွန်နီ ပြည်ပမှတင်သွင်းခွင့် တင်ပြလျှောက်ထားလာပါကလည်း သတ်မှတ်ချက်နှင့် ကိုက်ညီပါက ဆက်လက်ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ**

## ၂၀၁၅ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ် နေပြည်တော်တွင် ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံတွင် ထူးချွန်သောဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် အင်းဝဘဏ်လီမိတက်က အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်ကို ဒီဇင်ဘာ ၃ ရက်မှ ၆ ရက်အထိ နေပြည်တော်ရှိ ဇေယျာသီရိဂေါက်ကွင်း၌ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ပရော်ဖက်ရှင်နယ်အဆင့်၊ ဝါသနာရှင်အဆင့်အမျိုးသား (Handicap 0-12) အဆင့်ရှိသူများနှင့် အမျိုးသမီး (Handicap 0-22) ပြိုင်ပွဲများဟူ၍ပါဝင်ပြီး (R&A Rules Limited) ၏ဂေါက်စည်းမျဉ်းနှင့်အညီ ကွင်းဒေသန္တရစည်းမျဉ်းများ သတ်မှတ်ရေးဆွဲ၍ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့်ပရော်ဖက်ရှင်နယ်အဆင့်နှင့်ဝါသနာရှင်အဆင့် အမျိုးသားနှင့် အမျိုးသမီး ဂေါက်သီးအားကစားသမားများသည် နိုဝင်ဘာ ၂၉ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးနှင့်အတူ အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများအနေဖြင့် အမည်စာရင်းများကို ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၂၆၂၅၅၂၄၅၂၊ ၀၉-၂၅၄၇၂၅၀၈၁ တို့သို့ ကြိုတင်ပေးသွင်းရန်လိုအပ်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်များအား ကြိုတင်လေ့ကျင့်မှုများပြုလုပ်နိုင်ရန်အတွက် Official Practice Round ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ခွင့်ပြုထားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များ သွားလာရေးအဆင်ပြေစေရန် ရန်ကုန်မြို့မှနေပြည်တော်သို့ နိုဝင်ဘာ ၃၀ ရက်တွင် ကားစီစဉ်ထားရှိပေးမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးအနေဖြင့် Professional ကစားသမားများအတွက် ငွေကျပ် ၃၀၀၀၀၊ ဝါသနာရှင်အဆင့် အမျိုးသားနှင့် အမျိုးသမီးများအတွက် ငွေကျပ် ၂၀၀၀၀ ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးပေးသွင်းရန် နောက်ကျသောကစားသမားများကို ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း သိရသည်။

**(ဖိုးသော်ဇင်)**

## ဈေးနှုန်းအဆမတန်မြင့်တက်နေသည့် ပြည်တွင်းကြက်သွန်နီဈေးကွက်

**ရန်ကုန် နိုဝင်ဘာ ၂၇**

ယခုနှစ် အောက်တိုဘာလမှ ယနေ့တိုင် နှစ်လနီးပါးအတွင်း ပြည်တွင်းကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဝန်းကျင်အထိ ဈေးပိုမိုမြင့်လာပြီး ဈေးကွက်တွင် အဝယ်တော်များ နေ့စဉ်ဝယ်ယူရာတွင် အခက်အခဲဖြစ်နေသော ကြက်သွန်နီ ပြည်တွင်းဈေးနှုန်း အဆမတန် မြင့်တက်လာမှုနှင့်ပတ်သက်၍ ကြက်သွန်နီအသင်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ထုတ်ဖော်ပြောကြားချက်အရ စားရသလောက်လောဘကြီးလာခြင်းဖြစ်ကြောင်း နိုဝင်ဘာ ၂၄ ရက်နေ့ထုတ် ပုဂ္ဂလိကနေ့စဉ်ထုတ်သတင်းစာတွင်ဖော်ပြချက်အရ သိရသည်။

"ကြက်သွန်နီစိုက်ဒေသတွေက ဘုရင့်နောင်ကုန်စည်ဒိုင်ကို တစ်နေ့ကို ကြက်သွန်ကား ၂၅ စီး အနည်းဆုံးဝင်တယ်။ ကြက်သွန်ဈေးက မကျဘူး။ ပစ္စည်းမရှိတာမဟုတ်ဘူး။ အစကတော့ ကုန်သည်တွေကို စားပါစေဆိုပြီး ပြည်ပကမသွင်းဘဲထားတာ။ စားရသလောက်လောဘကြီးလာတယ်"ဟု ကြက်သွန်နီအသင်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်ကို အထက်ဖော်ပြပါ သတင်းစာတွင် ဖတ်ရှုရသည်။

တရားဝင်လမ်းကြောင်းမှ တင်သွင်းပါက တရုတ်ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၁၀၀၀ မှ ကျပ် ၁၂၀၀ အထိသာပေါက်ဈေးရှိပြီး ပြည်တွင်းကြက်သွန်နီဈေးနှုန်း ကျလာနိုင်သည်။ ပြီးခဲ့သည့်နှစ်က ကြက်သွန်နီ အဝင်နည်းသည့်ရာသီတွင် ကြက်သွန်နီကား ၁၅ စီး ခန့်သာ အဝင်ရှိခဲ့သော်လည်း ယခုကဲ့သို့ ဈေးအဆမတန် မြင့်တက်ခဲ့ခြင်းမရှိကြောင်း၊ အဝင်နည်း၍ ဈေးတက်သည်ဟုလည်း ပြောရခက်ကြောင်း၊ ပြီးခဲ့သည့်နှစ်ထက် အများကြီးပိုဝင်နေကြောင်း၊ လာမည့် တစ်ပတ်အတွင်း တရုတ်ကြက်သွန်နီတွေကို နယ်စပ်လမ်းကြောင်းမှ တန် ၈၀၀ ခန့်စတင်တင်သွင်းမည်ဖြစ်ပြီး ပြည်တွင်းဈေးကွက်လိုအပ်ချက်အပေါ် မူတည်၍ ဆက်လက်တင်သွင်းသွားမည်ဖြစ်ကြောင်း အဆိုပါပုဂ္ဂိုလ်မှ ပြောကြားကြောင်း ပါရှိလာသည်။

သို့ဖြစ်သည့်အတွက် ယခုလပိုင်း စားသုံးသူများအကြီးအကျယ် ငွေကြေးကုန်ကျမှုများနေသော်လည်း ပြည်တွင်းရှိ ကြက်သွန်နီ လှောင်လက်များ၊ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ၊ ပြည်ပမှ တင်သွင်းရောင်းချသူများ အဆမတန်မကြုံစဖူး အမြတ်အစွန်းရရှိနေသည့် ကြက်သွန်နီ ဈေးတက်မှု၏ အဓိကအကြောင်းအရင်းကို ပြည်သူအများ သိရှိခွင့် ရလာသည်။ အောက်တိုဘာလဆန်း ကြက်သွန်ဈေးနှုန်း စတင် မြင့်တက်လာသည့်အချိန်တွင် လက်ရှိပြည်တွင်းဈေးထက်များစွာ သက်သာသော ပြည်ပကြက်သွန်များကိုတင်သွင်းခဲ့ပါက ယခုကဲ့သို့ ကြက်သွန်နီဈေးနှုန်း တစ်ပိဿာ ကျပ် ၃၀၀၀ အထက်သို့ရောက်ရှိခြင်း မရှိနိုင်ပါ။ အသင်းအဖွဲ့၏စေတနာသည် စားသုံးသူပြည်သူများအပေါ် ဝေဒနာသဖွယ်ဖြစ်သော်လည်း အသင်းသားများအတွက် များစွာသောအကျိုးအမြတ်များရရှိစေသည်ဟု ဆိုနိုင်သည်။

ယနေ့အထိ ပြည်တွင်းမီဒီယာများတွင် ကြက်သွန်ဈေးနှုန်း အဆမတန်မြင့်တက်လာမှုအပေါ် ၂၀၁၅ နှစ်နှောင်းပိုင်း ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှု၊ မိုးမိမှုတို့ကြောင့် ကြက်သွန်နီ စိုက်ခင်းများ ပျက်စီးရမှု၊ လှောင်ကြက်သွန်များ ပျက်စီးမည်ကို စိုးရိမ်စိတ်ဖြင့် ဈေးကွက်သို့ အလောတကြီး ထုတ်ရောင်းသည့်အတွက် ပြည်တွင်းလက်ကျန်နည်းမှု၊ မိုးစိုက်ကြက်သွန်နီများ အထွက် နောက်ကျမှုတို့ကြောင့် ဖြစ်ပေါ်ခဲ့ရသည်ဟု ဖော်ပြခဲ့ကြသည်။ ယခုအချိန်ကျမှသာလျှင် ယင်းလုပ်ငန်းရှင်များ၏ လောဘကြီးမှုကြောင့် ဖြစ်ရသည်ဟု ကြက်သွန်နီအသင်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ထုတ်ဖော်ပြောကြားချက် ဖတ်ရှုရချိန်တွင် မီဒီယာများတွင် အဆိုပါ လုပ်ငန်းရှင်များ၏ အကြောင်းပြဖော်ပြခြင်းများသည် မိမိတို့၏ လောဘကြီးမှုကို အများပြည်သူ မသိရှိရန်အတွက် မှန်ကန်မှု အားနည်းသောအကြောင်းပြချက် ဖြစ်သည်ဆိုသည်ကို သိလာရသည်။ ယခုရက်ပိုင်း ပြည်ပနှင့် ကုန်ပစ္စည်းအသွင်းအထုတ်ရှိသော လုပ်ငန်းရှင်များအသိုင်းအဝိုင်း၏ အဆိုအရ အိန္ဒိယပြည်မှ ကြက်သွန်နီ ကုန်သေတ္တာ အလုံးရေ ၄၅ လုံးကို ပိဿာချိန်အားဖြင့် ၅၀၀၀၀၀ ဝန်းကျင်သင်္ဘောတင်ရှိပြီး ပြည်တွင်းသို့ မကြာမီရက်ပိုင်းအတွင်း ရောက်ရှိနိုင်မည်ဟု သိရသည်။

ပြည်ပဈေးနှုန်းထက် ပြည်တွင်းဈေးနှုန်းမြင့်နေသည့်အတွက် ပြည်တွင်းတွင် စိုက်ပျိုးမှုမပြုလုပ်တော့ဘဲ ဈေးသက်သာသည့် ပြည်ပမှ တင်သွင်းခြင်းကိုသာ ပြုလုပ်သင့်တော့သည်ဟု သဃ်န်းကျွန်းမြို့နေ သတင်းစာ၊ ဂျာနယ် ဖြန့်ဝေခြင်းလုပ်ငန်းလုပ်ကိုင်နေသူ ဦးတင့်ဝေက ပြောဆိုသည်။ ဒေသတွင်း နိုင်ငံအချင်းချင်း လွတ်လပ်စွာ ကုန်စည် ကူးသန်းရောင်းဝယ်ခွင့် မကြာမီကာလအတွင်း လုပ်ဆောင်လာမည်ဖြစ်ရာ ပြည်တွင်းဈေးကွက်အနေအထားကြောင့် ပြည်ပမှ မျိုးတူကုန်စည်များ ဝင်ရောက်အစားထိုးနေရာယူမည်ကို သတိကြီးစွာ ဆင်ခြင်သင့်သည်။ နိုဝင်ဘာလကုန်ပိုင်းတွင် ပြည်တွင်း မိုးစိုက်ကြက်သွန်နီအသစ်များ ရန်ကုန်ဈေးကွက်သို့ စတင်ဝင်ရောက်လာနိုင်သည်ဟု အထက်အညာ ဒေသ မိုးစိုက်ကြက်သွန်နီဒေသများမှ သိရသည်။ ပြည်တွင်း လက်ကျန်နည်းသည်ဟူသော အကြောင်းပြချက်ဖြင့် ကြက်သွန်နီ စိုက်ပျိုးရာဒေသမှ လှောင်လက်များနှင့် ရန်ကုန်ပွဲရုံလုပ်ငန်းရှင်အများစု ချိတ်ဆက်ဆောင်ရွက်မှုကြောင့် အဆမတန်ဈေးမြင့်တက် လာသော ကြက်သွန်နီဈေးနှုန်းမှာ ရက်ပိုင်းအတွင်း ပြန်လည်ကျဆင်းလာမည်ဟု မျှော်လင့်ရသည်။ ယခုရက်ပိုင်း တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဝန်းကျင်ရှိခဲ့သော်လည်း ကြက်သွန်နီအသစ်များ ထွက်ပေါ်စိုက်ပျိုး ထုတ်လုပ်သူများထံက လှောင်လက်များ ဝယ်ယူသိမ်းဆည်းမည့် ကာလများတွင်မူ တစ်ပိဿာလျှင် ကျပ် ၅၀၀ ဝန်းကျင်ဈေးနှုန်းဖြစ်ပေါ်လျှင် စိုက်ပျိုးသူများအတွက် အကျိုးအမြတ်ရှိသည်ဟု ဆိုနိုင်သည်။

ယခုကာလ အပြောင်းအလဲမျှော်လင့်နေချိန်တွင် ဖြစ်ပေါ်လာမည့် အစိုးရသစ်မပေါ်ပေါက်မီကြားကာလတွင် ပြည်သူအများ အဆင်မပြေဖြစ်ပြီး ဈေးနှုန်းဖန်တီးရှင်လူနည်းစု အကျိုးအမြတ်များစွာရရှိနေမှုကို သက်ဆိုင်ရာက ထိန်းချုပ်ပေးစေလိုသည်။ မီဒီယာများမှလည်း ကုန်ဈေးနှုန်းမြင့်တက်မှုနှင့်ပတ်သက်၍ ပြည်သူများအား မှန်ကန်သော သတင်းပေးမှုများ ရယူဖော်ပြပေးစေလိုသည်။ လက်ရှိ ဖော်ပြနေသော ကြက်သွန်နီဈေးနှုန်းမြင့်တက်ရမှုအပေါ် ဖော်ပြမှုများမှာ ပြည့်စုံလုံလောက်မှုမရှိသေးသည်ကို ကြက်သွန်နီအသင်းအဖွဲ့၏ တာဝန်ရှိသူ၏ ဖွင့်ဟဝန်ခံချက်မှသိမြင်နိုင်သည်။ သို့ဖြစ်ရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြောင်းလဲမှုများစောင့်မျှော်နေချိန် တွင် လူအများစုဖြစ်သော ဝင်ငွေနည်းပြည်သူများအတွက် နေ့စဉ်အဓိက သုံးစွဲနေရသော စားသုံးမှုအတွက် ငွေကြေးပိုမိုကုန်ကျမှုများကို လျှော့ချရေး ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးသင့်သည်ဟု ဆိုချင်ပါ သည်။



**(မောင်စေအောင်)**

## နည်းပညာသတင်း

Alez - ရေးသားသည်



## Sony Xperia Z6 ထွက်ပေါ်မည့်ကာလနှင့် အချက်အလက်အချို့မိတ်ဆက်

စမတ်ဖုန်းလောကတွင် တည်ငြိမ်သည့်နာမည်တစ်ခုရပြီးဖြစ်သော Sony Xperia သည် ၎င်း၏ Z စီးရီးမျိုးဆက်သစ်ကို စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် ဈေးကွက်အတွင်းစတင်ပို့ဆောင်ပေးမည့် Xperia Z6 ကို ပြီးခဲ့သည့် MWC ၂၀၁၅ ပြပွဲတွင် စတင်မိတ်ဆက်လိုက်ခြင်းဖြစ်သည်။ မျက်နှာပြင်အကျယ် ၅ ဒသမ ၂ လက်မရှိပြီး ယခင်ထွက်ရှိပြီး မိုဘိုင်းလ်ဖုန်းများနှင့်ဒီဇိုင်းပိုင်း ခပ်ဆင်ဆင်တူညီမည်ဖြစ်သည်။ ကင်မရာစွမ်းရည်မြင့်မားမှုတွင် နာမည်ရရှိပြီးဖြစ်သည့် Xperia သည် ယခုတစ်ဖန်တွင်လည်း ကင်မရာအားကောင်းမွန်မည်ဖြစ်သည်။ အနောက်ဘက်ကင်မရာ 25 MP ပါဝင်ပြီး အရှေ့ဘက်ကင်မရာ 7 MP ပါဝင်သော ကြောင့် ဓာတ်ပုံနှင့်ဗီဒီယိုအရည်အသွေးအကောင်းဆုံးပေးစွမ်းနိုင်မည်ဖြစ်သည်။ Sony Xperia ၏ ထူးခြားချက်ဖြစ်သော ရေစိုခံနိုင်ခြင်းသည်လည်း ပါဝင်လာပြီဖြစ်သည်။ ဖုန်း၏ ကိုယ်ထည်ကdk Gorilla Glass 5 ဖြင့်ဖုံးအုပ်ထားပြီး 4G Network စနစ်တွင်အသုံးပြုနိုင်မည်ဖြစ်သည်။ လက်ဗွေဖတ်သည့်စနစ်ပါဝင်ပြီး Mini Projector ပါဝင်သောကြောင့် အဆင့်မြင့်စမတ်ဖုန်းတစ်ခုဟုဆိုရမည်ဖြစ်သည်။ Snapdragon Qualcomm 810 Octa-core Processor အသုံးပြုထားပြီး 4GB RAM ပါဝင်ကာ Storage မှာ 32 GB နှင့် 64 GB ဟူ၍ နှစ်မျိုးရရှိမည်ဖြစ်သည်။ Android စနစ် ၆ ဒသမ ဝ အသုံးပြုထားသောကြောင့် လုပ်ဆောင်ချက်များ မြင့်မားလာမည်ဖြစ်သည်။ ရွေးချယ်နိုင်ရန် အနက်ရောင်၊ အပြာရောင်၊ ငွေရောင်၊ ရွှေရောင်၊ အစိမ်းရောင်၊ ပန်းရောင်၊ အဝါနှင့် အဖြူတို့ရရှိနိုင်မည်ဖြစ်သည်။ ဈေးနှုန်းသတ်မှတ်ချက်မှာ အမေရိကန်ဒေါ်လာ ၆၅၀ မှ ၇၅၀ အတွင်းရှိမည်ဖြစ်ပြီး လာမည့် ၂၀၁၆ ခုနှစ် နှစ်လယ်ပိုင်းလောက်တွင် ဈေးကွက်အတွင်းမြင်တွေ့ရဖွယ်ရှိသည် ဟုဆိုသည်။



## လုပ်ဆောင်ချက်ပါဝင်မှုအများဆုံး iWatch

ဈေးကွက်အတွင်း စမတ်နာရီအများအပြားထွက်ပေါ်လာရာတွင် ကောင်းမွန်သည့် လုပ်ဆောင်ချက်များစွာပါဝင်လာသည်။ ထိုအထဲတွင် လုပ်ဆောင်ချက်အများဆုံးနှင့် အသုံးအဝင်ဆုံးစမတ်နာရီမှာ Apple မှ iWatch ပင်ဖြစ်သည်ဟု ကျွမ်းကျင်သူများကဆိုသည်။ အဆိုပါစမတ်နာရီတွင် iOS အသုံးပြုထားသည့် Apple ထုတ်ကုန်များနှင့်ချိတ်ဆက်အသုံးပြုနိုင်ပြီး စာတိုပေးပို့ခြင်း၊ ဖုန်းလက်ခံပြောကြားခြင်းနှင့် ကျန်းမာရေးအထောက်အကူပြု လုပ်ဆောင်ချက်များပါဝင်သည်။ Apple သည် ၎င်း၏ iWatch ကို မိုဘိုင်းလ်အီလက်ထရွန်နစ်ပစ္စည်းများ၊ မော်တော်ယာဉ်များ စသည်တို့နှင့်ချိတ်ဆက်အသုံးပြုနိုင်ရန်အထိ အဆင့်မြှင့်တင်မှုများပြုလုပ်သွားနိုင်ဖွယ်ရှိသည်ဟု သိရသည်။ ထို့အပြင် အဆိုပါ iWatch ကိုဘက်စုံသုံး မိုဘိုင်းလ်အီလက်ထရွန်နစ်ပစ္စည်းတစ်ခုအဖြစ် လာမည့်နှစ်များတွင်မြင်တွေ့ရဖွယ်ရှိသည်ဟုသိရသည်။ ဖက်ရှင်ကျကျဝတ်ဆင်နိုင်ပြီး အသုံးဝင်လုပ်ဆောင်ချက် များစွာပါဝင်သောကြောင့် Apple ၏ iWatch သည် ကမ္ဘာ့ဈေးကွက်အတွင်း ရလဒ်ကောင်းများရရှိခဲ့သည် ဟုသိရသည်။

အနုပညာ

# ရှိုးပွဲတွေဆက်နေဦးမယ့် မန္တလေး

ရုပ်ရှင်သရုပ်ဆောင် စိုးသူ၏ 1 night in MANDALAY ရှိုးပွဲကို လာမည့် နိုဝင်ဘာ ၃၀ ရက်တွင် သီရိမန္တလာ အားကစားကွင်း၌ ကျင်းပမည်ဖြစ်သကဲ့သို့ ဒီဇင်ဘာ ၄ ရက်တွင် အဆိုတော် စိုင်းစိုင်းခမ်းလှိုင်၏ SAI SAI SHOW 2015 MANDALAY ရှိုးပွဲကိုလည်း မန္တလေးတောင် ရီဆော့ဗ်ဟိုတယ်၌ ကျင်းပဦးမည်ဖြစ်ရာ မန္တလေးမြို့တွင် ရှိုးပွဲများဖြင့် ဝေစည်နေဦးမည်ဖြစ်သည်။ စိုးသူ၏ ရှိုးပွဲဝင်ကြေးမှာ ကျပ် ၅၀၀၀၊ ၁၀၀၀၀၊ ၂၀၀၀၀၊ ၃၀၀၀၀၊ ၅၀၀၀၀ စသည်ဖြင့် သတ်မှတ်ထားပြီး ကျပ် ၅၀၀၀ တန်မှ ၃၀၀၀၀ တန်အထိ လက်မှတ် ၁၀ စောင်ဝယ်လျှင် တစ်စောင်မေတ္တာလက်ဆောင် ရရှိမည်ဖြစ်ကာ ကျပ် ၅၀၀၀၀ တန် လက်မှတ် ငါးစောင်ဝယ်ယူပါက လက်မှတ်တစ်စောင် အခမဲ့ထပ်ဆောင်း ပေးသွားမည်ဖြစ်သည်ကြောင်း သိရသည်။

လက်မှတ်များကို နိုဝင်ဘာ ၂၃ ရက်မှ စတင်ရောင်းချနေပြီး ယခင်က စိုးသူမှာ မန္တလေးတွင် အခမဲ့ဖျော်ဖြေပွဲလုပ်ခဲ့ဖူးသော်လည်း စတိတ်ခုံအပြင်အဆင် အပါအဝင် ပရိသတ်များကို ချပြချင်သည့် အခြားတင်ဆက်မှုများအတွက်လည်း ကုန်ကျစရိတ် ချုံ့ခဲ့ရသဖြင့် ယခုကဲ့သို့ ဝင်ကြေးဖြင့် လက်မှတ်များကို ရောင်းချရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ယင်း 1 night in MANDALAY ရှိုးပွဲကို ST ဖျော်ဖြေရေးမှ တင်ဆက်သွားမည်ဖြစ်ကာ MRTV-4 မှ ရုပ်သံထုတ်လွှင့်ရေးတွဲဖက်စပွန်ဆာအဖြစ် တာဝန်ယူထားကြောင်းလည်း စိုးသူ၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် ဖော်ပြထားသည်။

365 ဖျော်ဖြေရေးက စီစဉ်သော SAI SAI SHOW 2015 MANDALAY ကြိုတင်လက်မှတ်များကို နိုဝင်ဘာ ၂၉ ရက်မှသာ စတင်ရောင်းချမည်ဖြစ်ပြီး ဈေးနှုန်းမှာ ကျပ် ၁၀၀၀၀ ဖြစ်သည်။ ယင်းဖျော်ဖြေပွဲတွင် စိုင်းစိုင်းခမ်းလှိုင်အပြင် Snare၊ နန္ဒစိုင်း၊ ငယ်ငယ်၊ မိစန္ဒီ၊ ဘန်နီဖြိုး၊ ကိုကို၊ g fatt၊ စိုးကြီးနှင့် နီနီခင်ဇော်တို့ ပါဝင်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ စိုင်းစိုင်းခမ်းလှိုင်သည် အဆိုပါဖျော်ဖြေပွဲအပြီး ရှစ်ရက်အကြာတွင် BRAND'S CONCERT ကို ရန်ကုန်မြို့၌ ဆက်လက်ဖျော်ဖြေသွားမည်ဖြစ်ကာ လက်မှတ်ဈေးနှုန်းမှာ ကျပ် ၆၅၀၀ ဖြစ်ကြောင်း သိရသည်။




ဓာတ်ပုံ-စိုင်းစိုင်းခမ်းလှိုင်နှင့် စိုးသူ ဖေ့စ်ဘွတ်။

# အိမ်ထောင်သက်ခြောက်လမှာ လမ်းခွဲခဲ့ကြတဲ့ ဂျက်စီကာပါရီဒိုနဲ့ မိုက်ကယ်ရှိုးဟက်

Shahs of Sunset ဇာတ်ကားရဲ့ ကြယ်ပွင့် ဂျက်စီကာပါရီဒိုနဲ့ မိုက်ကယ်ရှိုးဟက်တို့ဟာ အိမ်ထောင်သက်ခြောက်လအကြာမှာပဲ ကွာရှင်းပြတ်စဲခဲ့ပြီဖြစ်ကြောင်း တီအမ်ဇက်ဒေ့ါကွန်းက ဖော်ပြသည်။ ဂျက်စီကာဘက်မှ ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၀ ရက်ကပင် ကွာရှင်းစာချုပ်ကို စတင်လက်မှတ်ရေးထိုးခဲ့ပြီးနောက် နှစ်ဦးစလုံး လမ်းခွဲကြောင်း ကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြခြင်းဖြစ်သည်။

သူတို့နှစ်ဦးသည် ပြီးခဲ့သည့် ဩဂုတ် ၁ ရက်ကပင် တစ်ဦးနှင့်တစ်ဦး ခွဲနေခဲ့ကြပြီး သုံးလလောက်သာ ပေါင်းဖက်ခဲ့ခြင်းဖြစ်သည်။ သူတို့နှစ်ဦးတွင် သားသမီး မထွန်းကားသော်လည်း ဂျက်စီကာက သူ့အတွက် အိမ်ထောင်ဖက်စရိတ်ထောက်ပံ့ပေးရန် တရားရုံးတွင် တောင်းဆိုခဲ့သည်။

(မေလှဲ့သင်း-ရေးသားသည်)



## တစ်ပတ်အတွင်း ကြည့်ရှုစရာ The Hunger Game : Mockingjay-Part 2 (3D)




ဒါရိုက်တာ Francis Lawrence ရိုက်ကူးထားပြီး Lionsgate Picture မှ ထုတ်လုပ်ဖြန့်ချိထားသော စွန့်စားခန်းများစွာပါဝင်သည့် ဇာတ်ကားဖြစ်သည်။ နာမည်ကြီးသရုပ်ဆောင် Jennifer Lawrence အဓိကပါဝင်ထားပြီး Josh Hutcherson, Liam Hemsworth, Donald Sutherland, Woody Harrelson, Natalie Dormer, Sam Claflin တို့ ပါဝင်အားဖြည့်သရုပ်ဆောင်ထားသည်။

Panem နိုင်ငံတော်၏ အုပ်ချုပ်မှုစနစ်ကို မနှစ်သက်သောကြောင့် နိုင်ငံတစ်ဝန်းတွင် တော်လှန်ရေးများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားခဲ့သည်။ Panem နိုင်ငံတော်၏သမ္မတဖြစ်သူ Snow ကို တော်လှန်နေသည့် Katniss သည် သူ၏မိတ်ဆွေရင်းများဖြစ်သော Gale, Cressida, Finnick, Peeta တို့နှင့်အတူ အထူးဒေသ ၁၃ မှ လူစွမ်းကောင်းများနှင့် ပူးပေါင်းပြီး Panem မြို့တော်ရှိ နိုင်ငံသားများကို ကယ်တင်ရန် ကြိုးစားကြသည်။ Katniss သည် သူ့ကို အမြစ်ပြတ်ချေမှုန်းချင်နေသည့် သမ္မတ Snow ကိုလည်း လုပ်ကြံရန် ကြိုးစားရပါတော့သည်။ Panem နိုင်ငံကို တော်လှန်နေသည့် လူတွေထဲမှ Katniss ၏ ရဲဘော်ရဲဘက်များဖြစ်သည့် Johanna, Haymitch နှင့် Beetee တို့အဖွဲ့သည် Panem နိုင်ငံ၏ နေရာအတော်များများကို တိုက်ခိုက်ထိန်းချုပ်နိုင်ခဲ့ကြသော်လည်း သမ္မတ Snow ကို အောင်နိုင်ရန်အတွက် Katniss သည် သမ္မတ Snow ၏ Hunger Games ဟု ခေါ်သည့် စိန်ခေါ်ပွဲကို နိုင်အောင် ကြိုးစားနေရသည်။ ထို့ကြောင့် သူရဲကောင်းသူငယ်ချင်းများနှင့် ချစ်ရသည့်ချစ်သူကိုပါ ဆုံးရှုံးသွားနိုင်သည့် အခြေအနေရှိပြီး Panem နိုင်ငံတော်၏အနာဂတ်အတွက် မည်သို့ပင်ဖြစ်စေ Hunger Games ဟု ခေါ်သည့် စိန်ခေါ်ပွဲအား နိုင်အောင်ကြိုးစားရပုံကို ရိုက်ကူးတင်ဆက်ထားသော သိပ္ပံဆိုင်ရာ စွန့်စားမှုအသားပေး ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ရန်ကုန်မြို့ ရွှေဆောင် ၁၊ မင်္ဂလာ ၂၊ ဒဂုန်စင်တာ ၂ မင်္ဂလာစံပြ စသည့် အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် လည်းကောင်း၊ မန္တလေးမြို့ မင်္ဂလာဒိုင်းမွန်း အဆင့်မြင့်ရုပ်ရှင်ရုံ၊ ပြည်မြို့ မင်္ဂလာထွန်းသီရိ အဆင့်မြင့်ရုပ်ရှင်ရုံတို့တွင် နိုဝင်ဘာ ၂၇ ရက်နေ့မှ စတင်ပြသနေပြီဖြစ်သည်။

**(ALEZ)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၈ - ၁၁ -၂၀၁၅ (စနေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် သီချင်းကြီးပဒေသာ
- ၆း၁၀ ဝတ်စားဆင်ယင်မှုပြပွဲ (တေးဂီတ)
- ၆း၃၀ ပျော်ရွှင်စေသော နေ့ရက်များ "မျက်နှာဖုံးချစ်သူ" (အပိုင်း-၄) [မိုးမိုး၊ စိုးမြတ်နန္ဒာ၊ လှအဥ္ဇလီတင့်၊ သဇင်၊ အေးသီတာ]
- ၆း၅၀ ဟိုးတုန်းက . . . ကက်ဆက်ဇာတ်လမ်းများ "မကြည်ဖြူ လင်ငါးယောက်ယူသည်"
- ၈း၁၀ "နေမဝင်အလှများ" (ဒေါ်အေးအေးသင်းနှင့် တွေ့ဆုံခြင်း) (အပိုင်း-၄)
- ၈း၃၅ တေးဂီတအစီအစဉ်
- ၈း၅၀ ဘုရဒတ်ဇာတ်တော်ကြီး (ပထမပိုင်း)
- ၁၀း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း ကူ ကူ ကူညီချင်လွန်းလို့ (ဖြိုးငွေစိုး၊ စံရတီမိုးမြင့်) [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
- ၁၂း၀၀ အစီအစဉ်ပြီး၏

တစ်နေ့ ၆ နာရီစာလေးကြိမ် ပြသပါမည်။

## MRTV- 4

- ၅း၀၀ ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း+ မင်္ဂလသုတ်
- ၅း၄၀ "မဟာသတိပဋ္ဌာနသုတ္တန်" (အပိုင်း-၇)တရားတော် (ဓမ္မဒူတ ဒေါက်တာ အရှင်ပညိသရာဘိဝံသ)
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (A Launch of Chatrium CSR To gether Program)
- ၉း၄၀ Drive It
- ၁၁း၀၅ Star တို့ရဲ့ လက်ရာ
- ၁၁း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၄၅+၄၆)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [အသည်းစားဘုရင်မ(အပိုင်း-၃)]
- ၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၂၄)
- ၃း၅၀ Healthy Life (Shwe Moe Pwint Aye)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၂၅)
- ၇း၃၀ Let's Talk
- ၈း၀၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ရမ္မက်လွန်ပန်းတစ်ပွင့် (အပိုင်း-၁)]
- ၈း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၄၉)
- ၉း၄၀ 2015 4TV Music Festival Show (Part-2)
- ၁၁း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၄၇+၄၈)
- ၁း၂၀ Forever Music Tribute Raggae (အပိုင်း-၃)
- ၂း၀၅ World of Knowledge (Fish Warrior : Amazon Giant)
- ၃း၂၅ Drive It
- ၃း၅၀ MRTV-4 Stage

## မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၀ မေတ္တာပို့
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၅ မွေးမြူသုတ
- ၈း၂၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၁၁း၀၀ နည်းပြ ့ သမ ပြန္ညာမေ
- ၁၁း၀၇ မျိုးချစ်တပ်မတော်
- ၁၁း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
- ၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် - လေလှိုင်းချစ်သူ ပြေတီဦး၊ တင့်တင့်ထွန်း၊ သက်မွန်မြင့်နှင့် သရုပ်ဆောင်များ ဒါရိုက်တာ- ညိုမင်းလွင်
- ၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသင်္ချေ (အပိုင်း-၁၂)
- ၁၄း၃၀ သံစဉ်များနှင့်ကမ္ဘာ
- ၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၄၅ ကျန်းမာသုတ
- ၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ (အပိုင်း-၈၁)
- ၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
- ၆း၁၀ စားဖိုဆောင်ချစ်သူ
- ၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်နှစ်သီးခြာချစ်လိပ်ပြာ (အပိုင်း-၄၂) -လူရွှင်တော်စတား -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်မည့်နိမိတ်သခင် အပိုင်း(၂၁)

## mitv

- 07:03 News
- 07:26 Moe Ne' Keeps Its Tradition Alive
- 07:51 Philatelic Pleasure
- 08:03 News
- 08:25 Atuladhipati Mahamunisacca Koe Htat Kyee Pagoda
- 08:43 Kay Tu Mar Lar "The Family"
- 08:52 Human Right Human Dignity International Film Festival
- 09:03 News
- 09:26 Natural Lake: Fish Breeding Business
- 09:38 Travels In Monywa- Moe Hnyin Sambuddhe Pagoda
- 09:49 Yangon Markets: Da Nyein Gone Market
- 10:03 News
- 10:26 Black Gold (Part-I)
- 10:33 International Dances in Myanmar
- 10:51 Chaung Tha Souvenir Business
- 07:03 News
- 07:25 The Hills Of Phowintaung And Shwebataung
- 07:43 Image Of The Monks
- 08:03 News
- 08:26 Myanmar National Poet And Literary Icon: Prolific Writer of Poems & Prose - Min Thu Wun (Ep-4) Political Life & Remembrance
- 08:50 MONASTERY (Shwe In - Pin Kyaung)

# ဝေဖန်မှုများကြားထဲက ဝိန်းရွှန်းနီ



မေ လဲ့ သင်း

ပီအက်စ်ဗွီနဲ့ မန်ယူတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်(၅)မှာ မန်ယူအနေနဲ့ ဂိုးမရှိသရေ ရလဒ်သာ ကစားနိုင်ပြီးနောက် မန်ယူရဲ့တိုက်စစ်ကို ဦးဆောင်ခွင့်ရရှိထားသူလည်းဖြစ်၊ အသင်းခေါင်းဆောင် လည်းဖြစ်သူ ဝိန်းရွှန်းနီအပေါ် ဝေဖန်မှုတွေပိုမို ကျရောက်လာခဲ့ပါတယ်။ ဝိန်းရွှန်းနီက ဒီနှစ် ဘောလုံးရာသီစတင်ချိန်မှ ခြေစွမ်းပျောက်နေ ခဲ့တာမဟုတ်ဘဲ မနှစ်က ဘောလုံးရာသီ ကုန်ခါနီးကတည်းက ဂိုးသွင်းခြေပျောက် ဆုံးနေခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် သူဟာ မနှစ်က မန်ယူကွင်းလယ် အင်အား မပြည့်စုံတာကြောင့် ကွင်းလယ်မှာ ဆင်းပြီးကစားနေရတာ ဖြစ်လို့ သူ့ရဲ့သွင်းဂိုးတွေ နည်းပါးလာမှုအပေါ် အပြစ်တင်ဖို့ထက် နည်းပြဗန်ဟားလ်ရဲ့ နည်းဗျူဟာ အခင်းအကျင်းအပေါ်သာ အင်္ဂလန်မီဒီယာ တွေက အပြစ်ဖို့ခဲ့ကြပါတယ်။

ယခင် မန်ယူအသင်းခေါင်းဆောင် ရွိုင်ကိန်းကတော့ ရွှန်းနီက ကိုယ်နဲ့မဆိုင်တဲ့ နပန်းပွဲလိုမျိုးတွေမှာသာ စိတ်ဝင်စားနေပြီး ကိုယ်ရဲ့ ပရော်ဖက်ရှင်နယ်အလုပ်ပေါ်ကို အပြည့် အဝအာရုံစိုက်ခြင်းမရှိသလို ကွင်းထဲမှာရော အဝတ်လဲခန်းမှာပါ အသင်းသားတွေအပေါ် ဦးဆောင်မှုအရည်အသွေးညံ့ဖျင်းနေသူလို့ စွပ်စွဲ လိုက်ပါတယ်။

"ရွှန်းနီရဲ့ သွင်းဂိုးမှတ်တမ်းတွေက အံ့ဩ လောက်ဖွယ်ဖြစ်ပေမယ့် ပြီးခဲ့တဲ့ နှစ်ပတ်လောက် ကတင် သူ့ကို နပန်းပွဲလိုမျိုးတွေမှာတွေ့နေရတုန်း ပဲ။ ဒါက အဓိပ္ပာယ်မှမရှိတာ။ အခုလိုပွဲကျပ်ကာလ တွေရောက်ရှိတော့မယ့်အချိန်မှာ ကိုယ့်ရဲ့ ကာယပိုင်း ကြံ့ခိုင်ဖို့နဲ့ အကောင်းဆုံးပုံစံရအောင်ဘယ်လိုလုပ်ဆောင် ရမလဲ ဒါကိုပဲ အာရုံစိုက်ရမှာပါ"လို့ ရွိုင်ကိန်းက ရွှန်းနီနဲ့ပတ်သက်ပြီး အိုင်တီဗွီကိုပြောခဲ့ပါတယ်။

ဝိန်းရွှန်းနီက ကွင်းလယ်မှာသာ ကစားနေရတာ များနေခဲ့တာကြောင့် ဗဟိုတိုက်စစ်နေရာ ပြန်ကစား ခွင့်ရချိန်မှာ ဂိုးဧရိယာအတွင်း တိုက်စစ်အကူ တစ်ယောက်ယောက် ပါမလာရင် ပြိုင်ဘက် နောက်ခံကစားသမားတွေနဲ့ ဂိုးသမားကိုခြိမ်းခြောက် နိုင်မှုနည်းပါးသွားခဲ့တာ ဖြစ်ပါတယ်။ ရွှန်းနီက မန်ယူအတွက် စုစုပေါင်း ၄၉၈ ပွဲ ဝင်ရောက်ကစားခဲ့ ရာမှာ သွင်းဂိုး ၂၃၇ ဂိုးအထိ ရှိခဲ့တာကတော့ သူ့ရဲ့ မှတ်တမ်းကောင်းပါ။ ရွှန်းနီက ၂၀၀၄ခုနှစ်မှာ အဲဗာတန်ကနေ မန်ယူကို ပြောင်းရွှေ့လာပြီး သူ့ရဲ့ သွင်းဂိုးတွေနဲ့ မန်ယူကို အထောက်အပံ့ ပြုနိုင်ခဲ့ပါတယ်။

ဒါပေမယ့် ဒီနှစ်ဘောလုံးရာသီမှာတော့ မန်ယူအတွက် ၁၉ ပွဲ ဝင်ရောက်ကစားခဲ့ရာ ခုနစ်ဂိုးပဲ သွင်းယူနိုင်ခဲ့ပြီး အဲဒီထဲက ငါးဂိုးက ချန်ပီယံလိဂ်နဲ့ ကပ်ပီတယ်ဝမ်း ဖလားမှာ သွင်းယူခဲ့တဲ့ဂိုးတွေပါ။ ဒါကြောင့်လည်း ရွှန်းနီက သူဟာ အင်္ဂလန်အသင်းမှာ သူ့ရဲ့ ပုံမှန်နေရာအတွက် ပထမဆုံးအကြိမ်ခြိမ်းခြောက် ခံနေရပြီလို့ ဝန်ခံခဲ့ရတယ်အထိ ဖြစ်ခဲ့ရပါတယ်။

အင်္ဂလန်မှာ ဗာဒီ၊ ဟယ်ရီကိန်းတို့ ခြေစွမ်းပြနေကြပြီး ရွှန်းနီကလည်း အရင်ကလို ဂိုးသွင်းခြေ မရှိခဲ့တာကြောင့်နေရာပျောက်မယ့် အနေအထား ဆိုက်ရောက် နေခဲ့တာပါ။

ဝိန်းရွှန်းနီရဲ့ ကစားသမားဘဝကို ကြည့်ရင် ၂၀၀၂ခုနှစ် ဩဂုတ် ၁၇ ရက် အဲဗာတန်နဲ့ စပါးတို့ ကစားတဲ့ပွဲမှာ ပွဲဦးထွက် ဝင်ရောက်ကစားခွင့် ရခဲ့ပြီး အဲဒီပွဲမှာ ကိုယ်တိုင်ဂိုးသွင်းယူ နိုင်ခြင်းမရှိခဲ့ပေမယ့် မာ့ခ်ပန်းဘရစ်ချ် သွင်းယူတဲ့ဂိုးကို ဖန်တီးပေးနိုင်ခဲ့ပါတယ်။ အဲဒီနှစ် အောက်တိုဘာ၂ ရက် ဝက်စ်ဟမ်းနဲ့ ကစားခဲ့တဲ့ ကပ်ပီတယ်ဝမ်းဖလားပြိုင်ပွဲမှာ သွင်းဂိုး နှစ်ဂိုးသွင်းယူကာ အဖွင့်လှခဲ့ပြီးနောက် ယူရို၂၀၀၄ ပြိုင်ပွဲမှာ အင်္ဂလန်အသင်းအတွက် ရွေးချယ်ခံခဲ့ရသလို ခြေစွမ်းလည်း ပြသနိုင်ခဲ့ပါတယ်။

ရွှန်းနီက အဲဒီတုန်းက ပြင်သစ်လို ကမ္ဘာ့အဆင့် (၁)နေရာမှာ ရပ်တည်နေတဲ့ အသင်းဘက်ကိုတောင် ဂိုးသွင်းယူနိုင်ခဲ့တဲ့အတွက် သူ့ရဲ့နာမည်က တစ်ရှိန်ထိုး ကျော်ကြားလာခဲ့ပါတယ်။ ဒါကြောင့်လည်း မန်ယူ နည်းပြ ဖာဂူဆန်က သူ့ကိုအရခေါ်ယူနိုင်ခဲ့ပြီး နောက် ခြေစွမ်းပိုင်းလည်း ပိုမိုတိုးတက်လာခဲ့ပါတယ်။ ဒါပေမယ့် ၂၀၁၂-၂၀၁၃ ခုနှစ် ဘောလုံးရာသီကစပြီး သူ့ရဲ့ခြေစွမ်းပိုင်း ကျဆင်းလာမှုကို မှတ်တမ်းတွေအရ တွေ့ရှိကြရမှာ ဖြစ်ပါတယ်။

ဒါဆိုဘာဖြစ်လို့သူ့ကို ဒီနှစ်မှာ ဘာလို့ထူးပြီး ဝေဖန်နေတာလဲလို့ စာဖတ်သူတွေအနေနဲ့ တွေးကောင်း တွေးထင်နိုင်ပါတယ်။ ဗန်ဟားလ်က ဒီနှစ်မှာ မန်ယူရဲ့ ကစားကွက်ကို ၄-၂-၃-၁ ခင်းကျင်းပြီး ရွှန်းနီဂိုးသွင်းခြေ တွေ့စေဖို့ ဗဟိုတိုက်စစ်နေရာမှာထားပြီး ကစားစေခဲ့ပါ တယ်။

ဒါပေမယ့်ရွှန်းနီက ပရီမီယာလိဂ်(၁၁)ပွဲမှာမှ နှစ်ဂိုးပဲ သွင်းနိုင်တာက သူဟာ မန်ယူတိုက်စစ်ကို တစ်ယောက်တည်းဦးဆောင်ဖို့ မပြည့်စုံဘူးလို့ ဖော်ညွှန်းနေတဲ့ အနေအထားပါ။ ရွှန်းနီကို ပွဲတိုင်းကစားစေချင်ရင် ဗန်ဟားလ်အနေနဲ့ ၄-၄-၂ ကစားကွက်ကို ခင်းကျင်းရမှာပါ။ ဒါမှသာ ရွှန်းနီအနေနဲ့ တိုက်စစ်အကူ တိုက်စစ်မှူးတစ်ယောက်ပါလာရင် လွတ်လွတ်လပ်လပ်လှုပ်ရှားနိုင်မှာဖြစ်လို့ သူ့ရဲ့ မူရင်း ခြေစွမ်းကို ပြန်ရလာမှာဖြစ်ပါတယ်။

ဖာဂူဆန်လက်ထက်မှာ ရွှန်းနီခြေစွမ်းမပျောက် တာက ၄-၄-၂ ကစားကွက်တောက်လျှောက်ခင်းကျင်း လာခဲ့လို့ဖြစ်ပါတယ်။ အင်္ဂလန်မှာ ရွှန်းနီ ပုံမှန်ဂိုးသွင်း ခြေရနေတာကလည်း ရွိုင်းဟော့ဆန်က ၄-၄-၂ ကစား ကွက်ကိုပဲ ကျင့်သုံးတာကြောင့်ပါ။ ဒါကြောင့် ရွှန်းနီ ခြေစွမ်းပျောက်နေတာကို အဖြေရှာဖို့ တစ်ခု တည်းသော နည်းလမ်းက ၄-၄-၂(သို့မဟုတ်)၃-၅-၂ ကစားကွက်ကို ဗန်ဟားလ်ခင်းကျင်းပေးဖို့ပဲ လိုတယ်လို့ သုံးသပ်ရင်း. . .။

**ဝိန်းရွှန်းနီ၏**
**မန်ယူအတွက် နှစ်အလိုက်သွင်းဂိုးများ**

| ဘောလုံး ရာသီ | ဝင်ရောက်ကစားခဲ့သည့် ပွဲအရေအတွက် | သွင်းဂိုး |
|---|---|---|
| ၂၀၀၇-၂၀၀၈ | ၄၃ | ၁၈ |
| ၂၀၀၈-၂၀၀၉ | ၄၉ | ၂၀ |
| ၂၀၀၉-၂၀၁၀ | ၄၄ | ၃၄ |
| ၂၀၁၀-၂၀၁၁ | ၄၀ | ၁၆ |
| ၂၀၁၁-၂၀၁၂ | ၄၃ | ၃၄ |
| ၂၀၁၂-၂၀၁၃ | ၃၇ | ၁၆ |
| ၂၀၁၃-၂၀၁၄ | ၄၀ | ၁၉ |
| ၂၀၁၄-၂၀၁၅ | ၃၇ | ၁၄ |
| ၂၀၁၅-၂၀၁၆ | ၁၉ | ၇ |

## စိတ်ဝင်စားဖွယ်ပွဲစဉ်များနဲ့ ရက်သတ္တပတ်(၂)

ငွေကြယ်



***ယခုတစ်ပတ်မှာ ဥရောပရဲ့ ထိပ်တန်းအဆင့်ရှိ လိဂ်လေးလိဂ်ထဲက စိတ်ဝင်စားဖွယ် ပွဲစဉ်လေးခုကို ဖော်ပြပေးသွားပါမယ်။ အဲဒီပွဲစဉ်လေးခုကတော့ ပရီမီယာလိဂ်ပြိုင်ပွဲမှာ လက်စတာနဲ့ မန်ယူပွဲစဉ်၊ စီးရီးအေမှာ နာပိုလီနဲ့ အင်တာမီလန်ပွဲစဉ်၊ ဘွန်ဒက်လီဂါမှာ ဘိုင်ယန်မြူးနစ်နဲ့ ဟာသာဘာလင်ပွဲစဉ်နဲ့ လာလီဂါမှာ အီဘားနဲ့ ရီးယဲလ်မက်ဒရစ်ပွဲစဉ်တို့ပဲဖြစ်ပါတယ်။***

### လက်စတာနဲ့ မန်ယူ

ပရီမီယာလိဂ်ပွဲစဉ်(၁၃)အပြီးမှာ ရမှတ် ၂၈ မှတ်နဲ့ အမှတ်ပေးဇယားရဲ့ ထိပ်ဆုံးမှာ ဦးဆောင်နေခဲ့တဲ့ လက်စတာနဲ့ ရမှတ် ၂၇ မှတ်နဲ့ ဒုတိယနေရာကလိုက်နေတဲ့ မန်ယူတို့ ထိပ်တိုက်တွေ့ဆုံတဲ့ပွဲစဉ်ဟာ ပရိသတ် စိတ်ဝင်စားမှု အများဆုံးပွဲစဉ်လို့ဆိုရမှာပါ။ မန်ယူအသင်းရဲ့ တိုက်စစ်ပိုင်းက သိပ်အား ရစရာမရှိဘူးလို့ဆိုရမလား။ ဘာလို့လဲဆိုရင် အခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတစ်လျှောက် တစ်ပွဲအများဆုံးဂိုးသွင်းနိုင်မှုက လက်ရှိ အချိန်ထိ သုံးဂိုးထက်ပိုမသွင်း နိုင်သေးဘူး။ ပရီမီယာလိဂ်ရဲ့ ဂိုးသွင်းအများဆုံး ၁၀ ဦး စာရင်းမှာဆို မန်ယူကစားသမားတစ်ဦးမှ မပါသေးဘူး။ လက်စတာမှာတော့ တိုက်စစ်မှူး ဗာဒီဟာ သွင်းဂိုး ၁၃ ဂိုးသွင်းထားပြီး ဂိုးသွင်း အများဆုံးကစားသမားအဖြစ် ရပ်တည်နေ သလို မာရက်ဇ်ကလည်း သွင်းဂိုးခုနစ်ဂိုးနဲ့ ဂိုးသွင်းအများဆုံး ၁၀ ဦးမှာ ငါးဦးစာရင်း ဝင်ထားတယ်။ လက်ရှိကစားရမှာကလည်း လက်စတာ အိမ်ကွင်းဖြစ်တာကြောင့် လက်စတာဟာ အိမ်ကွင်းအားသာချက်၊ တိုက်စစ်ပိုင်း အားသာချက်တွေရှိတယ်။ လက်စတာဟာ ပြီးခဲ့တဲ့ရာသီက သူ့ရဲ့ အိမ်ကွင်းမှာ မန်ယူကို ငါးဂိုးအထိသွင်းပြီး အနိုင်ယူခဲ့တာလည်း ရှိခဲ့တယ်။ ဒါ့အပြင် မန်ယူမှာ ဝီဆင်၊ ဖီးဂျုံးစ်၊ ဟာရဲရား၊ ကားရစ်၊ ဗလင်စီယာ၊ လုခ်ရှောတို့ ဒဏ်ရာပြဿနာ ကြောင့် ပါဝင်လာနိုင်မဟုတ်တဲ့အတွက် လက်ရှိအနေအထားအရ အိမ်ရှင်လက်စတာ က ရလဒ်ကောင်းတစ်ခုပိုင်ဆိုင်ဖို့ အခွင့် အလမ်းတစ်ရပ်တော့ ရှိနေပါတယ်။

### နာပိုလီနဲ့အင်တာ

အီတလီစီးရီးအေမှာလည်း အခုတစ်ပတ် မှာ အမှတ်ပေးဇယားရဲ့ ထိပ်ဆုံးကရပ်တည် နေတဲ့ နှစ်သင်းထိပ်တိုက်တွေ့နေတယ်။ ဒီနှစ်သင်းရဲ့ ခြေစွမ်းဟာ စီးရီးအေပြိုင်ပွဲ တစ်လျှောက်မှာ ကွာဟမှုသိပ်မရှိခဲ့ဘူး။ ၃၈ ကြိမ် ထိပ်တိုက် တွေ့ဆုံထားရာမှာတော့ နာပိုလီက နိုင်ပွဲပိုရထားတယ်။ ပြီးခဲ့တဲ့နှစ်က နာပိုလီ အိမ်ကွင်းမှာ ထိပ်တိုက်တွေ့ဆုံစဉ်ကလည်း တစ်ဖက်နှစ်ဂိုးစီသရေပွဲ ဖြစ်ထားတယ်။ ဒီနှစ်သင်းမှာ အင်တာမီလန်က နောက်ပိုင်းမှာ ရလဒ်ပိုင်းအရ အကျဘက်ကို ဦးတည်သွား ပေမယ့် နာပိုလီကတော့ ခြေစွမ်းပိုင်းပိုမို ကောင်းမွန်လာတယ်။ ဟီဂူအင်နဲ့ အင်ဆီနီတို့ ဟာလည်း စီးရီးအေမှာ ဂိုးသွင်းအများဆုံး ကစားသမားတွေအဖြစ် ရပ်တည်နေတယ်။ ဒါကြောင့် နာပိုလီအသင်းမှာ ဟီဂူအင်၊ အင်ဆီနီတို့လို တိုက်စစ်ပိုင်းမှာ ဂိုးသွင်း သေချာတဲ့ ကစားသမားတွေရှိနေခြင်းက အိမ်ရှင် နာပိုလီအတွက် နိုင်ပွဲတစ်ပွဲ ဖြစ်လာ မလားဆိုတာနဲ့ ပွဲစဉ်(၁၄)အပြီးမှာ အမှတ် ပေးဇယားကို ဦးဆောင်ခွင့်ရရှိသွားမလား ဆိုတာ စောင့်ကြည့်ရမှာပါ။

### ဘိုင်ယန်မြူးနစ်နဲ့ ဟာသာဘာလင်

ဘွန်ဒက်လီဂါပွဲစဉ်(၁၃) ကစားပြီးချိန် မှာတော့ ဘိုင်ယန်မြူးနစ်အသင်းက ရမှတ် (၃၇)မှတ်နဲ့ ဇယားထိပ်ကို ဦးဆောင်နေ တဲ့အသင်းပါ။ ဘိုင်ယန်မြူးနစ်အသင်းဟာ လက်ရှိအချိန်အထိ ဘွန်ဒက်လီဂါမှာ ရှုံးပွဲ မရှိသေးပါဘူး။ ဖရန့်ဖတ်အိမ်ကွင်းမှာ သွားရောက်ကစားခဲ့စဉ်က ဂိုးမရှိသရေပွဲဖြစ်ခဲ့ တာကလွဲရင် ပြိုင်ပွဲအားလုံးအနိုင်ရရှိထား တယ်။ မူလာနဲ့ လီဝမ်ဒေါ့စကီးတို့ရဲ့ ခြေစွမ်း တွေကလည်း ပြိုင်ဘက်ဟာသာဘာလင် အသင်းကို အကောင်းဆုံးလွှမ်းမိုးသွားနိုင် မယ့် ခြေစွမ်းတွေဖြစ်တယ်။ ဒါပေမယ့် လျှော့တွက်လို့မရတာက ဟာသာဘာလင်ဟာ လက်ရှိအမှတ်ပေးဇယားမှာအဆင့်(၄)စာရင်း ဝင်ထားတဲ့ ခြေစွမ်းကို ပိုင်ဆိုင်ထားတယ်။ ဘိုင်ယန်မြူးနစ်နဲ့ ဟာသာဘာလင်တို့ နောက်ဆုံး ရှစ်ကြိမ်တွေ့ဆုံထားရမှာလည်း ရှစ်ကြိမ်စလုံး ဘိုင်ယန်ကအနိုင်ရထားသလို အိမ်ကွင်းလည်း ဖြစ်တယ်။ ဘိုင်ယန်မြူးနစ် ဟာ ချန်ပီယံလိဂ်ကစားခဲ့ရလို့ ပွဲပန်းလာတယ် ဆိုပေမယ့် ဖိလစ်လမ်းဦးဆောင်မှုနဲ့အတူ ဘိုင်ယန်မြူးနစ်ကပဲ အသာစီးရသွားမှာပါ။

### အီဘားနဲ့ ရီးယဲလ်မက်ဒရစ်

ဒီပွဲစဉ်ဟာ ရီးယဲလ်မက်ဒရစ်အတွက် မဖြစ်မနေအနိုင်ရဖို့ လိုအပ်နေတဲ့ပွဲစဉ်ပါ။ လက်ရှိမှာ ဘာစီလိုနာက ခြောက်မှတ် ဖြတ်ထားသလို အက်သလက်တီကိုမက်ဒရစ် ကလည်း နှစ်မှတ်ဖြတ်ထားတာကြောင့် ရီးယဲလ်မက်ဒရစ်ဟာ အမှတ်ပေးဇယားရဲ့ အဆင့်(၃)နေရာကို ရောက်ရှိသွားခဲ့ပါတယ်။ ရီးယဲလ်မက်ဒရစ်ဟာ ပြီးခဲ့တဲ့ ဘာစီလိုနာနဲ့ ပွဲစဉ်မှာ လေးဂိုးပြတ်ရှုံးခဲ့တာကြောင့် ဘာစီလိုနာ နဲ့ အမှတ်ကွာဟမှုကြီးမားသွားခဲ့တယ်။ အီဘားအသင်းမှာ ဂွန်တန်၊ လိုင်လို၊ ဆီမိုနီဗာဒီနဲ့ ဂျီမီနက်ဇ် ပါဝင်လာမှာ မဟုတ်သလို ရီးယဲလ်မက်ဒရစ်အသင်းမှာ လည်း အစ္စကို၊ ဗာရာနီ၊ မာဆယ်လိုတို့ ပါဝင် လာဖို့မှရှိပါဘူး။ အီဘားအသင်းဟာ အိမ်ကွင်း အားသာချက်ရှိပေမယ့် နိုင်လိုစိတ်ပြင်းထန် နေတဲ့ ရီးယဲလ်မက်ဒရစ်အသင်းက ဘင်ဇီမာ၊ ဂါရတ်ဘေးလ်၊ စီရိုနယ်လ်ဒိုတို့ရဲ့ စွမ်းဆောင် ရည်တွေနဲ့အတူ အဝေးကွင်းမှာ အနိုင်သုံးမှတ် ရယူသွားမယ့် အနေအထားမှာရှိနေပါ တယ်။

❒❒

## နိုဝင်ဘာ ၂၈ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၁၄**

| | | | |
|---|---|---|---|
| ဘုန်းမောက် | - | အဲဗာတန် | ည-၉း၃၀ |
| ခရစ္စတယ်ပဲလေ့စ် | - | နယူးကာဆယ် | ည-၉း၃၀ |
| မန်စီးတီး | - | ဆောက်သမ်တန် | ည-၉း၃၀ |
| ဆန်းဒါးလန်း | - | စတုတ်စီးတီး | ည-၉း၃၀ |
| ဗီလာ | - | ဝက်ဖို့ဒ် | ည-၉း၃၀ |
| လက်စတာ | - | မန်ယူ | ည-၁၂း၀၀ |

**စပိန်လာလီဂါ ပွဲစဉ် - ၁၃**

| | | | |
|---|---|---|---|
| ဘာစီလိုနာ | - | ဆိုစီဒက် | ည-၉း၃၀ |
| အက်သလက် | - | အက်စ်ပန်ညို | ည-၁၁း၄၅ |
| မာလာဂါ | - | ဂရန်နာဒါ | နံနက်-၂း၀၀ |
| လက်စ်ပဲမက်စ် | - | ဒီပို့တီဗို | နံနက်-၃း၃၀ |
| ဆယ်လ်တာဗီဂို | - | စပို့တင်းဂီဂျွန် | နံနက်-၃း၃၅ |

**စီးရီးအေ ပွဲစဉ် - ၁၄**

| | | | |
|---|---|---|---|
| တိုရီနို | - | ဘိုလော့နာ | ည-၁၁း၃၀ |
| အေစီမီလန် | - | ဆမ်ဒိုးရီးယား | နံနက်-၂း၁၅ |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၄**

| | | | |
|---|---|---|---|
| ဘိုင်ယန်မြူးနစ် | - | ဟာသာဘာလင် | ည-၉း၀၀ |
| ဝါဒါဘရီမင် | - | ဟမ်းဘတ် | ည-၉း၀၀ |
| ဟန်နိုဗာ | - | အင်ဂေါ့စတက် | ည-၉း၀၀ |
| ဟော့ဖန်ဟိမ်း | - | မိုချင်ကလက်ဘတ် | ည-၉း၀၀ |
| မိန့်ဇ် | - | ဖရန့်ဖတ် | ည-၉း၀၀ |

**ပြင်သစ်လီဂူး ပွဲစဉ် - ၁၅**

| | | | |
|---|---|---|---|
| ပီအက်စ်ဂျီ | - | ထရွိုင်ယက်စ် | ည-၁၀း၃၀ |
| အန်ဂါးစ် | - | လိုင်လီ | နံနက်-၁း၃၀ |
| နန့်တက်စ် | - | ဘက်စ်တီယာ | နံနက်-၁း၃၀ |
| ဂါဇီလက် | - | လိုရီယန့် | နံနက်-၁း၃၀ |
| ရိမ်းစ် | - | ရင်းနက်စ် | နံနက်-၁း၃၀ |
| တူးလော့စ် | - | နိုက်စ် | နံနက်-၁း၃၀ |

**မောင်မောင်ဇော်**

## လီဗာပူးတိုက်စစ်မှူး စတားရစ် ထပ်မံဒဏ်ရာရရှိ



လီဗာပူးတိုက်စစ်မှူး စတားရစ်သည် ဒဏ်ရာပြဿနာကြောင့် အနားယူနေရာမှ ဘော်ဒိုးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ယူရိုပါလိဂ်ပွဲစဉ်တွင် အသင်းနှင့်အတူ ပြန်လည်ပါဝင်လာခဲ့သော်လည်း ယင်းပွဲစဉ်တွင် ထပ်မံဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

အသက်(၂၆)နှစ်အရွယ်ရှိ အင်္ဂလန်တိုက်စစ်မှူး စတားရစ်သည် အောက်တိုဘာ ၄ ရက်ကတည်းက ဒူးဒဏ်ရာပြဿနာကြောင့် အသင်းနှင့်အတူ ပါဝင်လာနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ သို့ရာတွင် ဘော်ဒိုးအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် လီဗာပူးအသင်းအတွက် အကောင်းဆုံးပုံစံဖြင့် ကစားပေးခဲ့သော်လည်း ခြေထောက်တွင် ထပ်မံဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ဘော်ဒိုးအသင်းအား အနိုင်ရရှိခဲ့ပြီး နောက် ယူရိုပါလိဂ် ၃၂ သင်းအဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။ တိုက်စစ်မှူး စတားရစ်သည် ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းအတွက် သုံးပွဲသာ ပွဲထွက်ကစားနိုင်ခဲ့ပြီး သွင်းဂိုးနှစ်ဂိုးသာ သွင်းယူပေးနိုင်ခဲ့သည်။

**ငွေကြယ်**

## လီဗာပူး၏ သူရဲကောင်းသစ် ကလော့



ယခုလီဗာပူးနည်းပြသစ် ဂျာဂင်ကလော့မှာ အန်ဖီးကွင်း၏ သူရဲကောင်းသစ် ဖြစ်လာမည့်သူဟု ယခင်လီဗာပူးတိုက်စစ်မှူးဟောင်း မိုက်ကယ်အိုဝင်က ဘီတီစပို့သို့ပြောကြားခဲ့သည်။

ကလော့သည် လီဗာပူးနည်းပြအဖြစ် အောက်တိုဘာလတွင် စတင်တာဝန်ယူချိန် မှစ၍ ကိုးပွဲကိုင်တွယ်ခဲ့ရာတွင် ငါးပွဲနိုင်၊ သုံးပွဲသရေနှင့် တစ်ပွဲသာ ရှုံးနိမ့်ခဲ့သည်။

အိုဝင်က ကလော့မှာ လီဗာပူး၏ ပျောက်ဆုံးနေသော သူရဲကောင်းအလား ကလပ်အသင်းကို အကျိုးပြုနိုင်သည့်သူဖြစ်ကြောင်း၊ ဘော်ဒိုးအား အနိုင်ယူခဲ့သည့် ယူရိုပါလိဂ်ပွဲစဉ်၌ လီဗာပူးပရိသတ်များကို ၎င်းအား မည်မျှချစ်ခင်ကြသည်ကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ ယခုဆို လီဗာပူးပရိသတ်များက ကလော့၏ အင်တာဗျူးကို အချိန်ပေး၍ စောင့်ကြည့်နားထောင်နေသည်ကို တွေ့ရှိကြရမည် ဖြစ်ကြောင်း ဆိုခဲ့သည်။

**မေလှဲ့သင်း**

**ပြည်တွင်းလှုပ်ရှား အားကစား**

## မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကြီးကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ ဝေရောစန ကျောက်စိမ်းစေတီတော်မြတ် ပရိဝုဏ်တွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ ၂၁ ရက် အထိကျင်းပမည်ဖြစ်ပြီး အမျိုးသားအလွတ်တန်း ပြိုင်ပွဲ၊ အမျိုးသားအသက် (၂၁)နှစ်အောက် လူသစ်တန်းပြိုင်ပွဲနှင့် အမျိုးသမီးအလွတ်တန်း ပိုက်ကျော်ခြင်း ပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များအတွက် ခရီးစရိတ်၊ နေထိုင်မှု၊ စားသောက်မှုတို့ကို စီစဉ်ပေးမည်ဖြစ်ပြီး ဆုကြေးအဖြစ် အမျိုးသားလူသစ်တန်းတွင် ပထမဆု သိန်း ၅၀၊ ဒုတိယဆု သိန်း ၃၀၊ တတိယဆု သိန်း ၂၀၊ အမျိုးသားလူသစ်တန်းနှင့် အမျိုးသမီးအလွတ်တန်းပြိုင်ပွဲများအတွက် ပထမဆု သိန်း ၃၀၊ ဒုတိယဆု သိန်း ၂၀၊ တတိယဆု ၁၀ သိန်းချီးမြှင့်မည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးများတွင်လည်းကောင်း၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ရုံး သုဝဏ္ဏပိုက်ကျော်ခြင်းရုံတွင်လည်းကောင်း၊ အမှတ်(၁၁၆)ကံ့ကော်လမ်း သပြေကုန်း နေပြည်တော်တွင်လည်းကောင်း ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ရက် ညနေ ၄ နာရီ နောက်ဆုံးထားစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖုန်း ၀၉-၅၁၂၈၉၈၅နှင့် ၀၉-၄၃၀၇၉၃၁၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**မောင်မောင်ဇော်**

❒❒

***ပြီးခဲ့တဲ့ပွဲစဉ် (၁၃)မှာ အေစီမီလန်ထပ်ရှုံးပြီး နောက်ဆုံးငါးပွဲမှာ ပထမဆုံးရှုံးပွဲနဲ့ ကြုံသွားတယ်။ ဒါကြောင့် အေစီမီလန်အနေနဲ့ ဒီပွဲစဉ်(၁၄)မှာ နိုင်ပွဲပြန်ရနိုင်မလားစောင့်ကြည့်ဖို့ရှိသလို ဒီပွဲစဉ်မှာ အင်တာမီလန်ကလည်း နာပိုလီနဲ့ကြုံတွေ့နေလို့ စိတ်ဝင်စားဖို့ကောင်းတဲ့ ပွဲစဉ်တစ်ခုဖြစ်လာဖို့ရှိတယ်။***

## ဆာစူအိုလို - ဖီအိုရင်တီးနား၊ နာပိုလီ - အင်တာ ပွဲတွေကြောင့် အသက်ဝင်လှုပနေဦးမယ့် စီးရီးအေ ရင်ခုန်သံ-၁၄



**ရှိုင်းမင်းမင်း**

**တိုရီနို-ဘိုလော့နာ ည ၁၁း၃၀ (၂၈-၁၁-၁၅)**

ဘိုလော့နာခြေစွမ်းက အခုနောက်ပိုင်း မဆိုးဘူးလို့ ပြောနိုင်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသာ ရှုံးနိမ့်ခဲ့ပြီး သုံးပွဲတိတိအနိုင်ကစားနိုင်ခဲ့ပါတယ်။ တိုရီနိုရဲ့ခြေစွမ်းပိုင်းကတော့ အားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့် တိုရီနိုရဲ့အိမ်ကွင်းဖြစ်ပေမယ့် ဘိုလော့နာတို့ အနိမ့်ဆုံးသရေကစားနိုင်မှာပါ။

**အေစီမီလန် - ဆမ်ဒိုးရီးယား နံနက် ၂း၁၅ (၂၉-၁၁-၁၅)**

ဂျူဗင်ထပ်ကို ရှုံးခဲ့ရပေမယ့် အေစီမီလန်ခြေစွမ်းကောင်းမွန်ခဲ့ပါတယ်။ နောက်ဆုံးငါးပွဲမှာလည်း အဆိုပါတစ်ပွဲတည်းသာ ရှုံးပွဲကြုံခဲ့သလို နိုင်ပွဲပြန်ရဖို့အတွက်လည်း အားစိုက်မှာပါ။ အိမ်ကွင်းလည်း ဖြစ်တာကြောင့် အဝေးကွင်း အားနည်းမှုတွေရှိတဲ့ ဆမ်ဒိုးရီးယားကို အေစီမီလန်တို့ အနိုင်ကစားနိုင်ပါလိမ့်မယ်။

**ချီယေဗို - အူဒီးနီးစ် ည ၈း၃၀ (၂၉-၁၁-၁၅)**

ချီယေဗိုခြေကအခုနောက်ပိုင်း ခြေစွမ်းမတည်ငြိမ်ပါဘူး။ အထူးသဖြင့် တိုက်စစ်ကလည်း တစ်ပွဲတစ်ဂိုးနှုန်းသွင်းယူနိုင်ဖို့အတွက်တောင် ရုန်းကန်နေရပါတယ်။ ဒါပေမယ့် အူဒီးနီးစ်ခြေကလည်း အားနည်းမှုတွေများပြီး ချီယေဗိုကွင်းလည်းဖြစ်နေပါတယ်။ ဒါကြောင့် ဒီပွဲမှာတော့ ချီယေဗိုကပ်နိုင်သွားမှာပါ။

**ဖရိုစီနိုနီ - ဗီရိုနာ ည ၈း၃၀ (၂၉-၁၁-၁၅)**

ဖရိုစီနိုနီရဲ့ခြေစွမ်းပိုင်းကမတည်ငြိမ်ပါဘူး။ အထူးသဖြင့် ခံစစ်ကစားပုံတည်ငြိမ်မှုမရှိတာတွေ့ရပါတယ်။ ဒါပေမယ့် အိမ်ကွင်းမှာ အရှုံးနှစ်ပွဲသာရှိသေးသလို တိုက်စစ်ကလည်း ဂိုးပိုရတတ်တာကြောင့် ခြေစွမ်းအားနည်းတဲ့ ဗီရိုနာကို ထိန်းချုပ်သွားနိုင်မှာပါ။ ဖရိုစီနိုနီကပ်နိုင်သွားဖို့ရှိတယ်။

**ဂျီနိုအာ - ကာပီ ည ၈း၃၀ (၂၉-၁၁-၁၅)**

ဂျီနိုအာက ခြေစွမ်းပိုင်းမတည်ငြိမ်ဘူး ဆိုပေမယ့် အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံကောင်းမွန်တတ်ပါတယ်။ အထူးသဖြင့် ဂျီနိုအာရဲ့ ခံစစ်ကစားပုံက အိမ်ကွင်းမှာ ပိုမိုကျစ်လျစ်တတ်လို့ ခြေစွမ်းအရအားနည်းမှုတွေများတဲ့ ကာပီကိုတော့ ဖိအားပေးထိန်းချုပ်နိုင်မှာပါ။ ဂျီနိုအာတို့ နိုင်ပွဲကပ်ရသွားဖို့ရှိတယ်။

**ရိုးမား - အတ္တလန္တာ ည ၈း၃၀ (၂၉-၁၁-၁၅)**

ဘိုလော့နာနဲ့ သရေကျခဲ့ရတာကြောင့် ရိုးမားတို့ ဒီပွဲမှာ နိုင်ပွဲရအောင် အားစိုက်ပါလိမ့်မယ်။ ရိုးမားဟာ အိမ်ကွင်း ပွဲစဉ်တွေမှာ ကစားပုံပိုကောင်းတတ်ပြီး အိမ်ကွင်းရှုံးပွဲလုံးဝမရှိသေးပါဘူး။ အတ္တလန္တာကတော့ အဝေးကွင်း ခုနစ်ပွဲမှာ တစ်ပွဲသာနိုင်သလို သုံးဂိုးသာသွင်းနိုင်တဲ့အထိ အားနည်းပါတယ်။ ရိုးမားနိုင်ပွဲရဖို့ရှိမယ်။

**အမ်ပိုလီ - လာဇီယို ည ၈း၃၀(၂၉-၁၁-၁၅)**

လာဇီယိုရဲ့စုဖွဲ့မှုနဲ့ ခြေစွမ်းပိုင်း မဆိုးဘူးဆိုပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာတော့ ကစားအားသိသိသာသာ ကျဆင်း တတ်ပါတယ်။ အဝေးကွင်း ခြောက်ပွဲမှာ ငါးပွဲအထိရှုံးနိမ့်ခဲ့ရသလို တိုက်စစ်ကလည်း ဂိုးသွင်းခြေကျဆင်းတတ်လို့ အမ်ပိုလီတို့ အခွင့်အရေးရနိုင်ပါတယ်။ လာဇီယို သရေလောက်ပဲအမြင့်ဆုံးရမယ်။

**ပါလာမို - ဂျူဗင်တပ် နံနက် ၂း၁၅(၃၀-၁၁-၁၅)**

အေစီမီလန်ကို အနိုင်ရရှိခဲ့မှုနဲ့အတူ ဂျူဗင်တပ်ဟာ နောက်ဆုံးသုံးပွဲဆက်တိုက်အနိုင်နဲ့ ခြေစွမ်းတည်ငြိမ်မှုပြန်ရထားတယ်။ ဒီပွဲမတိုင်ခင်မှာလည်း ချန်ပီယံလိဂ်ကစားခဲ့ရမှာဖြစ်ပေမယ့် ပါလာမိုရဲ့ခြေစွမ်းပိုင်းကလည်း အားနည်းမှုတွေရှိနေတာကြောင့် ဂျူဗင်တပ်တို့ အခက်အခဲမရှိနိုင်ဘူး။ ဂျူဗင်တပ်ပဲနိုင်ပွဲဆက်မယ်။

**ဆာစူအိုလို - ဖီအိုရင်တီးနား နံနက်၀၀း၃၀(၁-၁၂-၁၅)**

ဆာစူအိုလိုရဲ့ခြေစွမ်းပိုင်းကလည်း တည်ငြိမ်မှုရှိတယ်လို့ဆိုနိုင်ပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံပိုကောင်းတတ်ပြီး အခုချိန်အထိ အိမ်ကွင်းရှုံးပွဲမရှိသေးပါဘူး။ ဒါကြောင့် ဥရောပပွဲကစားပြီး ပွဲပန်းလာမယ့် ဖီအိုရင်တီးနားတို့ မထင်မှတ်ပဲအခက်တွေ့နိုင်ပါတယ်။ ဖီအိုရင်တီးနားတို့ အနိုင်ရရင်တောင် မပြတ်သားဘူး။

**နာပိုလီ - အင်တာမီလန် နံနက် ၂း၃၀(၁-၁၂-၁၅)**

အင်တာမီလန်ရဲ့ ဒီရာသီခြေစွမ်းပိုင်းကတော့ ကောင်းမွန်မှုရှိတယ်လို့ဆိုနိုင်ပါတယ်။ တိုက်စစ်ပိုင်းက မတည်ငြိမ်ပေမယ့် အသင်းလိုက်ကစားပုံကထက်မြက်တယ်။ နာပိုလီက အိမ်ကွင်းဖြစ်ပြီး ခြေမဆိုးဘူးဆိုပေမယ့် ဥရောပပွဲတွေ ကစားခဲ့ရလို့ ပွဲပန်းလာနိုင်တယ်။ အင်တာမီလန် သရေလောက်တော့ ကစားနိုင်မယ်။

## ပြည်တွင်း

# လမ်းဘေးသစ်ပင်အား ဝင်တိုက်မိပြီး ယာဉ်တိမ်းမှောက်



**ရန်ကုန် နိုဝင်ဘာ ၂၇**

အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသစ်ပင်ကို ဝင်တိုက်မိမှုဖြစ်စဉ်တစ်ခု အလုံမြို့နယ်၌ နိုဝင်ဘာ ၂၆ ရက် ညပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦးနေလင်းဦး မောင်းနှင်လာသော EE/---- Fielder အငှားယာဉ်သည် နိုဝင်ဘာ ၂၆ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်က အလုံမြို့နယ် ဧရာဝတီရပ်ကွက် ကမ်းနားလမ်းအတိုင်း အလုံမြို့နယ်ဘက်မှ လမ်းမတော်မြို့နယ်ဘက်သို့ မောင်းနှင်လာစဉ် သခင်မြပန်းခြံရှေ့ အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိသစ်ပင်အား ဝင်တိုက်မိသဖြင့် ယာဉ်မှာတိမ်းမှောက်သွားခဲ့ကြောင်း၊ ထိုသို့တိမ်းမှောက်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့်ယာဉ်မှုစစ်က အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# တာချီလိတ်နှင့် မူဆယ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၅ ရက်က တာချီလိတ်မြို့ ဝမ်လုံးကျေးရွာအုပ်စု လွယ်စတုံ(အပေါ်)ကျေးရွာရှိ လော်ဖာ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်မဘူးဒွေ့တို့နှစ်ဦးအား တွေ့ရှိရပြီး လော်ဖာဝတ်ဆင်ထားသည့် ဘောင်းဘီဝဲဘက်အိတ်အတွင်းမှ ဘိန်းဖြူ သုည ဒသမ ၀၀၀၀၀၁ ကီလို၊ အိပ်ရာဘေးမှ ပြောင်းအရှည် ၁၀ လက်မခန့်ရှိ လုပ်သေနတ်တစ်လက်မဘူးဒွေ့ ကိုင်ထားသည့်အိတ်အတွင်းမှ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄ ပြား သိမ်းဆည်းရမိသဖြင့် လော်ဖာ(၃၃)နှစ် နှင့် မဘူးဒွေ့ (၃၀)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၅ ရက်က ကွတ်ခိုင်-ကောင်းခါးမြို့သစ်သွားလမ်းခွဲအနီး လမ်းမပေါ်တွင် လွယ်ခန်ကျေးရွာဘက်မှ အိုက်ဆမ်မွန်း မောင်းနှင်ပြီး အိုက်ရီလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ အိုက်ဆမ်မွန်း ဝတ်ဆင်ထားသည့် ဘောင်းဘီအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၇၀ နှင့် ဘိန်းဖြူ သုည ဒသမ ၀၀၇ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် အိုက်ဆမ်မွန်း( ၃၅ )နှစ်နှင့် အိုက်ရီ( ၄၂)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ရဲအရာရှိနှင့် ဗနီးတို့ကို ဖမ်းဆီးခေါ်ဆောင်သွားသူများအား ထောင်ဒဏ်ချမှတ်

**မိတ္ထီလာ နိုဝင်ဘာ ၂၇**

မိတ္ထီလာခရိုင် သာစည်မြို့မရဲစခန်းမှ ရဲအုပ်အာကာ(ခ) အောင်ဇော်ဦးသည် နိုဝင်ဘာ ၁၉ ရက်က မိတ္ထီလာအကျဉ်းထောင်တွင် မူးယစ်ဆေးဝါးမှုဖြင့် အချုပ်ကျနေသည့် စိုင်းပန်(၂၁)နှစ်နှင့် ထွန်းဝင်း(၃၂)နှစ်တို့ကို သာစည်တရားရုံး၌ အချုပ်ရမန်ထပ်ယူရန်အတွက် YGN 1H/----- ယာဉ်ဖြင့် ဇနီးဖြစ်သူ စောနှင်းဝေ၊ အဖော်မျိုးသီရိစံတို့နှင့်အတူ သာစည်မြို့သို့အလာ ကွမ်းခြံရိုးရွာအနီး၌ စိုင်းပန်နှင့် ထွန်းဝင်းတို့က လက်ထိတ်ဖြုတ်ပြီး ရဲအရာရှိအား လည်ပင်းညှစ်ခဲ့သည်။ ထိုစဉ် စိုင်းပန်၏အစ်ကို အိုက်ခန်းရောက်ရှိလာပြီး မျိုးသီရိစံအား ယာဉ်ပေါ်မှတွန်းချကာ သက်သေခံယာဉ်အား မောင်းနှင်၍ စိုင်းပန်၊ ထွန်းဝင်းတို့နှစ်ဦးနှင့်အတူ ရဲအရာရှိနှင့်ဇနီးတို့အား တင်ဆောင်၍ ရှမ်းပြည်နယ် ဟဲဟိုးဘက်သို့ ထွက်ပြေးခဲ့သည်။

မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စပ်နေလင်းဦးဆောင်၍ သာစည်မြို့နယ်ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ ကလော၊ အောင်ပန်း၊ ဟဲဟိုးမြို့များသို့ ပိုက်စိပ်တိုက် ရှာဖွေခဲ့ကြသည်။ ဤသို့ ရှာဖွေရာ စိုင်းပန်၊ ထွန်းဝင်းနှင့် ၎င်းတို့ကို ကူညီပေးသူ စိုင်းပန်၏အစ်ကို အိုက်ခန်းတို့အား နိုဝင်ဘာ ၂၀ ရက် ညက ကလောမြို့နယ်နှင့် တောင်ကြီးမြို့နယ်အတွင်းမှ ၂၄ နာရီအတွင်း ပြန်လည်ဖမ်းဆီးရမိခဲ့သည်။ ရဲအရာရှိ အောင်ဇော်ဦးကိုလည်း ပြန်လည်တွေ့ရှိခဲ့သည်။

ထို့ကြောင့် စိုင်းပန်နှင့် ထွန်းဝင်းတို့အား သာစည်ရဲစခန်းက နိုဝင်ဘာ ၂၁ ရက်တွင် တရားခံပြေး ပုဒ်မ-၂၂၄ ဖြင့်လည်းကောင်း၊ အိုက်ခန်းအား ပုဒ်မ-၂၂၅ ဖြင့် အမှုဖွင့်ပြီး မိတ္ထီလာခရိုင်တရားရုံးတွင် တရားစွဲတင်ပို့ခဲ့သည်။ မိတ္ထီလာခရိုင်တရားရုံးက ရာဇဝတ်ကြီးမှု အမှတ် (၅၀/၂၀၁၅) ဖြင့် လက်ခံကြားနာခဲ့ပြီး နိုဝင်ဘာ ၂၃ ရက်က စိုင်းပန်နှင့် ထွန်းဝင်းတို့အား အလုပ်ကြမ်းနှင့် ထောင်ဒဏ်နှစ်နှစ်စီ ချမှတ်ခဲ့ကာ အချုပ်ကျနေသူများ လွတ်မြောက်ရန် ကူညီပေးသူ အိုက်ခန်းကိုလည်း ဆက်လက်ကြားနာစစ်ဆေးသွားမည်ဟု သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ဘောဂလိမြို့တွင် မတော်တဆ ဖုန်းပေါက်ကွဲမှုဖြစ်ပွား

**ဘောဂလိ နိုဝင်ဘာ ၂၇**

ကရင်ပြည်နယ် ဘားအံခရိုင် ဘောဂလိမြို့ ရေသိုးလေးကျေးရွာ၌ နိုဝင်ဘာ ၂၂ ရက် ညနေ ၄ နာရီခန့်က NGO အဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာနေပြည်သူများ အစည်းအဝေးပြုလုပ်နေစဉ် အစည်းအဝေးသို့ တက်ရောက်လာသည့် မိခင်နှင့်အတူပါလာသောကလေးငယ်က ဖုန်းကိုကစားနေသဖြင့် မိခင်က ပြန်လည်ကောက်ယူပြီး စားပွဲပေါ်သို့တင်စဉ် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်းနှင့် ဖုန်းပေါက်ကွဲမှုကြောင့် တစ်စုံတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

**ဘောဂလိ(ပြန်/ဆက်)**

# ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အဖြစ် အယောင်ဆောင်၍ ခရီးသည်တင်ယာဉ်များမှငွေတောင်းခံသူအား ဖမ်းဆီးအရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် (၂)ရပ်ကွက် ပြည်လမ်းကြက်ဆင်မုန့်တိုက်အနီးတွင် နိုဝင်ဘာ ၂၄ ရက် ည ၁၁ နာရီခွဲခန့်က ခရီးသည်တင်ယာဉ်လိုင်း ယာဉ်နောက်လိုက်များထံမှ ယာဉ်ထိန်းရဲယူနီဖောင်းဝတ် အမျိုးသားတစ်ဦးက ငွေတောင်းခံနေကြောင်း သတင်းအရ ကမာရွတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် တောင်ဆန်းကျေးရွာနေ ပိုင်မျိုးသူ(ခ)ကိုပိုင်(၃၂)နှစ်အား ယာဉ်ထိန်းရဲတပ်ဖွဲ့ လက်မောင်း တံဆိပ်ပါ အပေါ်အင်္ကျီအဖြူ နက်ပြာရောင် ဘောင်းဘီရှည်ဝတ်ဆင်လျက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အဖြစ် အယောင်ဆောင်ကာ ခရီးသည်တင်ယာဉ်များမှ ငွေတောင်းခံနေသည်ကို တွေ့ရှိရသဖြင့် ဖမ်းဆီးခဲ့ပြီး ၎င်းအား ကမာရွတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**(ကြေးမုံ)**





**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးမျိုးအောင်[၁၂/သဃက(နိုင်)၁၄၃၆၇၂]၏ ပထမတန်းစက်ခန်းအုပ် လက်မှတ်အမှတ် စမပ ၄၇/၂၀၀၃ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း ၀၉-၄၂၀၁၄၉၀၃၆

**အမည်ပြောင်း**

အဖ ဦးခင်ဦး[၁၂/တမန(နိုင်)၁၃၅၄၅၂]၏ သားဖြစ်သူ မောင်အောင်ထွန်းစံအား မောင်စိုင်းဝဏ္ဏထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်စိုင်းဝဏ္ဏထွန်း

**ဖိတ်ခေါ်ခြင်း**

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှကူညီသော LED Display Board များကို အမျိုးသားဇာတ်ရုံ (ရန်ကုန်) တွင် တပ်ဆင်ခြင်းလုပ်ငန်းများ ပြီးမြောက်ပြီဖြစ်၍ စမ်းသပ်ပြသမှုကို အဆိုပါဇာတ်ရုံ၌ ၂၈-၁၁-၂၀၁၅ရက်(စနေနေ့) ညနေ(၆)နာရီတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။ စမ်းသပ်ပြသမှုတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ ဖွင့်ပွဲ အခမ်းအနားမှတ်တမ်းတင် DVDကို (၂) နာရီကြာ ပြသသွားမည်ဖြစ်၍ စိတ်ပါဝင်စားသူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ **အနုပညာဦးစီးဌာန**

**၂၀၁၅ ခုနှစ် ဒီဇင်ဘာခရစ္စမတ်ပွဲတော်ဘုရားဖူး ဈေးဝယ်ခရီးစဉ်**

**ထားဝယ် – နယ်စပ် ထီးခီး နှင့် ( ကန်ချနာပူရီ / မြ ဘုရား )**

၂၄ – ၁၂ – ၂၀၁၅ မှ ၃၀ – ၁၂ – ၂၀၁၅ အထိ

**သုခမိန်စာပေ** 01 253079 / 09 51 55654 / 09 30184137

**ဦးရဲမင်းခိုင်(သင်္ချာ)** နွေဂတန်း(သင်္ချာ-အင်္ဂလိပ်စာ)

၁၆၅၊(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ်

**၁၀တန်းဘာသာစုံ စာမေးပွဲအနီးကပ်**

(မေးခွန်းအစုံ)လေ့ကျင့်တန်းခွဲနေ့စဉ်(၉း၃၀မှ ၂း၀၀ )သင်တန်းကြေး ၃လ=၁၈၀၀၀၀

TEL:09731 61140

**အထွေထွေကိုယ်စားလှယ်လွှဲစာ(GP) ပြန်လည်ရုပ်သိမ်းခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၃လမ်း၊အမှတ်(၈၆)နေ ဦးအောင်နိုင်သူဗစ်တာ(အဖ)ဦးချွန်စွဲ (၁၂/ဗတထ(နိုင်)၀၃၀၄၀၇)သည် ဒေါ်အေးသီတာအောင်ဗစ်တိုးရီးယား(ဘ)ဦးအောင်နိုင်သူဗစ်တာ(၁၂/မဂတ(နိုင်)၀၈၅၀၄၉) အား ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၃-၄-၂၀၁၂ရက်တွင် လွှဲအပ်ခဲ့သည့် မှတ်ပုံတင် ကိုယ်စားလှယ်လွှဲစာ စာချုပ် အမှတ် ၁၀၀၆၅/၂၀၁၂ ကို ယနေ့မှစ၍ အပြီးအပိုင် ပြန်လည်ရုပ်သိမ်းလိုက် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်နိုင်သူဗစ်တာ**
**အမှတ်(၈၆)၊ ၁၂၃လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ပျောက်ဆုံးကြောင်း** ကျွန်တော် ဦးသိန်းစိုး [၁၄/ဟသတ(နိုင်) ၂၂၂၆၇၂]၏ ပထမတန်းစက်ခန်းအုပ် လက်မှတ်အမှတ် စမပ ၂၄/၂၀၁၁ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း ၀၉-၄၂၀၁၄၉၀၃၆

**အထွေထွေကိုယ်စားလှယ်လွှဲစာ(GP) ပြန်လည်ရုပ်သိမ်းခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၃လမ်း၊အမှတ်(၈၆)နေ ဦးအောင်နိုင်သူဗစ်တာ(အဖ)ဦးချွန်စွဲ (၁၂/ဗတထ(နိုင်)၀၃၀၄၀၇)သည် ဒေါ်စန်းစန်းရီ(ဘ)ဦးကြည် (၁၂/မဂတ(နိုင်)၀၇၆၇၁၁) အား ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လွှဲအပ်ခဲ့သည့် မှတ်ပုံတင် ကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ် ၄၁၄၁/၁၉၉၃၊ ၁၀၈၈/၂၀၀၀၊ ၁၀၈၉/၂၀၀၀ နှင့် ၁၀၀၆၆/၂၀၁၂ တို့ကို ယနေ့မှ စ၍ အပြီးအပိုင် ပြန်လည်ရုပ်သိမ်း လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်နိုင်သူဗစ်တာ**
**အမှတ်(၈၆)၊ ၁၂၃လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**စက်ချုပ်သမားအလိုရှိသည်**

စင်တီမီတာနည်းဖြင့် အမျိုးသမီးဝတ်အင်္ကျီများ ချုပ်နိုင်သော အမျိုးသမီးဝန်ထမ်း (၂)ဦး အလိုရှိသည်။

ဆက်သွယ်ရန်-၀၉-၄၅၀၀၀၈၆၈၇၊ ၀၉-၉၇၇၂၇၈၅၈၁

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးသန်းဇေ၏ နိုင်ငံကူး လက်မှတ် အမှတ် A -468978 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း ၀၉-၄၅၀၀၀၆၄၀၁

**သွေးသည် အသက်**

သီရိစန္ဒာဆေးကုခန်းအဖြစ် စတင်တည်ထောင်ခဲ့သည်မှာ ၂၀၁၆ ခုနှစ်တွင် နှစ်ပေါင်း(၄၀) ပြည့်မြောက်မည် ဖြစ်ပါသည်။ စတင်တည်ထောင်စဉ် ၁၉၇၆ ခုနှစ်မှ စတင်ပြီး ယနေ့အထိ ဝန်ထမ်းအဖြစ်သော်လည်းကောင်း အချိန်ပိုင်းဆရာဝန် အထူးကုဆရာဝန်များအဖြစ်သော်လည်းကောင်း လုပ်ကိုင်ခဲ့သူများအားလုံး ပြန်လည်ဆုံတွေ့နိုင်ရန် စီစဉ်လျက်ရှိပါသည်။ ပတ္တမြားရတုတွင် အားလုံး စုံစုံညီညီ တွေ့ဆုံနိုင်ရန် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးကြပါရန် လေးစားစွာဖြင့် အသိပေးပါသည်။

THIRI SANDAR

သီရိစန္ဒာရုံးချုပ် – ၀၁ - ၆၄၄၈၀၀၊ ၆၄၀၃၆၆၊ ၆၄၂၂၈၉

ဆောင်းပါး

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာ ဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




### လူ့ဘောင်မှာ တွင်ကျယ်ဆဲ အကျင့်စရိုက်ဆိုး

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်အတွင်း ကျွန်တော်ကိုယ်တိုင် အကြိမ်ကြိမ်ရေးပြီးသား အကြောင်းအရာပေမယ့် ဘယ်လောက်ရေးရေး မရိုးနိုင်တဲ့ ကိစ္စ၊ ဥပဒေပြဋ္ဌာန်းပြီး မတားမြစ်လေသမျှ ကျွန်တော်တို့ လူ့ဘောင်မှာ တွင်ကျယ်နေလေဦးမယ့် ကိစ္စ ဖြစ်နေတော့လည်း မရေးမဖြစ် ရေးရပြန်ပါဦးတော့မယ်။

"အိမ်တွင်း အကြမ်းဖက်မှု"အကြောင်းပါပဲ။ တစ်ပတ်စာ သတင်းစာ ဆောင်းပါးလေးတစ်ပုဒ်နဲ့တော့ အဲဒီ ခေါင်းစဉ်အောက်မှာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြဖို့ ဘယ်လိုမှ မဖြစ်နိုင်တာမို့ အဲဒီခေါင်းစဉ်အောက်က ခေါင်းစဉ်ခွဲ ဖြစ်လေတဲ့ "အနာတရဖြစ်စေတဲ့နည်းနဲ့ ပြစ်ဒဏ်ပေးခြင်း" အကြောင်း အရာကိုပဲ အဓိက ဇောင်းပေး ဆွေးနွေး တင်ပြပါရစေခင်ဗျား။

အင်မတန် လူမဆန်၊ မယဉ်ကျေး၊ အောက်တန်းကျ၊ ကိုယ်ချင်းစာစိတ်ကင်းမဲ့လှတဲ့ ပြစ်ဒဏ်ပေးနည်း ဖြစ်လင့်ကစား လူ့အခွင့်အရေးကို တွင်တွင်ကိုင်တွယ်ပြောဆိုတတ်တဲ့ အမေရိကန်လို နိုင်ငံမျိုးမှာတောင် အကြမ်းဖျင်းအားဖြင့် အရွယ်ရောက်သူ ၆၅ ရာခိုင်နှုန်းဟာ ကိုယ်ထိလက်ရောက်နည်းနဲ့ အပြစ်ပေးတာကို သဘောတူ လက်ခံထားကြဆဲဖြစ်တာကို တအံ့တသြတွေ့ရပါတယ်။ အဲဒီနိုင်ငံတွေမှာက ပညာရှင်တွေ၊ သုတေသနတွေ၊ လေ့လာချက်တွေ၊ စစ်တမ်းတွေ အင်မတန်ပေါများတာမို့ သည်နည်းနဲ့ ပြစ်ဒဏ်ပေးတာဟာ အလုပ်မဖြစ်ဘူး၊ အခြေအနေကို ပိုဆိုးလာစေတယ်၊ ထိရောက်တဲ့ တခြားနည်းလမ်းကောင်းတွေ ရှိတယ်ဆိုတဲ့ အထောက်အထားတွေ ခိုင်ခိုင်လုံလုံ ရှိနေတဲ့ နိုင်ငံတွေပါ။ သည်ကြားထဲကပဲ ၆၅ ရာခိုင်နှုန်းဆိုတဲ့ ပမာဏက သည်ရှန့်ရင်းတဲ့ အပြုအမူကို လက်ခံနေကြတာဟာ အတော်တော့ အံ့အားသင့်စရာ ကောင်းလှပါတယ်။

အဲလိုနိုင်ငံမှာတောင် ညှဉ်းပမ်းနှိပ်စက်နည်းနဲ့ အပြစ်ပေးတာကို ၆၅ ရာခိုင်နှုန်းလောက်က လက်ခံနေသေးတယ်ဆိုရင် ကျွန်တော်တို့လို အရာရာ ခေတ်နောက်မှာ ကျန်ရစ်ခဲ့တဲ့ နိုင်ငံမှာ ဘယ်နှရာခိုင်နှုန်းလောက်က လက်ခံကျင့်သုံးနေမယ် ဆိုတာ မတွေးရဲစရာပါပဲ။

### လူတိုင်း မြင်သင့်တဲ့ ရိုက်နှက်အပြစ်ပေးခြင်းရဲ့ ဆိုးကျိုးတွေ

ညှဉ်းပမ်းနှိပ်စက်နည်းနဲ့ အပြစ်ပေးခြင်းရဲ့ အကျိုးအပြစ်နဲ့ ပတ်သက်လို့ တစ်ကမ္ဘာလုံးမှာ အင်မတန်ဩဇာကြီးတဲ့ သုတေသနတစ်ခု ရှိပါတယ်။ အမေရိကန်နိုင်ငံ၊ ခလံဘီယာတက္ကသိုလ်၊ ဆင်းရဲနွမ်းပါးသူ ကလေးသူငယ်များအတွက် နိုင်ငံလုံးဆိုင်ရာ ဗဟိုဌာနက ကလေးသူငယ် ဖွံ့ဖြိုးရေး စိတ်ပညာ ပါရဂူ Elizabeth Thompson Gershoff လုပ်ခဲ့တဲ့ သုတေသနဖြစ်ပါတယ်။ သူ့သုတေသန ဩဇာကြီးတာက အချက်အလက်တွေကို ၆၂ နှစ်ကြာ ကောက်ခံခဲ့တာဖြစ်သလို လေ့လာချက်ပေါင်း ၈၈ ခုကို အသေးစိတ် ပြန်ဆန်းစစ်ထားတဲ့ သုတေသန ဖြစ်လို့ပါပဲ။ သည်သုတေသနရဲ့ အစီရင်ခံစာက ၂၀၀၈ ခုနှစ်မှာ ထွက်လာပါတယ်။ ဒါ့အပြင် သူ့ထက် နှစ်နှစ်စောပြီး ထွက်လာတဲ့ အစီရင်ခံစာ တစ်စောင်လည်းရှိပါသေးတယ်။ အဲဒါကတော့ အမေရိကန်ပြည်ထောင်စု မစ်ရှီဂယ်(န်) တက္ကသိုလ်၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေပါမောက္ခ၊ အမျိုးသမီးများနဲ့ ကလေးသူငယ်များရဲ့ လူ့အခွင့်အရေး ဗဟိုဌာန ညွှန်ကြားရေးမှူး Susan H. Bitensky ရဲ့ စာတမ်းက ၂၀၀၆ ခုနှစ်က ထွက်လာခဲ့တာပါ။

သည်စာတမ်းနှစ်စောင်က ပေါ်ထွက်လာခဲ့တဲ့ အသေချာဆုံး အချက်ကတော့ ခန္ဓာကိုယ်ကို အနာတရဖြစ်စေတဲ့ နည်းနဲ့ ပြစ်ဒဏ်ပေးခြင်းဟာ ကလေးသူငယ်များရဲ့ ဖွံ့ဖြိုးမှု အဆင့်တိုင်းမှာ အထိတ်တလန့်ဖြစ်စရာ ကောင်းလောက်အောင် အန္တရာယ်များလှတယ်ဆိုတာပါပဲ။ သည်ဒဏ်ကို ခံခဲ့ရသူတွေ လူလားမြောက်လာတဲ့အခါမှာ နှုတ်ကြမ်း၊ ကိုယ်ကြမ်း ဖြစ်လာတယ်၊ အရွယ်မရောက်သေးခင်မှာ ပြစ်မှုသေးတွေ ကျူးလွန်တတ်တဲ့ လူဆိုးလေးတွေ ဖြစ်လာတယ်၊ လူတောမတိုးသလို ရာဇဝတ်မှု ကျူးလွန်တတ်တဲ့ အမူအကျင့်တွေ ရှိလာတယ်၊ မိဘနဲ့ သားသမီး ဆက်ဆံရေးတွေမှာလည်း အနှစ်မပါတော့ဘူး၊ စိတ်ကျန်းမာရေး ထိခိုက်လာတယ်၊ ပြီးတော့ ကိုယ်တိုင် အိမ်ထောင်ရက်သား ကျတဲ့အခါမှာလည်း ကိုယ့်အိမ်ထောင်ဖက်နဲ့ သားသမီးတွေအပေါ်မှာ ကိုယ်ထိလက်ရောက် နှိပ်စက်တတ်သူတွေ ဖြစ်လာပါတယ်။

### အကျိုးသက်ရောက်မှု

ခန္ဓာကိုယ်အနာတရဖြစ်စေတဲ့နည်းနဲ့ ပြစ်ဒဏ်ပေးမယ်ဆိုရင် ချက်ချင်းလိုက်နာသွားစေတဲ့ အကျိုးတစ်ခုတော့ ရှိတတ်ပါတယ်။ လူဆိုတာ ကိုယ့်အသားတော့ အနာမခံချင်ကြသူချည်းပဲမို့ အလွယ်တကူ လိုက်နာဖြစ်အောင် နှိပ်စက်ခြင်း၊ အကြမ်းဖက်ခြင်းက စွမ်းဆောင်နိုင်ပါတယ်။

အဲ-ဒါပေမယ့် အဲဒီလိုက်နာမှုဟာ ရေရှည်တည်တံ့တာမျိုးတော့ မဟုတ်ဘူးခင်ဗျ။ အသားနာမှာကို ကြောက်စရာမလိုတော့တာနဲ့ နာတုန်းကလိုက်နာခဲ့သမျှကိုပြန်ကျူးလွန်ဖြစ်ဖို့လည်း အင်မတန်လွယ်လှပါတယ်။

နောက်အကျိုးသက်ရောက်မှုကတော့ ရိုက်နှက်သူဟာ တဖြည်းဖြည်းနဲ့ တစ်ဖက်သား နာအောင် လုပ်ရတာကို သာယာမှန်းမသိ သာယာလာတော့တာပါပဲ။ အဲဒီကမှ ဆုံးမတယ်ဆိုတဲ့ အကြောင်းပြချက်ကိုသုံးပြီး နှိပ်စက်ညှဉ်းပမ်းအကြမ်းဖက်တဲ့အဆင့်ကို ပြောင်းသွားပါတော့တယ်။ ဒါအန္တရာယ်ပါပဲ။

### နိုင်ငံတကာအခြေအနေ

ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုနဲ့ ပတ်သက်ပြီး ကုလသမဂ္ဂ သဘောတူစာချုပ် လေး-ငါးစောင်ရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားတဲ့ ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်မှာတော့ ကလေးသူငယ်များကို ကိုယ်ထိလက်ရောက် အပြစ်ပေးခြင်းကို တားမြစ်ထားပါတယ်။ သို့ပင် သို့ငြား လက်မှတ်သာ ထိုးထားပေမယ့် လိုက်နာဆောင်ရွက်ပါ့မယ်လို့ သဘောတူ အတည်မပြုတဲ့ နိုင်ငံတွေထဲမှာ အမေရိကန် ပြည်ထောင်စုတောင် ထိပ်ဆုံးက ပါနေပြန်တာကတော့ သိပ်ကို စိတ်ပျက်စရာ ကောင်းလှပါတယ်။

တစ်ဖက်ကလည်း အိမ်တွင်းအပါအဝင် ဘယ်လို အခြေအနေမျိုးမှာမှ ကိုယ်ထိလက်ရောက် ပြစ်ဒဏ်ပေးခြင်းကို ဥပဒေနဲ့ အတိအလင်း တားမြစ်ထားတဲ့ နိုင်ငံက ၃၀ ရှိပါတယ်။ အဲဒီထဲမှာ ဆွီဒင်၊ ဂျာမဏီ၊ စပိန်၊ ဂရိ၊ ဗင်နီဇွဲလားနိုင်ငံတို့ ပါဝင်ပါတယ်။ နိုင်ငံပေါင်း ၁၀၀ ကျော်မှာတော့ ကျောင်းတွေမှာ ကိုယ်ထိလက်ရောက် ပြစ်ဒဏ်ပေးတာကို ဥပဒေနဲ့ တားမြစ် ပိတ်ပင်ထားကြပါပြီ။

သည်အချက်ကို ကြည့်မယ်ဆိုရင်လည်း အနာတရဖြစ်စေတဲ့နည်းနဲ့ ပြစ်ဒဏ် ပေးတာဟာ လူလက်မခံ၊ နတ်လက်မခံတဲ့ အမူအကျင့်ဆိုတာ ထင်ရှားနေပါပြီ။

### ရိုက်နှက်ဆုံးမပြီး သွန်သင်ချင်သပဆိုရင်

ဒါဖြင့် လုံးလုံး မရိုက်ရတော့ဘူးလား၊ ကလေးတွေ ဆိုးတာကို ဘယ်လို ထိန်းရမလဲလို့ စောဒက တက်စရာ ရှိပါတယ်။

ပြောရတာတော့ သိပ်မကောင်းဘူးဗျ။ ကလေးတွေ ဆိုးအောင် လုပ်ထားတာ လူကြီးမိဘတွေ ကိုယ်တိုင် ဖြစ်တာမို့ ရိုက်ချင်းရိုက် ကလေးကို မရိုက်ဘဲ ကိုယ့်ကိုယ်ကိုယ်သာ နာနာစပ်စပ် ရိုက်သင့်တယ်လို့သာ ပြောလိုက်ချင်တော့တာပဲ။ ဟုတ်တယ်လေ။ ကလေးဆိုတာ အားလုံးက အဖြူထည်လေးတွေပါ။ အဲဒီ အဖြူထည်လေးတွေကို အရောင်ဆိုးခဲ့တာက လူကြီးမိဘများနဲ့ ဖွဲ့စည်းထားတဲ့ ပတ်ဝန်းကျင်ပါ။

ကျောင်းတောင်မနေသေးတဲ့ ကလေးရဲ့ ပါးစပ်ထဲကို အဆဲစကားလုံးတွေ ရောက်လာတာ ဘယ်ကဖြစ်မယ် ထင်ပါသလဲ။ အိမ်ထဲကပဲဆိုတာ ရှင်းနေပါတယ်။ အဲဒါကိုမှ ကလေးကို မဆဲတတ်အောင် ရိုက်နှက် သွန်သင်မယ်ဆိုရင် သွန်သင်သူ လူကြီးမိဘလောက် စုတ်ပွဲတာ မရှိတော့ပါဘူးခင်ဗျား။

သည်ကြားထဲကမှ ရိုက်နှက်သွန်သင်ဖို့ လိုအပ်တယ်လို့ ယူဆရင် အောက်ပါ အချက်များကို ဂရုစိုက်သင့်ပါတယ်။ တချို့ ပညာရှင်တွေက ငယ်နုတဲ့ ကလေး လေးတွေကို နှိပ်စက်တာ မဟုတ်ဘဲ ပြစ်ဒဏ်ပေးတဲ့အနေနဲ့ ခပ်စပ်စပ်လေး ရိုက်မယ်ဆို ရိုက်နိုင်တယ်လို့လည်းဆိုကြတာမို့ သည်အချက်ကို ထည့်ရေးပေး လိုက်တာပါ။ ဒါမှလည်း နှစ်ဖက်မျှမယ် ထင်ပါတယ်။

(၁) ဆုံးမသူ ကိုယ်တိုင်မှာ ဒေါသမပါဖို့ အလွန်အရေးကြီးပါတယ်။

(၂) ရိုက်နှက်ဆုံးမမှု မလုပ်ခင်ကတည်းက ဘာကို ကျူးလွန်ရင် ရိုက်မယ်၊ ဘယ်နှချက် ရိုက်မယ်ဆိုတာကို ကြိုတင် ပြောကြားထားရပါမယ်၊ ပြောပြီးရင်လည်း ပြောတဲ့အတိုင်း လုပ်ရပါမယ်။ ပြောပြီးခါမှ ကိုယ်က စိတ်လက် ကြည်သာနေလို့ မရိုက်ဘဲထားရင် ကလေးက အဲဒီအမူအကျင့်ကို ပြန်ကျူးလွန်နေတော့မှာပါ။ ဘယ်ဟာက အမှား၊ ဘယ်ဟာက အမှန်ဆိုတာ ပိုင်းခြားနိုင်စွမ်း ရှိတော့မှာ မဟုတ်ပါဘူး။

(၃) ရိုက်နှက်ချိန်မှာ ကလေး ငိုမယ်ဆိုရင် ငိုခွင့်ပေးရပါမယ်။ အသံမထွက်နဲ့၊ ပိုနာမယ်ဆိုတာမျိုးလုံးဝ မလုပ်သင့်ပါဘူး။

(၄) ရိုက်ပြီးရင် ကလေးကို ချော့ရမှာ ဖြစ်သလို သူ့ကို မချစ်လို့ ရိုက်တာ မဟုတ်တဲ့အကြောင်း၊ သူ့ရဲ့ အမူအကျင့်ကို ပြုပြင်စေချင်လို့သာ ရိုက်တာ ဖြစ်ကြောင်း၊ သူသာ အမူအကျင့် ပြင်သွားမယ်ဆိုရင် နောက်ကို ရိုက်တော့မှာ မဟုတ်ကြောင်း ကလေးနားလည်အောင် ချိုချိုသာသာ ပြောသင့်ပါတယ်။

(၅) ယေဘုယျအားဖြင့် အသက် ခြောက်နှစ်ထက်ကြီးတဲ့ ကလေးတွေကို လုံးဝ မရိုက်သင့်တော့ပါဘူး။ သိတတ် နားလည်တဲ့ အရွယ်ကို ရောက်လာကြပြီ ဖြစ်လို့ပါပဲ။

### ကိုယ်ကြိုက်တာ ကိုယ်လုပ်ကြေး

အရင်တစ်ပတ်က ရေးခဲ့တဲ့ "ကိုယ်ကြိုက်တာ ကိုယ်လုပ်ကြေး"ကိုပဲ ပြန်သွားချင်ပါတယ်။ အသားနာတာကို ကိုယ်ကြိုက် ပါသလား။ ကြိုက်တယ်ဆိုရင် သူများကိုလည်း နာအောင် လုပ်ပေါ့ဗျာ။ အရှင်းကြီးပဲဟာ။ ကိုယ်ကလေးအရွယ်ငယ်ဘဝတုန်းက အရိုက်ခံခဲ့ရစဉ်အခါက ခံစားချက်တွေ၊ ကိုယ့်စိတ်မှာ ဖြစ်သွားတာတွေကိုလည်း ပြန်ဆင်ခြင်သင့်ပါတယ်။ ကိုယ်ရော အရိုက်ခံလိုက်ရလို့ အလုံးစုံ လိမ္မာလာလို့လား။ စာတော်လာလို့လား။ သေချာ ပြန်စဉ်းစားရင် မြင်လာပါလိမ့်မယ်။

ကျွန်တော်တို့ အားလုံးမှာ အဓိက လိုအပ်နေတာကတော့ "စာနာစိတ်" သာ ဖြစ်ပါတယ်။ စာနာစိတ်နဲ့သာ ဆက်ဆံသွားကြမယ်ဆိုရင် ယဉ်ကျေးတဲ့ လူ့ဘောင်၊ သာယာတဲ့ လူ့ဘောင်၊ ဖွံ့ဖြိုးတိုးတက်တဲ့ လူ့ဘောင် ဖြစ်လာမှာပါ။

ကြီးနိုင်ငယ်ညှဉ်းဆိုတာ တိရစ္ဆာန် သဘာဝဖြစ်ပါတယ်။ ခရီးသည်တင်ယာဉ်ကြီးတွေက အိမ်စီးကားငယ်လေး တွေကို မညှာဘဲ အတင်းတိုးတာမျိုးဟာလည်း ကြီးနိုင်ငယ်ညှဉ်းသဘောပါပဲ။

ကျွန်တော့်စာကို ဖတ်နေကြသူများ အားလုံးဟာ ကိုယ်ပိုင်အသိ ဉာဏ် ကိုယ်စီရှိကြသူချည်းပါပဲ။ လူမဆန်သူတွေလို့ အပြောခံချင်သူလည်း တစ်ယောက်မှ ပါမယ်လို့ မယုံကြည်ပါဘူး။ ဒါ့ကြောင့် ကျွန်တော် တင်ပြဆွေးနွေးခဲ့တာလေးကို မိမိတို့ ကိုယ်ပိုင်ဉာဏ်နဲ့ ဆင်ခြင်ပြီး လူဆန်ဆန် ကျင့်သုံးသွားကြမယ့်သူတွေချည်းပါပဲလို့ မမှိတ်မသုန် ယုံကြည်စိတ်ကို အားပြုလို့ မပြောရဲ ပြောရဲနဲ့ပဲ ဇွတ်မှိတ်ပြောလိုက်ရပြန်ပါပြီကောခင်ဗျား။

အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်ခုခုတော့ ရသွားလိမ့်မယ်လို့ မျှော်လင့်မိပါတယ် ခင်ဗျာ။

"ခန္ဓာကိုယ်ကို အနာတရဖြစ်စေတဲ့ နည်းနဲ့ ပြစ်ဒဏ်ပေးခြင်းဟာ ကလေးသူငယ်များရဲ့ ဖွံ့ဖြိုးမှုအဆင့်တိုင်းမှာ အထိတ်တလန့်ဖြစ်စရာ ကောင်းလောက်အောင် အန္တရာယ်များလှတယ်ဆိုတာပါပဲ။ သည်ဒဏ်ကို ခံခဲ့ရသူတွေ လူလားမြောက်လာတဲ့အခါမှာ နှုတ်ကြမ်း၊ ကိုယ်ကြမ်းဖြစ်လာတယ်၊ အရွယ်မရောက်သေးခင်မှာ ပြစ်မှုသေးတွေ ကျူးလွန်တတ်တဲ့ လူဆိုးလေးတွေ ဖြစ်လာတယ်၊ လူတောမတိုးသလို ရာဇဝတ်မှု ကျူးလွန်တတ်တဲ့ အမူအကျင့်တွေ ရှိလာတယ်၊ မိဘနဲ့ သားသမီး ဆက်ဆံရေးတွေမှာလည်း အနှစ်မပါတော့ဘူး၊ စိတ်ကျန်းမာရေး ထိခိုက်လာတယ်၊ ပြီးတော့ ကိုယ်တိုင် အိမ်ထောင်ရက်သား ကျတဲ့အခါမှာလည်း ကိုယ့်အိမ်ထောင်ဖက်နဲ့ သားသမီးတွေအပေါ်မှာ ကိုယ်ထိလက်ရောက် နှိပ်စက်တတ်သူတွေ ဖြစ်လာပါတယ်။"

# မြို့နယ်အသီးသီးတွင် စုပေါင်းမဟာဘုံကထိန် ပဒေသာပင် လှည့်လည်ပူဇော်ပွဲများကျင်းပ



မုံရွာအကျဉ်းထောင်မိသားစု မဟာဘုံကထိန်လှည့်လည်ပွဲ ကျင်းပစဉ်။ ဓာတ်ပုံ–ဖိုးချမ်း(မုံရွာ)

**မိုင်းယု**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယုမြို့တွင် မြို့လုံးကျွတ်စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို ကျင်းပရာ ပဒေသာပင်များအား မြို့ပတ်လမ်းတစ်လျှောက်မှ စတင်၍ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်သို့ နိုဝင်ဘာ ၂၅ ရက် နံနက်က စည်ကားသိုက်မြိုက်စွာ လှည့်လည်ခဲ့ကြသည်။

အဆိုပါ မြို့လုံးကျွတ်စုပေါင်း မဟာဘုံကထိန်ပွဲတော်တွင် ပဒေသာပင် ၁၃ ခု ရှိပြီး၊ အလှူငွေနှင့်ပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၂၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။ **ကိုကိုနိုင်(မိုင်းယု)**

**သာစည်**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့၏ (၉၆)ကြိမ်မြောက် မြို့လုံးကျွတ်စုပေါင်းမဟာဘုံကထိန်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် နိုဝင်ဘာ ၂၆ ရက်နံနက် ၈ နာရီက သာစည်မြို့ အမှတ်(၅) ရပ်ကွက် ရှင်မာလဲစေတီတွင် ကျင်းပခဲ့သည်။

(၉၆)ကြိမ်မြောက် မြို့နယ်လုံးကျွတ်စုပေါင်းမဟာဘုံကထိန်တွင် ကျောင်းတိုက်ပေါင်း ၁၈ ကျောင်းအတွက် လှူဒါန်းသည့် ငွေသားနှင့်ပစ္စည်း စုစုပေါင်းမှာ ကျပ်သိန်း ၃၃၀ ကျော်ဖြစ်ကြောင်းသိရသည်။ **မျိုးမင်း(သာစည်)**

**မုံရွာ**

မုံရွာအကျဉ်းထောင်မိသားစု၊ အကျဉ်းသား၊ အကျဉ်းသူများစုပေါင်းလှူဒါန်းသည့် စုပေါင်းမဟာဘုံကထိန် ပွဲတော်ကို မုံရွာမြို့ ရုံးကြီးရပ်ကွက် ရွှေသုဝဏ်ကျောင်းတိုက်တွင် နိုဝင်ဘာ ၂၆ ရက် တန်ဆောင်မုန်း လပြည့်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ကထိန်ပွဲကျင်းပပေးမှုအခြေအနေနှင့် ပတ်သက်ပြီး မုံရွာအကျဉ်းထောင်တာဝန်ခံ ဦးစီးအရာရှိ ဦးသိန်းလွင်က " အခါကြီး ရက်ကြီးတွေမှာ မုံရွာအကျဉ်းထောင်အတွင်းရှိ အကျဉ်းသား၊ အကျဉ်းသူတွေ၊ အကျဉ်းထောင်ဝန်ထမ်းနှင့် မိသားစုဝင်တွေ အများနည်းတူ ကုသိုလ်ကောင်းမှုလေးတွေ ပြုနိုင်အောင် ရည်ရွယ်ပြီး စုပေါင်းဆင်နွှဲနိုင်ရန် အခုလို ဘုံကထိန်ပွဲလေး ကျင်းပပေးခြင်းဖြစ်ပါတယ်။

"ထောင်ဝန်ထမ်းများ၊ မိသားစုများနှင့် အကျဉ်းသား၊ အကျဉ်းသူများ စုပေါင်းထည့်ဝင်လှူဒါန်းငွေ ငွေကျပ် ၁၅ သိန်း တန်ဘိုးရှိ ငွေသားနှင့် လှူဖွယ်ပစ္စည်းများကို ရွှေသုဝဏ်ကျောင်းတိုက် ဆရာတော်နှင့်သံဃာတော်များကို လှူဒါန်းခဲ့ခြင်းဖြစ်ပါတယ် "ဟု ပြောကြားခဲ့သည်။ **ဖိုးချမ်း(မုံရွာ)**

**ကနီ**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့တွင် မြို့နယ်လုံးဆိုင်ရာ (၁၈)ကြိမ်မြောက် စုပေါင်းမဟာ ဘုံကထိန်ပွဲတော်အတွက် မြို့ပေါ်ရပ်ကွက်များနှင့် မြို့နယ်ဌာနဆိုင်ရာအသီးသီးတို့မှ သူထက်ငါ ပဒေသာပင်များပြုလုပ်ဆင်ယင်ကာ နိုဝင်ဘာ ၂၅ ရက် နံနက်တွင် စည်ကားသိုက်မြိုက်စွာ လှည့်လည်ပူဇော်ပွဲ ကျင်းပခဲ့သည်။

"ကျွန်တော်တို့ ယခုနှစ်တွင် မြို့ပေါ်ရပ်ကွက်များနဲ့ဌာနဆိုင်ရာများက စုပေါင်းပြီး ပဒေသာပင်၂၇ပင် ရှိပါတယ်။ ပဒေသာပင်တစ်ခုမှာ အနည်းဆုံး ကျပ်ရှစ်သောင်းကနေ ကျပ်သုံးသိန်းကျော်အထိ ပါဝင်ပါတယ်။ ဆရာတော်၊ သံဃာတော်တွေကို တစ်ပါးကို ပဒေသာ ပင်တစ်ခုနှုန်း မဲနှိုက်ပြီးကပ်ပါတယ် ငွေသားနဲ့ လှူဖွယ်ပစ္စည်းတန်ဖိုးမှာ ကျပ် ၅၃ သိန်းဖြစ်ပါတယ်"ဟု ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောပြခဲ့သည်။ **ဆလိုင်း(ပြန်/ဆက်)**

**ကျောက်မဲ**

ရှမ်းပြည်နယ် ကျောက်မဲခရိုင်၊ ကျောက်မဲမြို့တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ဒသမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို ၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် အလှူရှင်အသီးသီးတို့က လှူဒါန်းသောလှူဖွယ်ဝတ္ထု အစုစုတို့ကို ပင့်သံဃာ ၃၈ ပါးတို့အား ကပ်လှူပူဇော်ပြီး၊ ပဒေသာပင် ၆၂ပင်နှင့် အခြားဝတ္ထုငွေစုစုပေါင်းတန်ဖိုး ၁၆၁၆၆၁၅၀ အား လှူဒါန်းခဲ့သည်။ **မြင့်အောင်**

**ကျောက်တံခါး**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော စတုတ္ထအကြိမ်မြောက် ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏စုပေါင်းမဟာဘုံကထိန်ပွဲကို ကျောက်တံခါးမြို့ကွင်းတောင်ရပ်ကွက်ရှိ ကိုးနဝင်းဘုရားကျောင်းတိုက်တွင် နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ စုပေါင်းမဟာဘုံကထိန်ပွဲတော်တွင် ဌာနဆိုင်ရာများနှင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများမှ စုပေါင်းလှူဒါန်းသည့် ငွေပဒေသာပင်နှင့် လှူဖွယ်ဝတ္ထုငွေကျပ် ၂၆ သိန်းကျော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းမျိုးစုံတန်ဘိုးငွေကျပ် ၂၇ သိန်းကျော် စုစုပေါင်း ကျပ်၅၃သိန်းကျော်အား နိုဝင်ဘာ၂၅ ရက် ညနေပိုင်းက ကိုးနဝင်းဘုရားကျောင်းတိုက်သို့ သွားရောက်လှူဒါန်းခဲ့သည်။ **ခင်ကို(ကျောက်တံခါး)**

**ငဖဲ**

မင်းဘူးခရိုင် ငဖဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် မြို့မနှင့်ကျောင်းတွင်း ရပ်ကွက်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများ စုပေါင်း၍ မြို့လုံးကျွတ်ဘုံကထိန် ပဒေသာပင်လှည့်လည်ပွဲကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီက စီတန်းလှည့်လည်ကျင်းပပို့ဆောင်ခဲ့သည်။

အဆိုပါ ဘုံကထိန်ပွဲတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်များမှ ပဒေသာပင် ၂၆ ခု ပစ္စည်းတန်ဖိုး ကျပ် ၁၁၄၄၄၀၀၊ ငွေတန်ဖိုးကျပ် ၁၅၄၉၂၅၀ စုစုပေါင်းတန်ဖိုး ကျပ် ၂၆၉၃၆၅၀ စိုက်ထူလှူဒါန်းပြီး နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ကထိန်တရားတော်မြတ်ကိုနာယူပြီး ကထိန်ညှပ်သက်န်းနှင့် လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းခဲ့သည်။ **သန်းနိုင်ဦး(ငဖဲ)**



**မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်**
**နှစ် (၅၀) ပြည့် အထိမ်းအမှတ် ရွှေရတု အခမ်းအနားကျင်းပခြင်း**

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် စတင်တည်ထောင်ခဲ့သည့် နှစ်(၅၀)ပြည့် ရွှေရတု အခမ်းအနားကို ၂၀၁၆–ခုနှစ်၊ဇန်နဝါရီလ(၁)ရက်နေ့တွင် ကျင်းပမည် ဖြစ်ပါသည်။
အဆိုပါအခမ်းအနားတွင်
– မြန်မာ့သိုင်းသမိုင်းနှင့်သိုင်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲ
– သိုင်းပညာရပ်ဆိုင်ရာ မှတ်တမ်းဓါတ်ပုံပြပွဲ
– မြန်မာ့သိုင်းပညာရှင်ကြီးများ၏ မြန်မာ့သိုင်းပညာစဉ်ပြပွဲ
– သက်ကြီး သိုင်းပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ
စသည့် အစီအစဉ်များကို ထည့်သွင်းကျင်းပသွားမည် ဖြစ်ပါသဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိသိုင်းဆပ်ကော်မတီများ၊ရိုးရာသိုင်းပညာရှင်များ၊ သက်ကြီးသိုင်းပညာရှင်ကြီးများသည် (၇–၁၂–၂၀၁၅)ရက်နေ့ နောက်ဆုံးထားပြီး မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်သို့ ဆက်သွယ်ပေးပါရန် အကြောင်းကြားပါသည်။
ဆက်သွယ်ရန်လိပ်စာ–မောင်းမကန် ကန်သာယာလမ်း၊ မြောက်ဒဂုံမြို့နယ်။
ဆက်သွယ်ရန် =ဖုန်း ၀၉၄၂၀၀၇၆၇၁၁/ ၀၉၄၂၁၁၀၃၈၉၁
Email = mtfthaing66@gmail.com
မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်






ပြည်တွင်းရေးရာ

## လဲချားတွင် အရန်သားဖွားဆရာမသင်တန်းဆင်းပွဲကျင်းပ

**လဲချား နိုဝင်ဘာ ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် အာရ်အိုင် (Relief International) တို့ပူးပေါင်းဖွင့်လှစ်သော အရန်သားဖွားဆရာမ သင်တန်းအပတ်စဉ်(၁) ဆင်းပွဲကို လဲချားမြို့နယ် ပြည်သူ့ဆေးရုံ သံဃာဆေးကုသဆောင်၌ နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုရရှိသူ သင်တန်းသူသုံးဦးအား ဆုများချီးမြှင့်ခဲ့သည်။

ဝမ်ယိမ်းကျေးရွာအုပ်စုမှ သင်တန်းသူ နန်းခမ်းဆာက "သင်တန်းမှာ အရေးပေါ်ကလေးမွေးဖွားမှု၊ မွေးကင်းစကလေးပြုစုစောင့်ရှောက်မှု၊ ကိုယ်ဝန်ဆောင်စဉ်အန္တရာယ်၊မွေးဖွားစဉ်အန္တရာယ်နှင့် မွေးဖွားပြီးအန္တရာယ်ရှိမှုအတွက် ကျန်းမာရေးစောက်ရှောက်မှုပေးခြင်း၊ အသက်ငါးနှစ်အောက်ကလေး ကာကွယ်ဆေးထိုးနှံခြင်းနှင့် ရောဂါကာကွယ်ခြင်းလုပ်ငန်း၊ အရန်သားဖွားတစ်ယောက်ရဲ့ လုပ်ငန်းတာဝန်နှင့် ဆောင်ရန်၊ရှောင်ရန်ကိစ္စများ၊ ထားရှိရမည့်စိတ်နေစိတ်ထားတွေကိုပါ သင်ကြားပေးတဲ့အတွက်ရွာပြန်ရောက်တဲ့အခါမှာ သင်ကြားခဲ့တဲ့ ပညာရပ်တွေနဲ့ ရပ်ရွာအကျိုးကို ပါဝင်ဆောင်ရွက်သွားပါမယ်" ဟု ပြောပြခဲ့သည်။ အဆိုပါသင်တန်းကို မေ ၁၄ ရက်မှ နိုဝင်ဘာ ၂၀ ရက်ထိ ခြောက်လကြာ ဖွင့်လှစ်ခဲ့ပြီး ကျေးရွာအုပ်စု ၁၉ အုပ်စုမှ သင်တန်းသူ ၂၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**မစု**

## ကြက်သွန်နီမပေါ်သေး၍ကြက်သွန်အဟောင်းဈေးနှုန်းမြင့်တက်

**ရေဦး နိုဝင်ဘာ ၂၇**

ရေဦးမြို့၌ ကြက်သွန်နီအသစ်မပေါ်သေး၍ ကြက်သွန်အဟောင်းဈေးနှုန်းများ စံချိန်တင်မြင့်တက်လျက်ရှိသော်လည်း ကြက်သွန်နီအသစ်များပေါ်လာပါက ဈေးကျနိုင်ခြေနည်းနေသေးကြောင်း သိရသည်။

ရေဦးမြို့နယ်တွင် မြစ်ရေအခြေအနေကိုကြည့်ပြီး စိုက်ရခြင်းကြောင့် ကြက်သွန်နီစိုက်ပျိုးသည့် တောင်သူနည်းပါးပြီး တခြားမြို့နယ်များက လာရောက်ရောင်းချသည့် ကြက်သွန်များကိုသာ အားကိုးနေရကြောင်း သိရသည်။

"ရေဦးမြို့နယ်မှာက ကြက်သွန်စိုက်တောင်သူနည်းတယ်။ မူးမြစ်ရေကြီး ရေလျှံမှုက ဆောင်းသီးနှံစိုက်ပျိုးချိန်မှာဖြစ်တာဆိုတော့ နောက်ထပ်စိုက်ပျိုးဖို့ မြစ်ရေအခြေအနေကိုစောင့်ကြည့်ပြီး အနည်းငယ်သာစိုက်ပျိုးနိုင်ကြတယ်။ နှစ်စဉ် ကြက်သွန်စိုက်တောင်သူအချို့ကလည်း အခြားသီးနှံပြောင်းလဲစိုက်ကြတယ်။

"အရင်နှစ်တွေကဆို အခုအချိန်ကြက်သွန်တွေလာသွင်းနေကြပြီ။ ဒီနှစ်မှာတော့ ကြက်သွန်မိတ်တောင်လှိုင်လှိုင်မပေါ်သေးတော့ အမိတ်ဈေးကလည်း ဥသုံးလုံးပါအမိတ်တစ်စည်းကို ကျပ် ၂၀၀ ရောင်းနေကြတယ်၊ အခြားမြို့နယ်တွေဖြစ်တဲ့ ခင်ဦး၊ ရွှေဘို၊ မုံရွာမြို့နယ်တွေကလည်း အဝင်နည်းနေဆဲဖြစ်တယ်။ ကြက်သွန်ဈေးနှုန်းက ပြီးခဲ့တဲ့လေးလလောက်ကတစ်ပိဿာကျပ် ၈၀၀ ကျော်ထိရောင်းနေပေမဲ့ အောက်တိုဘာလရောက်တော့ တဖြည်းဖြည်းနဲ့ တစ်ပိဿာကို ကျပ် ၃၇၅၀ ထိ မြင့်တက်ခဲ့တယ်။ လက်လီဆိုင်တွေမှာတော့ တစ်ပိဿာကျပ် ၄၀၀၀ နဲ့ ပြန်ရောင်းကြတယ်။

"ကြက်သွန်နီ ဈေးနှုန်းက အများဆုံးတက်မှ တစ်ပိဿာကျပ် ၁၀၀၀ ကျော်ပဲ။ ဒီနှစ်ကြက်သွန်ဈေးနှုန်းက မကြုံစဖူး စံချိန်တင်ဈေးနှုန်းအထိ မြင့်တက်လာပါတယ်။ ကြက်သွန်အသစ်မပေါ်သေးလို့ အဟောင်းဈေး မြင့်တက်လာတာလို့လည်း ပြောလို့ရပေမယ့်လည်း စိုက်ပျိုးသူနည်းပါးရင် အသစ်ပေါ်လာပါကလည်း ကြက်သွန်ဈေးနှုန်း သိသိသာသာကျနိုင် ဖွယ်မရှိနိုင်ပါ" ဟု သီးနှံပွဲရုံပိုင်ရှင် ဒေါ်သီတာက ဈေးကွက်အပေါ် သုံးသပ်ပြောပြခဲ့သည်။

**သန်းထိုက်(ရေဦး)**



## အိမ်မဲမြို့တွင် ကလေးများအား ပိုလီယိုကာကွယ်ဆေး (IPV) ထိုးနှံပေး

**အိမ်မဲ နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ၌ နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီတွင် ပိုလီယိုကာကွယ်ဆေး(ထိုးဆေး)ကာကွယ်ဆေးအသစ် (IPV) ထည့်သွင်းထိုးနှံခြင်းအစီအစဉ်အတွက် ဆေးရုံအုပ်ဆရာဝန်ကြီး ဒေါက်တာမျိုးကျော်အောင်က ကြိုတင်အသိပေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အိမ်မဲမြို့နယ်တွင် ဒီဇင်ဘာလမှစတင်ပြီး ပိုလီယိုကာကွယ်ဆေး(ထိုးဆေး) ကာကွယ်ဆေးအသစ်ကို အသက်လေးလအရွယ်ကလေးများကို ထည့်သွင်းထိုးနှံခြင်းအစီအစဉ်ကို ဆောင်ရွက်မည်ဖြစ်သည်။

"ပိုလီယိုအကြောသေရောဂါဟာ ပိုလီယိုပိုးရပ်ကြောင့် ဖြစ်ပွားတာဖြစ်ပြီး အလွန်ကူးစက်ပျံ့နှံ့လွယ်ပါတယ်။ ပိုလီယိုအကြောသေလူနာတစ်ဦးဖြစ်ပွားရင် အဲဒီကလေးရဲ့ပတ်ဝန်းကျင်မှာနေထိုင်တဲ့ ကလေးငယ် ၂၀၀ ကနေ ၁၀၀၀ အထိ ရောဂါလက္ခဏာမပြဘဲ ပိုလီယိုရောဂါကူးစက်နေပြီဖြစ်ပါတယ်။ ပိုလီယိုရောဂါဖြစ်ပြီဆိုရင် ဖျားမယ်၊ အန်မယ်၊ လက်၊ ခြေတွေနာကျင်မယ်၊ အားနည်းတာနဲ့ အကြောသေပြီး မသန်မစွမ်းဖြစ်မယ်၊ အကြောသေသွားတာကိုတော့ ပျောက်ကင်းအောင်ကုသလို့မရနိုင်ဘူး။ ဒါကြောင့် ကာကွယ်ဆေးဟာအကောင်းဆုံးပါ" ဟု အဆိုပါအခမ်းအနားတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးကျော်အောင်က ပြောသည်။

ပိုလီယိုရောဂါကာကွယ်ဆေးသည် အလွန်အန္တရာယ်ကင်းရှင်းပြီး ကာကွယ်ဆေးထိုးပြီးနောက် နေရာတွင် အနည်းငယ်နီမြန်းခြင်း၊ နာကျင်ခြင်းများသာရှိနိုင်ကာ ပြင်းထန်သော ဘေးထွက်ဆိုးကျိုးမရှိပါဟုသည့် စာသားများအပါအဝင် ရောဂါကူးစက်ပုံ၊ ပိုလီယိုရောဂါကာကွယ်ဆေးထိုးဆေး (IPV)၊ ဆေးထိုးရမည့်အချိန်တို့ပါဝင်သော အသိပညာပေးလက်ကမ်းစာစောင်များကို အခမ်းအနားတက်ရောက်လာသူများအား ကျန်းမာရေးဝန်ထမ်းများက ဝေငှခဲ့သည်။

အိမ်မဲမြို့ပြည်သူ့ဆေးရုံ ခုတင် ၅၀ တွင် ဆေးရုံတက်ကုသသောလူနာများ ဦးရေ ၁၀၀ အထက်မနည်း အမြဲလိုလိုရှိနေပြီး လက်ရှိတွင် ဆေးရုံအုပ်ဆရာဝန်ကြီးနှင့် လက်ထောက်ဆရာဝန်တစ်ဦး၊ အလှည့်ကျ နေ့ညမနားတန်း ကုသပေးနေကြရ၍ ဆရာဝန်အင်အားလိုအပ်နေကြောင်းလည်း သိရသည်။

**ဇော်ထက်(အိမ်မဲ)**

## ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံများအထွက်တိုးနိုင်

**ကျွန်းလှ နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အနောက်ခြမ်းကျေးရွာများတွင် မိုးကောင်းသောက်လယ်ယာမြေများဖြစ်သော်လည်း စပါးခင်းများ အောင်မြင်ကြသလို ဆောင်းသီးနှံဖြစ်သည့် မြေပဲ၊ နှမ်း၊ မတ်ပဲ၊ ပဲစင်းငုံသီးနှံများ အောင်မြင်၍ အထွက်တိုးနိုင်ကြောင်း သိရသည်။

"ဒီနှစ် ရာသီဥတုမှန်တော့ ဆောင်းသီးနှံတို့ကို စောစောစိုက်ရပြီး အပင်ကြီးထွား၍ အဖူးအပွင့်တွေနဲ့ အောင်လျက်ရှိပါတယ်။ ကျေးရွာတွေမှာ ထွန်ယက်ရာတွင် ထွန်စက်များအသုံးပြုလာကြပါတယ်။ လယ်သီးနှံနဲ့ ဆောင်းသီးနှံများ အထွက်တိုးနိုင်မှာဖြစ်ပါတယ်" ဟု တောင်သူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ကျေးရွာတွေမှာ မိမိတို့ပိုင်ယာမြေများသာမက ချောင်းရေကျပြီး မြေနုကျွန်းများပေါ် ရင်ပေါ်သလို မြေပဲ၊ နှမ်း၊ မတ်ပဲတို့အပြင် ဟင်းသီးဟင်းရွက်များ စိုက်ကြပါတယ်။ ဒီနှစ်ယာသီးနှံကလည်းဖြစ် ဈေးနှုန်းလည်းကောင်းဆိုတော့ တောင်သူတွေ ပင်ပန်းရကျိုးနပ်ကြပါတယ်" ဟု ရေယိမ်းကျေးရွာနေ တောင်သူဦးညွန့်မောင်က ပြောပြသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



# ရွှေပြည်ဆိပ်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် သံဃဒါနဆွမ်းလောင်းလှူပွဲကျင်းပ

**ဂန့်ဂေါ နိုဝင်ဘာ ၂၇**

ဂန့်ဂေါမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေပြည်ဆိပ်ဦးစေတီတော်တွင် နိုဝင်ဘာ ၂၃ ရက် နံနက်က အဆိုပါစေတီတော် မုခ်ဦးရှေ့၌ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ ကျင်းပ၍ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကျင်းပခြင်း၊ ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲကျင်းပခြင်း၊ ဆီမီးပူဇော်ပွဲကျင်းပခြင်း၊ ဓမ္မသဘင်များဆင်ယင်ကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတော်ပဋ္ဌာန်းပွဲတွင် နိုဝင်ဘာ ၂၃ ရက် နံနက်မှစတင်ကာ မြို့နယ်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရွှေပြည်ဆိပ်ဦး စေတီတော် ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မြို့ခင်းသာပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇဋိလ အမှူးပြုသည့် သံဃာတော် ၂၇ ပါးတို့က အသံမစဲရွတ်ဖတ်ပူဇော်ခဲ့ကြ၍ နိုဝင်ဘာ ၂၅ ရက်ထိ ရွတ်ပွားပူဇော်ကြသည်။

ပဋ္ဌာန်းအောင်ပွဲအထိမ်းအမှတ် သံဃဒါန ဆွမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက်တွင်ကျင်းပရာ ဘုရားအမှူးပြုသည့်သံဃာတော် ၂၀၄ ပါးတို့ ကြွရောက်တော်မူပြီး ပြည်သူ နှစ်သောင်းခန့် ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေမှုအခမ်းအနားကို ရွှေပြည်ဆိပ်ဦးစေတီတော် အာရုံခံတန်ဆောင်း၌ ပြုလုပ်ရာ ဇာဟောရွာမြောက် ကျောင်းဆရာတော် သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တသောမထံမှ ငါးပါးသီလကိုခံ ယူဆောက်တည်ကြ၍ ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။ **(၄၆၅)**



## မိတ္ထီလာမြို့၌ နှစ်စဉ်ကျင်းပမြဲ(၄၅)ကြိမ်မြောက် မသိုးသင်္ကန်းပြိုင်ရက်လုပ်ပူဇော်ပွဲကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၂၇**

မိတ္ထီလာမြို့၌ နဂါးရုံ မဟာဗောဓိစေတီတော် ဘဏ္ဍာထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၄၅)ကြိမ်မြောက် မသိုးသင်္ကန်းပြိုင် ရက်လုပ်ပူဇော်ပွဲကို နိုဝင်ဘာ ၂၅ ရက်ညနေ ၅ နာရီက နန်းတော်ကုန်းရပ်ကွက် အဆိုပါ ယင်းပြင်တော်၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်နှင့် ခရိုင်သာသနာရေးဦးစီးမှူး ဦးကိုကိုအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော မသိုးသင်္ကန်းပြိုင်ရက်လုပ်ပူဇော်ပွဲကို ပြိုင်ပွဲဝင်ကျေးရွာများ ဖြစ်သည့် သရက်တန်းကျေးရွာမှ မယ်ဟေမာ အဖွဲ့၊ကတ္တူကန်ကျေးရွာမှ ဂေါတမီအဖွဲ့၊ ရွာသစ်ကျေးရွာမှ ဝိသာခါအဖွဲ့၊ ကျောက်ပုံကျေးရွာမှ မယ်ယသော်အဖွဲ့နှင့် ညောင်ပင်လှိုကျေးရွာမှ သာမာဝတီအဖွဲ့ ငါးဖွဲ့မှ ရက်ကန်းစင်ငါးစင်ဖြင့် အလျား အသားတင် ၁၈ တောင်၊အနံ အသာတင် ၂၁ လက်မရှိ တိုင်ပင် ဖောက်ပင် အသားထူပြစ် မသိုးသင်္ကန်းများကို ပြိုင်ရက်လုပ်ပူဇော်၍ ရက်လုပ်ခဲ့သည်။

မသိုးသင်္ကန်းများကို စေတီတော်ဂေါပကနှင့် အကျိုးတော်ဆောင် လူငယ်အဖွဲ့မှ သင်္ကန်းတော် မီးကင်ပူဇော်ပြီး စေတီတော်၏ ပင်တိုင်အမြဲ အကျိုးတော်ဆောင် ဝိသာခါအမျိုးသမီးစက်ချုပ်အဖွဲ့မှ ဝိနည်းတော်နှင့်အညီ သင်္ကန်းချုပ်ပူဇော်ခဲ့ကြသည်။

၎င်းနောက် ချုပ်လုပ်ပြီး မသိုးသင်္ကန်းတော်များအား ဗုဒ္ဓရုပ်ပွားတော်များအား စေတီတော်ဂေါပကနှင့် အကျိုးတော်ဆောင် လူငယ်အဖွဲ့မှ ရွှေကြာပန်းများဖြင့် အလှဆင်ကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# စက်ရက်ကန်းနှင့်အတူ ချည်ဆေးဆိုးလုပ်ငန်းများ အလုပ်ဖြစ်လာ

**အမရပူရ နိုဝင်ဘာ ၂၇**

အမရပူရမြို့နယ်တွင် စက်ရက်ကန်းလုပ်ငန်းများကို တည်ထောင်မှုများလာပြီး အထည်ဈေးကွက် ပုံမှန်ဖြစ်ကာ အလုပ်ဖြစ်လာခြင်းကြောင့် စက်ရက်ကန်းလုပ်ငန်းအတွက် လိုအပ်သော ချည်ဆေးဆိုးသည့် လုပ်ငန်းများမှာလည်း အဆင်ပြေလာခဲ့သည်။



လက်မှုလုပ်ငန်း လက်ရက်ကန်းများမှသည် စက်ရက်ကန်းများ တည်ထောင်လုပ်ကိုင်မှု များပြားလာခဲ့ပြီး စက်ရက်ကန်းလုပ်ငန်းရှင်များမှာ သဲတောဝမ်းတွင်းထွက် ပြည်တွင်းဖြစ် စက်ရက်ကန်းစင်များကို အသုံးပြုကြကာ အိမ်တစ်အိမ်လျှင် စက်ရက်ကန်း ငါးစင်မှ ၁၀ စင်အထိ တည်ထောင်လုပ်ကိုင်ကြသည်။

ချည်ဆေးဆိုးလုပ်ငန်းတွင် စက်ရက်ကန်းလုပ်ငန်းပိုင်ရှင်မှ ချည်နှင့် ဆေးကိုပေးရပြီး ဆေးဆိုးသူမှာ လုပ်အားခရယူကြကာ လက်ရှိကာလ ချည် ၁၀ ပေါင်ထုပ် တစ်ထုပ်လျှင် ချည်ဆေးဆိုးခ ငွေကျပ် ၁၆၀၀ ဖြင့် လုပ်အားခယူလုပ်ကြကြောင်းသိရသည်။

"ချည်ဆေးဆိုးဖို့အတွက် ပထမဦးစွာ ချည်ထုပ်ကို ဆပ်ပြာနဲ့ ရေလျှော်ကြရတယ်။ ကျွမ်းကျင်မှုအလိုက် အုပ်စုလိုက်စုပေါင်းလုပ်ကြရပါတယ်။ ဆေးဆိုးရာမှာလည်း မဲဆိုးခြင်း (အမဲရောင်ဆိုးခြင်း)၊ အသွေးဆိုးခြင်း (အရောင်ဆိုးခြင်း)ဆိုပြီး နှစ်မျိုးရှိတယ်။ အသွေးအရောင်ဆိုးခြင်းမှာ ဂရုတစိုက်ပြုလုပ်ကြရတယ်။

"ဆပ်ပြာနင်းခြင်းမှအစ ဆေးဆိုးကော်စာယူညှစ်တဲ့အထိ ဂရုစိုက်ကြရတယ်။ မကျွမ်းကျင်ပါက ဆေးကွက်တာတွေ၊ ချည်ကွက်တာတွေ ဖြစ်ကြရတယ်။ အသွေးအရောင် ဆိုးရာမှာ ရိုးရိုး၊ အပြာ၊ အစိမ်း၊ ခရမ်းရောင်တွေ ဆိုးကြရတယ်။ အခြားအရောင်တွေကို ခံဆေး၊ ဖွင့်ဆေးများနဲ့ အရောင်ပြောင်းအောင် ပြုလုပ်ကြရတယ်။ ဒေသအခေါ် အားဖြင့် ဝမ်းတူးဆိုးတယ်လို့ခေါ်တယ်။

"ခံဆေး အဝါရောင်ဆိုးကာ ဖွင့်ဆေးအတွင်းထည့်လိုက်တာနဲ့ အနီရောင်ပြောင်းလဲသွားတတ်တယ်။ ချည်ဆေးဆိုးသူများမှာလည်း ချည်ပေးသည်မှ ချည်ဆေးရောင်ခြောက်သည်အထိ တာဝန်ယူပေးကြရတယ်။ ချည်တွေကို နေလှန်းရာမှာလည်း တစ်နေကုန် လှန်းကြရတယ်။ လှမ်းဝါးတစ်ဝါးဆိုရင် ချည်ငါးပေါင်တစ်ထုပ် လှမ်းနိုင်တယ်"ဟု ဆေးဆိုးသူ တစ်ဦးက ပြောပြသည်။

အဆိုပါ ချည်ဆေးဆိုးသူများသည် အနည်းဆုံး ငါးဦးမှ ၁၁ ဦးအထိ စုပေါင်းလုပ်ဆောင်ကြရပြီးလက်ရှိကာလတွင် စက်ရက်ကန်းလုပ်ငန်းများ များပြားလာခြင်းနှင့်အတူ ချည်ဆေးဆိုးလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိ ကြောင်း သိရသည်။ **တိမ်တမန်**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်
Tel:(067)414223

"ပုလဲရောင်းချပွဲ"

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၏ "(၃၄) ကြိမ် မြောက် မြန်မာ့ပုလဲရောင်းချပွဲ"ကို မြန်မာကျပ်ငွေစနစ်ဖြင့် ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၂၂ရက်မှ ၂၄ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၊ နေပြည်တော်တွင် ရောင်းချပါမည်။
၂။ မည်သည့်နိုင်ငံသားမဆို တက်ရောက်နိုင်ပါသည်။ ရောင်းချပွဲအစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် (အင်္ဂါနေ့)
(၉း၀၀-၁၆း၃၀)နာရီ — ပုလဲတွဲများ ပြသကြည့်ရှုခြင်း။
၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်(ဗုဒ္ဓဟူးနေ့)
(၉း၀၀-၁၆း၃၀)နာရီ — ပုလဲတွဲများပြသကြည့်ရှုခြင်း။
(၁၂း၀၀)နာရီ — တင်ဒါအမှတ်(၁)ပိတ်သိမ်းခြင်း၊
(၁၃း၀၀)နာရီ — တင်ဒါအမှတ်(၁)ကြေညာခြင်း၊
(၁၆း၀၀)နာရီ — တင်ဒါအမှတ်(၂)ပိတ်သိမ်းခြင်း၊
(၁၇း၀၀)နာရီ — တင်ဒါအမှတ်(၂)ကြေညာခြင်း
၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၂၄ရက်(ကြာသပတေးနေ့)
(၉း၀၀-၁၂း၀၀)နာရီ — ပုလဲတွဲများပြသကြည့်ရှုခြင်း။
(၁၂း၀၀)နာရီ — တင်ဒါအမှတ်(၃)ပိတ်သိမ်းခြင်း၊
(၁၃း၀၀)နာရီ — တင်ဒါအမှတ်(၃)ကြေညာခြင်း။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**



# ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး ဒေသတွင် ဆောင်းရာသီဝင်စပြုလာ၍ ဘောထုပ်စျေးသည်များ အရောင်းသွက်



**ကောလင်း နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးဒေသတွင် နှစ်စဉ်ဆောင်းရာသီဝင်စပြုချိန်တွင် ကောလင်းမြို့တွင်ဘောထုပ်အဝတ်အထည်များ ဝယ်ယူဝတ်ဆင်သူများပြားခြင်းကြောင့် ဘောထုပ်စျေးသည်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကောလင်းမှာက နှစ်တိုင်း နိုဝင်ဘာလဆန်းပိုင်း တန်ဆောင်မုန်းလပြည့်ကျော်အချိန်ဆိုရင် ဘောထုပ်အဝတ်အထည်တွေကို စျေးနှုန်းသက်သာတာကြောင့်စည်စည်ကားကားဝယ်နဲ့ လာရောက်ဝယ်ယူကြတယ်။ အထူးသဖြင့် အနွေးထည်ကို ဝယ်ယူကြတာများတယ်။ မနှစ်ကဆောင်းရာသီမှာ အိဘိုလာအသံကြောင့် ဝယ်ယူသူမရှိသလောက်ဖြစ်ခဲ့တော့ တော်တော်လေးကိုအခက်တွေ့ခဲ့ကြရပါတယ်" ဟု ဘောထုပ်ရောင်းချသူတစ်ဦးကပြောပြသည်။

"ကျွန်မတို့ဆိုရင် ဘောထုပ်ဆိုင်တွေကို သွားပြီး အတော်အသင့်ကောင်းမွန်းတဲ့ အထည်လေးတွေကို ရွေးပြီးဝယ်တယ်။ ပြီးရင် အိမ်မှာလျှော်ဖွတ်ပြီး မီးပူတိုက်ပြီး ကောလင်း၊ ဝန်းသို ပင်လည်ဘူးမြို့နဲ့ လမ်းပန်းဆက်သွယ်ရေးဝေးကွာတဲ့ရွာတွေကို သွားပြီး ရောင်းချတယ်။

"နောက် အဲဒီလိုရောင်းချတဲ့အခါအချို့လည်း ငွေနဲ့လက်ငင်းဝယ်သလို အချို့ကြတော့လည်း တစ်လပြည့်မှပေးတဲ့စနစ်နဲ့ဝယ်ကြတော့ ဘယ်လိုပဲဆိုဆို ဆောင်းရာသီကာလတစ်လျှောက်လုံး ဘောထုပ်အထည်လေးတွေရောင်းချရတာ အဆင်ပြေပါတယ်" ဟု ကျေးလက်ဒေသများ၌ ဘောထုပ်အထည်များသွားရောက်ရောင်းချသူတစ်ဦးက ပြောပြသည်။

ကောလင်းဒေသတွင် နှစ်စဉ်ဆောင်းရာသီရောက်တိုင်း သာမန်လက်လုပ်လက်စားအခြေခံလူတန်းစားများ၊ အလယ်အလတ်လူတန်းစားများအနေဖြင့် ဘောထုပ်ရောင်းချသည့်အဝတ်အထည်များထဲက အတော်အသင့်ကောင်းမွန်သော အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးလူကြီးဝတ်၊ အင်္ကျီဘောင်းဘီ၊ အနွေးထည်များကို စျေးနှုန်းသက်သာခြင်းကြောင့် ဝယ်ယူကြခြင်းဖြစ်ရာ ယခုနှစ်တွင် ဘောထုပ်ရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **စိုင်းလူမင်း**

## မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းကုသပေး

**ရေတာရှည် နိုဝင်ဘာ ၂၇**

နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးမှ မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဆွေဦးလွင် ဦးစီးသည့်အဖွဲ့သည် နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းမှစတင်၍ ဆွာမြို့ ဇီဝိတဒါနအခမဲ့ဆေးကုသခန်း၏အစီအစဉ်ဖြင့် မျက်စိဝေဒနာရှင်များအား ဆွာစက်ရုံပရိယတ္တိစာသင်တိုက် ဓမ္မာရုံအတွင်း၌ အခမဲ့စမ်းသပ်ကုပေးခဲ့သည်။

မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင် ၂၆၀ အားမျက်စိဝေဒနာများစမ်းသပ်ပေးခြင်း၊ မျက်မှန်များ အခမဲ့တပ်ဆင်ပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သည့်ဆေးဝါးများအား ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

"တောင်ငူကိုသွားပြရရင် ခရီးစရိတ်၊ စားစရိတ်စမ်းသပ်ခ၊ ဆေးဖိုး၊ မျက်မှန်အတွက်ကုန်ကျစရိတ်အနည်းဆုံး ငါးသောင်းလောက်ပါမှရတယ်။ အခုဒီမှာ အခမဲ့လာပြီးကုသပေးတဲ့ ဆရာဝန်ကြီးနဲ့ဝန်ထမ်းတွေ၊ အခမဲ့ဆေးကုသခန်းက ဒေါက်တာမောင်မောင်ထွေး နဲ့ ကော်မတီအဖွဲ့ကိုလည်း အရမ်းကိုကျေးဇူးတင်ပါတယ်" ဟု မျက်စိဝေဒနာရှင်ကိုသန်းဝင်းက ပြောသည်။ **ကိုလွင်(ဆွာ)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်း တမူး၌ဖွင့်လှစ်

**တမူး နိုဝင်ဘာ ၂၇**

မီးဘေးကြောင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုအန္တရာယ်မှ ကာကွယ်နိုင် ရန်ရည်ရွယ်၍ တမူးမြို့နယ်မီးသတ်ဦးစီးဌာနမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းအမှတ်စဉ် (၁/၂၀၁၅) ဖွင့်ပွဲကို နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနမှူးရုံးတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကိုမင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဟောပြောကြားခဲ့ပြီး အဆိုပါသင်တန်းတွင် တမူးမြို့ပေါ်ရှိရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ခဲ့သည်။

အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းအမှတ်စဉ် (၁/၂၀၁၅)၏ သင်တန်းကာလမှာ နိုဝင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၁၈ ရက်ထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး အဆိုပါသင်တန်းတွင် စာတွေ့အပြင် လက်တွေ့မီးငြိမ်းသတ်နည်းများကို ပို့ချခဲ့ကြောင်း သိရသည်။

**တမူးခရိုင်(ပြန်/ဆက်)**

## ဒီပဲယင်းမြို့နယ်တွင် ငွေချည်(၉) ချည်မျှင်ရှည်ဝါ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကျင်းပ

**ဒီပဲယင်း နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) မှ ကြီးမှူးကျင်းပသော တောင်သူပညာပေး ငွေချည် (၉) ချည်မျှင်ရှည်ဝါ ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက စိုင်ပြင်ကျေးရွာ တောင်သူဒေါ်ခင်ရှိန်၏ ဝါစိုက်ခင်းတွင် ကျင်းပခဲ့သည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) တိုင်းဦးစီးမှူး ဦးထွန်းရှိန်က ဌာနအနေနှင့် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးမှုစျေးကွက် ပီပီပြင်ပြင်ပေါ်ထွန်းလာရေး ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်နေမှုအခြေအနေများအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်ဦးစီးမှူး ဦးမြင့်လှိုင်က ငွေချည်(၉) ချည်မျှင်ရှည်ဝါမျိုး ထူးခြားချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုမာက ဝါစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ တစ်ဧကအထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်ပုံတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက်တောင်သူဒေါ်ခင်ရှိန်စိုက်ပျိုးထားသော ငွေချည်(၉) ချည်မျှင်ရှည်ဝါ (၂) ဧက စံပြကွက်စိုက်ခင်းပျိုးထားရှိမှုကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်နှင့် စိုက်တိုးမြှင့်အဖွဲ့ဝင်များ လက်တွေ့ကွင်းဆင်းပြသရာ တောင်သူ ၅၀ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **သိန်းထွန်း(ဒီပဲယင်း)**

Bro-best
BRO BEST FASHION SHOP
RE-OPENING CEREMONY
Date : November 29, 2015.
Time : 10:00 AM
Venue : SB-7/8, Corner of Strand Road & Ahlone Street, Sin Min Ward, Ahlone Townshiop, Yangon.
10% DISCOUNT
(EXCEPT JADE & JEWELLERY)
ON 29.11.2015 ONLY
AVAILABLE ITEMS:
JADE & JEWELLERY
(MOGOKE MINERALS)
TOYS & STATIONERY
BABY & MOM'S WEARS
BAG

MJ Travels & Tours
ပုဂံ (စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ။ Dec 4 -140,000
မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင် Dec 4 - 99,000
ခရီးစဉ်အားလုံးအတွက် ဟိုတယ်(၂)ညအိပ်နှင့် စရိတ်ငြိမ်း
09-780556687, 09-31464187, 09-782973786

နေရာကောင်းသောအိမ်နှင့်ခြံမြေအမြန်ရောင်းမည်
(၄၀'×၆၀')၊ သန်လျင်မြို့၊ ထန်းပင်ကုန်းလမ်း၊ ပတ်ဝန်းကျင်သန့်၊ စျေးနီး၊ ကျောင်းနီး၊ ရုံးနီး၊ ကားဂိတ်နီး၊ ရေ/မီး အစုံပါဝင်သည်။
ဖုန်း ၀၁-၂၀၀၄၉၇၊ ၀၉-၄၃၁၁၇၇၄၀

တိုက်ခန်းခြံနဲ့နေကြမယ်
09-250283165, 09-73135444, facebook-Zar Manee

iHOME CONDOMINIUM
28 , 29-NOV-2015
ပါရမီ စိန်ဂေဟာတွင် ရောင်းချပေးသွားမည်။
(၅)ခန်းသာရောင်းမည်။
အတိုးပေးရန်မလို
၁၀၄၀
ငွေချေစနစ်
လစဉ်
(၄)သိန်း
၂၀၁၈
အခန်းအပ်

TAXI ငှားမည်
အိမ်ပေး၊ CNG Probox
Ph:095505961

လုံးချင်းအငှား (၂၅)သိန်း
- မင်္ဂလာဒုံဥယျာဉ်မြို့တော်
- မြေ(၁၀၀×၁၀၀)ပေ
- 2RC, (၆၀×၆၀)ပေ
- 4MB, Ac, Ph, ပါကေး၊ ကားဂိုဒေါင်
Ph:09-5018390, 09-420056688

## မြန်မာနိုင်ငံရှေ့နေများ ကွန်ရက် အစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံရှေ့နေများကွန်ရက် နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

(၁) ကျင်းပပြုလုပ်မည့်နေ့
၁၉-၁၂-၂၀၁၅ရက်(စနေနေ့)နှင့် ၂၀-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)

(၂) ကျင်းပပြုလုပ်မည့်အချိန်
နံနက် ၉း၀၀ နာရီမှ ညနေ ၄း၀၀ နာရီထိ

(၃) ကျင်းပပြုလုပ်မည့်နေရာ
အမှတ်-၁၀/၁၂ မြေညီထပ်၊ (၅)ရပ်ကွက်၊ ၄၉ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

- ၁၉-၁၂-၂၀၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွက် အလုပ်အမှုဆောင် သစ်ရွေးချယ်တင်မြှောက်ခြင်း ပြုလုပ်ပါမည်။
- ၂၀-၁၂-၂၀၁၅ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးကို ကိုယ်စားပြုသော ရှေ့နေများကွန်ရက် အလုပ်အမှုဆောင်သစ်ကို ရွေးချယ်တင်မြှောက်မည်ဖြစ်ပါသည်။
- ထပ်မံသိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၀၉-၄၃၁၆၂၀၉၁၊ ၀၉-၈၆၃၂၆၂၅၊
၀၉-၃၀၁၈၂၃၂၂၊ ၀၉-၄၂၀၂၂၇၉၁၄

နာယကနှင့်အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံရှေ့နေများကွန်ရက်

# ကြိုးဆွဲရုပ်သေးရုပ်ကလေးများကို ခရီးသွားနိုင်ငံခြားသားများ စိတ်ဝင်တစားဝယ်ယူလျက်ရှိ

**ညောင်ဦး နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံယဉ်ကျေးမှုမြို့တော်ရှိ ထီးလိုမင်းလိုစေတီတော်ဘုရားရင်ပြင်တော်ပေါ်တွင် ခင်းကျင်းရောင်းချနေသော ကြိုးဆွဲရုပ်သေးရုပ်များကို အထူးစိတ်ဝင်တစားဝယ်ယူကြကြောင်းသိရသည်။

ယင်းကြောင့် ပုဂံယဉ်ကျေးမှုနယ်မြေသို့ လာရောက်ကြသည့် အမြို့မြို့အနယ်နယ်မှပြည်သူများ၊ ခရီးသွားနိုင်ငံခြားသားများမှာ ယင်းနယ်မြေကိုရောက်ရှိသည်နှင့် ကြိုးဆွဲရုပ်သေးရုပ်များကို ပထမဆုံးလှေ့လာဝယ်ယူတတ်ကြကြောင်း၊ ဝယ်ယူသည်အခါမှာလည်း မြန်မာငွေနှင့် ဒေါ်လာငွေများဖြင့်လည်း ဝယ်ယူတတ်ကြကြောင်း ရုပ်သေး ရုပ်ရောင်းချသူများကပြောသည်။

